BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစာ

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၁၀) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ | မြန်မာသက္ကရာဇ် (၁၃၆၈) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## အေအိုင်ဒီအက်စ်အန္တရာယ်တိုက်ဖျက်ရေး အမျိုးသားရေးတာဝန်တရပ်ဖြစ်လာ

မြန်မာနိုင်ငံတွင် HIV၊ AIDS အန္တရာယ်သည် အမျိုးသားရေးတာဝန်တရပ်ဖြစ်လာနေသော်လည်း ၎င်းရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စစ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု နည်းပါးကြောင်း လှုံ့ဆော်သူများက ဒီဇင်ဘာလ (၁) ရက်တွင် ဝေဖန်လိုက်သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ လူငယ်ဌာနခွဲက ဦးစီးဦးဆောင်ပြုလုပ်သော ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့အခမ်းအနားတွင် အဲန်အယ်လ်ဒီ လူငယ်တာဝန်ခံတဦးဖြစ်သူ မဖြူဖြူသင်းက "မြန်မာပြည်အခြေအနေကတော့ အစိုးရအနေနဲ့ကော အခြားအဖွဲ့အစည်းတွေအနေနဲ့ရော ပူးပေါင်းဆောင်ရွက်မှုအားနည်းနေတာကို တွေ့ရတယ်" ဟုပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူငယ်ခန့် ကူညီဆောင်ရွက်ပေးခဲ့သည့်အပြင် ရဟန်းသံဃာများ၊ ကျောင်းသားများ၏ ပူးပေါင်းမှုများလည်း ရရှိနေကြောင်း ဌာန၏ တာဝန်ခံတဦးဖြစ်သူ မဖြူဖြူသင်းကဆိုသည်။

မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ HIV၊ AIDS အန္တရာယ်သည် ပိုမိုကြီးမားလာနေသော်လည်း စစ်အစိုးရသည် ကိန်းဂဏန်းများကို မဟုတ်မမှန် လိမ်ညာထုတ်ပြန်နေသည်ဟုလည်း သူကဝေဖန်သည်။

နအဖကိန်းဂဏန်းများအရ မြန်မာနိုင်ငံမှာ ၂၀၀၅ ခုနှစ်အတွင်း HIV၊ AIDS ရောဂါစွဲကပ်သူအရေအတွက်သည် ယခင် (၅) နှစ်အတွင်း (၂ ‧ ၂) ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုအခါ (၁ ‧ ၃) ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု ဖော်ပြထားသည်။

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်



ဒီဇင်ဘာ (၁) ရက်နေ့က ကျင်းပသော ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့အခမ်းအနား

ဌာနခွဲ၏ HIV Section ကို ၂၀၀၂ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်အထိ လူနာ (၈၀၀)


မဖြူဖြူသင်း

HIV၊ AIDS ရောဂါပိုးတွေ့ရှိသူ (၃)သိန်း (၅) သောင်းကျော်ရှိကြောင်း နအဖကထုတ်ပြန်ထားသည်။

သို့သော် နိုင်ငံတကာကျွမ်းကျင်သူများက နအဖ၏ကိန်းဂဏန်းများသည် ယုံကြည်ရန်ခက်ခဲကြောင်း၊ မြန်မာနိုင်ငံ၏ အေ့စ်ရောဂါအခြေအနေသည် အိမ်နီးချင်းနိုင်ငံများသို့ပင် ခြိမ်းခြောက်လာနိုင်ကြောင်း သတိပေးကြသည်။

နိုဝင်ဘာလအတွင်းက နအဖ၏ မိတ်ဆွေ ပေါက်ဖော်၊ တရုတ်နိုင်ငံကျန်းမာရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အမှန်တကယ်

စာမျက်နှာ ( ) ကော်လံ ( ) သို့

## ရွှေတိဂုံဘုရားပေါ်က အင်္ဂါနေ့ဆုတောင်းပွဲများနှောင့်ယှက်ခံရ ဘုရားပေါ်ရောက်မတရားသော စစ်အာဏာကိုခေါင်းငုံ့မခံ


နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ဆုတောင်းလာသူများကို အာဏာပိုင်များက ရင်ပြင်ပေါ်တက်ရောက်ခွင့်မရအောင် အရှေ့ဘက် မုဒ်တခါးများကို ပိတ်ထားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့ကတည်းက အင်္ဂါနေ့တိုင်း ရွှေတိဂုံစေတီတော်သို့ ဝတ်ပြုဆုတောင်းကြသူများကို ဘုရားဂေါပကအဖွဲ့ဝင်များက နိုဝင်ဘာလအတွင်း ပိတ်ပင်တားမြစ်မှုများပြုလုပ်လာသည်။

နိုဝင်ဘာ (၂၈) ရက်နေ့က ဝတ်ပြုဆုတောင်းသူများ၏ ဝတ်ပြုဆုတောင်းပြီးချိန်တွင် ဆုတောင်းသူ (၂၀) ဦးအနက်မှ နော်အုန်းလှ ဦးသိန်းညွန့်၊ ကိုထွန်းထွန်းတို့ (၃) ဦးကို ဘုရားဂေါပကများက ခေါ်ယူတွေ့ဆုံခဲ့ပြီး၊ ဂေါပက ဦးမင်းထွတ်က ရွှေတိဂုံဘုရားပေါ်သို့ တက်ရောက်ဝတ်ပြုမည့်သူများလိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များသည် (၁၉၇၉) ကတည်းကရှိခဲ့သော စည်းကမ်းများဖြစ်ကြောင်း အစချီကာ နောင်တွင် ဆုတောင်းပွဲပြုလုပ်လိုလျှင် (၃) ရက်စောအကြောင်းကြားရန် ဆွေးနွေးခဲ့သည်။

ဂေါပကလူကြီး၏ တောင်းဆိုချက်နှင့်ပတ်သက်၍ နော်အုန်းလှက ယင်းအဆိုပြုတောင်းဆိုသောအချက်သည် ရွှေတိဂုံဘုရားပေါ်တွင် ဝတ်ပြုဆုတောင်းမည့် ဝတ်အသင်းအဖွဲ့များလိုက်နာရန်စည်းကမ်းဖြစ်သဖြင့် တဦးချင်းဆန္ဒဖြင့် လာရောက်ဆုတောင်းသော မိမိတို့နှင့်မသက်ဆိုင်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

နိုဝင်ဘာနောက်ဆုံးအပတ်ဆုတောင်းပွဲကို အာဏာပိုင်များသည် ယခင်ကဲ့သို့ ဆုတောင်းဝတ်ပြုမည့်သူများကို အနှောင့်အယှက်မပေးသော်လည်း ဘုရားစောင်းတန်းတလျှောက်တွင် အစောင့်များချထားပြီး လှုပ်ရှားမှုများကို စောင့်ကြည့်ခိုင်းထားကြောင်း နော်အုန်းလှကပြောသည်။

နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ဆုတောင်းလာသူများကို အာဏာပိုင်များက ရင်ပြင်ပေါ်တက်ရောက်ခွင့်မရအောင် အရှေ့ဘက်မုခ်ရှိသံတံခါးများကို ပိတ်ထားခဲ့သည်။

နိုဝင်ဘာလ (၂၁) ရက်နေ့တွင်လည်း ဘုရားရဲများနှင့် အာဏာပိုင်များက ရင်ပြင်ပေါ်တက်ရောက်ခွင့်မပေးသဖြင့် ဆုတောင်းဝတ်ပြုသူများသည် ဘုရားစောင်းတန်းအခြေရှိ ခြင်္သေ့ရုပ်ကြီးရှေ့တွင် စေတီတော်ဘက်သို့ ရည်မှန်းဝတ်ပြုခဲ့ရသည်။ ဘုရားရဲများနှင့် အရပ်ဝတ်များပါဝင်သော အနှောင့်အယှက်ပေးသူများအုပ်စုသည် ငြိမ်သက်စွာ ဝတ်ပြုသူများအနီးတွင် လက်ခုပ်လက်ဝါးတီးခြင်း၊ ရယ်မောခြင်း၊ အော်ဟစ်လှောင်ပြောင်ခြင်း စသည့်ရိုင်းပျသော အပြုအမူများဖြင့် အနှောင့်အယှက်ပေးခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဆုတောင်းဝတ်ပြုသူများအနက်မှ (၁၃) ဦးလက်မှတ်ထိုး၍ နအဖအကြီးအကဲ ဗိုလ်ချုပ်သန်းရွှေ၊ ဗိုလ်စိုးဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးတို့ထံ လိပ်မူ၍ နိုဝင်ဘာ (၂၂) နေ့စွဲဖြင့် တိုင်ကြားစာတစောင်ပေးပို့ခဲ့သည်။

၎င်းတိုင်ကြားစာကြောင့်ပင် နိုဝင်ဘာ (၂၈) ရက်နေ့ ဆုတောင်းပွဲကို ဂေါပကနှင့် အစောင့်များ အနှောင့်အယှက်မပေးတော့ဘဲ၊ ယဉ်ကျေးလာခြင်းဖြစ်နိုင်ကြောင်းကို နော်အုန်းလှကခန့်မှန်းသည်။

"အဲဒီနေ့ကတားတဲ့လူတွေ ဒီနေ့ဆိုရင် ချိုချိုသာသာပဲ။ ဂေါပကကလည်း ဘာတချက်ပြောလဲဆိုတဲ့အခါကျတော့ ကျနော်တို့ကတဲ့ အရင်ဖြစ်တာတွေကို ပြီးပြီးသားကိစ္စတွေ မပြောတော့ဘဲပေါ့နော်၊ ရှေ့ကို ပြေပြေလည်လည်နဲ့ တယောက်နဲ့တယောက် အဆင်ပြေအောင် သူတို့ပြောတာဖြစ်တယ်ဆိုတာကို အဲဒါကိုလည်းပြောတယ်" ဟု နော်အုန်းလှကပြောသည်။

ဆုတောင်းပွဲဖြစ်မြောက်ရေးအတွက် အဓိကဦးဆောင်နေသူတဦးဖြစ်သော နော်အုန်းလှသည် နိုဝင်ဘာလ (၂၇) ရက်နေ့ကလည်း ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကို သွားရောက်၍ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အား အင်္ဂါဆုတောင်းပွဲများ ပိတ်ပင်ခံရသည့်ကိစ္စကို စာဖြင့်လျှောက်ထားခဲ့သည်။

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

### အယ်ဒီတာ့အာဘော်

### "မှတပါးအခြားမရှိ"

ကုလသမဂ္ဂအတွင်းရေးမှူး လက်ထောက်အထွေထွေအတွင်းရေးမှူး မစ္စတာဂမ်ဘာရီသည် (၆) လအတွင်း ဒုတိယအကြိမ်မြောက်ခရီးစဉ်အဖြစ် နိုဝင်ဘာလအတွင်းက မြန်မာပြည်သို့ရောက်ရှိလာခဲ့ပြီး ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ရွှေမန်း စသည့် စစ်အစိုးရခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တနာရီနီးပါးတွေ့ဆုံခဲ့ပြီး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ အနိုင်ရပါတီ NLD မှ ထိပ်တန်းခေါင်းဆောင် (၇) ဦးနှင့် တွေ့ဆုံခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ပြောကြားချက်အရ စစ်အုပ်စုသည် ၎င်းတို့ပြောထား သောလမ်းပြမြေပုံ (၇) ချက်အတိုင်း အပြောင်းအလဲမရှိ ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရှိရသည်။ ထို့အပြင် မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်အတွင်း မင်းကိုနိုင်အပါအဝင် (၈၈) မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင် (၅) ကို စွဲချက်တင်လိုက်ပြီး၊ ၎င်းတို့ လွတ်မြောက်ရေးလက်မှတ်ထိုးတောင်းဆိုသူနှစ်ဦးကို ထောင်ဒဏ် (၁၄) နှစ် ချမှတ်ခဲ့သည်။ ယင်းကဲ့သို့သော စစ်အစိုးရ၏လုပ်ရပ်ကို မစ္စတာဂမ်ဘာရီ အားစစ်အစိုးရက ပြက်ရယ်ပြုခြင်းဖြစ်သည်ဟု ကျောင်းသားခေါင်းဆောင်တချို့က ထောက်ပြဝေဖန်ခဲ့သည်။

မှန်သည်။ စစ်အစိုးရသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ သံတမန်နည်းလမ်းကျစွာ တောင်းဆိုမှုကို လစ်လျူရှုလျက် "ငါ့ မြင်း ငါ့စိုင်းစစ်ကိုင်းရောက်ရောက်" လမ်းစဉ်ကို ကျင့်သုံးလျက်ရှိသည်။ ပြည်သူတရပ်လုံး ခါးသီးစွာခံစားနေရသော ဆင်းရဲဒုက္ခအဝဝကို လစ်လျူရှုလျက် "စစ်မင်းဆက်ထူထောင်ရေး" ကို မျက်ကန်းတစ္ဆေမကြောက် လုံးပမ်းလျက်ရှိသည်။ အရှက်ကင်းမဲ့စွာ လိမ်ညာဝါဒဖြန့်လျက် ဒီမိုကရေစီရေးဆောင်ရွက်သူများကို အင်အားသုံးဖြိုခွဲလျက်ရှိသည်။ စစ်အစိုးရ ယင်းလုပ်ရပ်များသည် အမျိုးသားသွေးစည်းညီညွတ်မှုကို ဖြိုခွဲရေးကိုဦးတက်လျက်ရှိပြီး တိုင်းပြည်အား ဆုံးမထင် နက်ရှိုင်းလှသည့် အန္တရာယ်ချောက်ကမ်းပါးကြီးဆီသို့ တွန်းပို့လျက်ရှိသည်။

နအဖစစ်အုပ်စု၏ ဆင်ခြင်တုံတရားကင်းမဲ့မှုကြောင့် တိုင်းပြည်ပြိုကွဲ ပျက်သုဉ်းမည့် အန္တရာယ်ကိုကာကွယ်ရန်တာဝန်မှာ ယနေ့ကာလ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ကို အထူးထောက်ပြရန်မလို။ အခက်အခဲအကြပ်အတည်းမျိုးမျိုးကြောင့်လည်းကောင်း၊ စကားရပ်ဖြင့်ဖော်ပြရန်မစွမ်းသည့် နအဖ၏ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးကြောင့် လည်းကောင်း ပြည်သူတရပ်လုံး၏ နအဖအံ့ကြွတိုက်ပွဲမှုကို သဏ္ဍာန်အရ ပြက်ပြက်ထင်ထင် မတွေ့မြင်ရသေးသော်လည်း ယင်းအခြေအနေပေါ်ပေါက်လာစေရေး ပကတိအခြေအနေများမှာ ပြည့်စုံနေပြီဖြစ်သည်။ ရေသည် သုညဒီဂရီစင်တီဂရိတ်မှ တဖြည်းဖြည်း အပူရှိန်တိုးလာရာ တရာဒီဂရီစင်တီဂရိတ်မှ ရေဆူလာရဘိသကဲ့သို့ တော်လှန်ရေးတရပ်သည်လည်း ပြည်သူလူထုမှ .... မှတပါးအခြားမရှိပြီ။ ရေဆူမှတ်၌ မလွဲမသွေ ဖြစ်ထွန်းရမည်သာဖြစ်သည်။ ဆိုလိုသည်မှာ ဆန္ဒအရမဟုတ်မူဘဲ ဘဝအရ ဆန့်ကျင်ဘက်အင်အားစုနှစ်ရပ်စလုံးမှ ရှေးလမ်းမရှိ၊ ထိပ်တိုက်တွေ့ကြရသည့် အချိန်အခါသည် မဝေးကွာလှသောအခြေအနေတရပ်တွင် ဖြစ်ထွန်းလာမည်သာဖြစ်ပေသည်။ ဤကားရှောင်လွှဲမရသော မြန်မာပြည်လက်တွေ့ အဓိကပဋိပက္ခမှ ပေါက်ဖွားလာသောအကြောင်းတရားပင်ဖြစ်သည်။

(၂၁) ရာစု စဦးပိုင်းဂလိုဗယ်လိုက်ဇေးရှင်း ဖြစ်စဉ်အရ ကမ္ဘာ့ဒေသအသီးသီး၌ ဖြစ်ပေါ်နေသောဖြစ်စဉ်တို့သည် တခုနှင့်တခု တစုံတရာနီးနွယ်ဆက်စပ်လျက် အပြန်အလှန်အကျိုးသက်ရောက်မှုရှိသည်ဆိုသည့်အချက်ကို ငြင်းပယ်၍မရ။ မြန်မာပြည်၏ ဖြစ်ပေါ်တိုးတက်မှုအစဉ်သည် နှစ်ဆယ့်တရာစု ကမ္ဘာ့ဖြစ်စဉ်တို့၏ အစိတ်အပိုင်းတပိုင်းမျှသာဖြစ်သည်။ သို့သော် ကာယကံရှင်ဖြစ်သည့် မြန်မာ့အမျိုးသားတို့ကသာ ယင်းကမ္ဘာဖြစ်စဉ်တွင် မည်သို့ဆောင်ရွက်ကြရမည်ကို ဆုံးဖြတ်ကြရမည်ဖြစ်ပေသည်။ ၂၁ ရာစုနှစ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဝိုင်းပယ်ခံရလျက် စစ်အုပ်စုအောက်တွင် ဂုဏ်သိက္ခာနိမ့်ကျနေရမည့် အဆင့်နိမ့်နိုင်ငံသားအဖြစ်ကို ရွေးချယ်မည်လော။ သို့တည်းမဟုတ် အခြားနိုင်ငံများနှင့်ရင်ဘောင်တန်းလျက် စစ်အုပ်စုကိုဖျက်သိမ်းကာ ဒီမိုကရေစီပြည့်ဝလျက် လွတ်လပ်ပြီး ဖွံ့ဖြိုးတိုးတက်သော၊ ဂုဏ်သိက္ခာရှိသော အဆင့်မြင့်နိုင်ငံသားအဖြစ်ကို ရွေးချယ်မည်လောဟူသည့် မေးခွန်းနှစ်ရပ်သည် ယနေ့ကာလ မြန်မာအမျိုးသားတို့အားစိန်ခေါ်လျက်ရှိသည်။ ယင်းရွေးလမ်းနှစ်လမ်းအနက် တလမ်းရွေးချယ်ရန် မှတပါးအခြားမရှိပြီဟု ဆိုရန်ရှိပါကြောင်း ....။

❖ ❖

## အဲန်အယ်လ်ဒီ၏ ကုလသမဂ္ဂသို့ အဆိုပြုချက် ထူးခြားမရှိသေး

မစ္စတာဂမ်ဘာရီ၏ မေလခရီးစဉ်ကတည်းက ကုလသမဂ္ဂသို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကြံပြုတောင်းဆိုထားသော မြန်မာနိုင်ငံရေးအတွက် အာဆီယံမှညှိနှိုင်းရေးမှူးတဦးခန့်ထားရေးနှင့် ပတ်သက်၍ ယခုတိုင် အကြောင်းပြန်ကြားခြင်း မရှိသေးကြောင်းသိရသည်။



ဦးအောင်ရွှေ

ဦးအောင်ရွှေလက်မှတ်ဖြင့် ပေးပို့ထားသောစာတွင် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်ဟောင်းတဦးဦးကို မြန်မာပြည်တွင် ရှေ့မတိုးသာနောက်မဆုတ်သာ ဖြစ်နေသောအခြေအနေကို ကြားဝင်စေ့စပ်ပေးရန်ပါရှိခဲ့သည်။

သို့သော် မစ္စတာဂမ်ဘာရီ၏အကြံပြုချက်ဖြစ်သော မြန်မာပြည်ရှိ ယူအန်ဒီပီဌာနအကြီးအကဲကို မြန်မာနိုင်ငံရေးတွင် ပိုမိုတက်တက်ကြွကြွပါဝင်စေခြင်းမျိုးကို အဲန်အယ်လ်ဒီကလက်မခံနိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောရေးဆိုခွင့်ပုဂ္ဂိုလ် ဦးလွင်က ဆိုသည်။

ကိုဖီအာနန်ထံ ပေးပို့သောစာတွင် ယူအဲန်ဒီပီ၏ လက်ရှိအရာရှိသည် ဘက်နှစ်ဘက်ကြားစေ့စပ်ရမည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကဲ့သို့သောကိစ္စမျိုးအတွက် အတွေ့အကြုံ၊ အတွေးအခေါ် မလုံလောက်ကြောင်း၊ မြန်မာပြည်တွင် အချိန်တချိန်အထိတာဝန်ထမ်းဆောင်ဖူးသူ မည်သူမဆို နအဖ၏ အကန့်အသတ်ဘောင်နှင့် အသားကျသွားသည့် အဖြစ်အပျက်များရှိကြောင်းပါရှိသည်။

ယူအဲန်ဒီပီအကြီးအကဲ ပက်ထရီက Petrie က ကုလသမဂ္ဂက မိမိအား မြန်မာပြည်တွင် လူသားဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များလုပ်ဆောင်ရန် တာဝန်ပေးအပ်ထားခြင်းထားဖြစ်သော်လည်း ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်နေသော အခြားကိစ္စရပ်များအတွက်လည်း တာဝန်ရှိသည်ဟု ပြောသည်၊

အဖွဲ့ချုပ်၏အကြံပြုချက်တွင် ယူအဲန်ဒီပီအရာရှိသည် ၎င်း၏မူလတာဝန်များနှင့်ပင် အလုပ်များနေသလောက်ရှိပြီးဖြစ်သဖြင့် ကုလသမဂ္ဂအနေဖြင့် ၎င်းအားနောက်ထပ်ကြီးလေးသောတာဝန်တခု မပေးအပ်သင့်တော့ကြောင်း ပါရှိသည်။

"ကျွန်ုပ်တို့၏ အမြင်သဘောထားအတိုင်းဆိုရလျှင် ကုလသမဂ္ဂအနေဖြင့် မြန်မာပြည်အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ လုပ်ဆောင်ရန် မသင့်တော်သော ယူအဲန်ဒီပီ၏ မည်သည့်အရာရှိမဆို တာဝန်မပေးအပ်သင့်ကြောင်း" အဖွဲ့ချုပ်၏စာတွင် ရှင်းရှင်းလင်းလင်းရေးသားထားသည်။ ❖

## တရားမျှတမှုအတွက်အသံ လူ့အခွင့်အရေးဆု ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်ချီးမြှင့်ခံရ

ထိန်းသိမ်းခံထားရသော ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်ကို Sounding Voice for Justice "တရားမျှတမှုအတွက်အသံ" လူ့အခွင့်အရေး ဆုချီးမြှင့်ကြောင်းကို အမေရိကန်ပြည်ထောင်စု အင်ဒီယားနားတက္ကသိုလ်နှင့် ပါဂျူးတက္ကသိုလ်တို့က နိုဝင်ဘာလကုန်ပိုင်းတွင် ကြေညာသည်။



ဖမ်းဆီးထိန်းသိမ်းခံနေရသော ကိုမင်းကိုနိုင်

အဆိုပါဆုအတွက် အမေရိကန်အခြေစိုက် The International Campaign for Democracy in Burma အဖွဲ့ကဦးဆောင်ကြိုးပမ်းခဲ့ပြီး ကိုမင်းကိုနိုင်နှင့်အတူ တရားမျှတမှုအတွက် အကြမ်းမဖက်တိုက်ပွဲဝင်နေကြသော (၈၈) မျိုးဆက်ကျောင်းသားအားလုံး၏ (၈) လေးလုံး ဒီမိုကရေစီတိုက်ပွဲကို အသိအမှတ်ပြုဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

ဆုပေးပွဲကို ဒီဇင်ဘာ (၁၀) ရက်နေ့ လူ့အခွင့်အရေးနေ့တွင် ကျင်းပမည်ဖြစ်ပြီး ကိုမင်းကိုနိုင်နှင့် (၈၈) မျိုးဆက်များ၏ နိုင်ငံရေးလှုပ်ရှားမှုများကို အသိအမှတ်ပြုမည်ဖြစ်သည်။

(၈၈) ဒီမိုကရေစီအရေးတော်ပုံတွင် ကျောင်းသားခေါင်းဆောင်အဖြစ် ဦးဆောင်ခဲ့သူ ကိုမင်းကိုနိုင်သည် အရေးအခင်းအပြီးတွင် အဖမ်းခံခဲ့ရပြီး ထောင်ထဲတွင် (၁၆) နှစ်အကျဉ်းကျခံခဲ့ရသည်။ ထောင်မှပြန်လွတ်ပြီး (၂) နှစ်အကြာ၊ လွန်ခဲ့သော (၂) လကျော်က အခြား (၈၈) ကျောင်းသားခေါင်းဆောင် (၄) ဦးနှင့်အတူ ပြန်ဖမ်းခြင်းခံခဲ့ရသည်။

❖



# လုံခြုံရေးကောင်စီက မြန်မာပြည်ကို အရေးယူတော့မည်

(၆၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီက မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေအပေါ် စိုးရိမ်ကြောင်းဆုံးဖြတ်ချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ကြိုဆိုလိုက်သည်။

အဓိကအားဖြင့် မြန်မာပြည်၏လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီထွန်းကားရေးတို့ကို ရှေ့ရှုသော အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်သည် အမျိုးသားဒီမိုကရေစီအဖွဲ့က အစဉ်တစိုက်ကြိုးပမ်းနေသော နိုင်ငံရေးရည်မှန်းချက်များ တူညီမှုရှိသဖြင့် လိုက်လှဲစွာကြိုဆိုကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၂) နိုင်ငံမှ ကိုယ်စားလှယ်အများစုတက်ရောက်သော ညီလာခံကြီးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်ကို အကြိမ်ကြိမ်ပယ်ချနေသော လက်ရှိစစ်အုပ်စုကို လုံခြုံရေးကောင်စီက အရေးယူဆုံးဖြတ်ချက်ချရေးရန် ဖိအားပေးသွားရန် သဘောတူခဲ့ကြခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရသူဦးမြင့်သိန်းက အဖွဲ့ချုပ်၏အမျိုးသားဂုဏ်သိက္ခာကိုရှေ့ရှု၍ မိမိနိုင်ငံသားအချင်းချင်းပြဿနာဖြေရှင်းရေးအတွက် အစဉ်တစိုက်အားထုတ်မှုများအပေါ် စာနာနားလည်ပေးကြသော ကမ္ဘာ့နိုင်ငံများကိုကျေးဇူးစကား ပြောကြားသည်။

"ကျနော်တို့အချင်းချင်း ဆွေးနွေးပြီးတော့ ဘယ်လိုအကောင်းဆုံး အဖြေရှာကြမလဲ၊ ကမ္ဘာ့အလယ်မှာ သိက္ခာရှိရှိနဲ့ ကျနော်တို့ ဘယ်လိုပူးပေါင်းပြီးတော့ ဗမာဆိုတဲ့နိုင်ငံဟာ ယဉ်ကျေးတယ်။ ကျနော်တို့ စည်းလုံးညီညွတ်မှုရှိတယ်။ ကြိုးစားနိုင်တဲ့အတိုင်းအတာတွေ ရှိတယ်ဆိုတာကို ပြသချင်တဲ့သဘောနဲ့ ကျနော်တို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။ ဒီအပေါ်မှာမူတည်ပြီးတော့ ဒီလိုဝိုင်းဝန်းပြီးတော့ ရပ်တည်ပေးခဲ့တဲ့နိုင်ငံများကို အမှန်တကယ်ကို အထူးကျေးဇူးတင်ပါတယ်"ဟု ၎င်းက ပြောသည်။

ဤအတောအတွင်း အမေရိကန်အစိုးရပြောရေးဆိုခွင့်ရသူ မက်ကောမက်ခ်က "မကြာခင်ရက်တွေမှာပဲ လုံခြုံရေးကောင်စီက မြန်မာပြည်ကိုအရေးယူဖို့ ဆုံးဖြတ်ချက်ချမယ့်ကိစ္စအပေါ်မှာ ဆွေးနွေးတော့မှာဖြစ်ပါတယ်"ဟု သတင်းထောက်များအားပြောကြားခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘော်တန်ကလည်း မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှုပြဿနာ၊ လူသန်းနှင့်ချီ၍နိုင်ငံစွန့်ခွာနေရမှုများ၊ အိပ်ချ်အိုင်ဗွီ (အေအိုင်ဒီအက်စ်)၊ တီဘီ၊ ငှက်ဖျားကဲ့သို့သော ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စစ်အစိုးရ၏တာဝန်ပျက်ကွက်မှုများကိုထောက်ပြ၍ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်နေသော မြန်မာအရေးကို လုံခြုံရေးကောင်စီက အရေးယူဆုံးဖြတ်ချက်ချရန် တိုက်တွန်းသည်။

ယင်းအရေးယူဆုံးဖြတ်ချက်အတွက် အမေရိကန်က အကြမ်းရေးဆွဲနေပြီး ယခုနှစ်မကုန်ခင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များထံ တင်ပြမည်ဖြစ်ကြောင်း သူကအသိပေးခဲ့သည်။

၎င်းမတိုင်ခင်က မြန်မာနိုင်ငံသို့သွားရောက်ခဲ့သော မစ္စတာဂမ်ဘာရီသည် လုံခြုံရေးကောင်စီ၏ တံခါးပိတ်ဆွေးနွေးပွဲတွင် မြန်မာ့ပြည်အရေး တွေ့ရှိချက်များကို အစီရင်ခံခဲ့သည်။ မစ္စတာဂမ်ဘာရီက သူ၏ခရီးစဉ်အတွင်း လွန်ခဲ့သော (၆) လ၊ မေလခရီးစဉ်နှင့် ထူးခြားစွာ အပြောင်းအလဲမတွေ့ခဲ့ရကြောင်း၊ မြန်မာပြည်တွင် သိသာခိုင်မာသော နိုင်ငံရေးတိုးတက်မှုများလုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း အစီရင်ခံခဲ့သည်။

နိုဝင်ဘာလဆန်းပိုင်းကသွားရောက်သော သူ၏ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖဗိုလ်ချုပ်မှူးကြီးတို့နှင့် တွေ့ဆုံခွင့်ရခဲ့သောမစ္စတာဂမ်ဘာရီသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ မြန်မာနိုင်ငံတွင် အားလုံးပါဝင်သော နိုင်ငံရေးဖြစ်စဉ်တရပ် လိုအပ်နေကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးနေသော အဖွဲ့များ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ရရေး၊ စစ်အစိုးရအနေဖြင့် အိုင်အယ်လ်အိုနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် ကရင်ပြည်နယ်ထိုးစစ်များ ရပ်တန့်ပေးရေးတို့အတွက် တောင်းဆိုခဲ့သည်။

သို့သော် လုံခြုံရေးကောင်စီ၏မြန်မာပြည်အပေါ် ဆုံးဖြတ်ချက်ချရေးသည် အဖွဲ့ဝင်နိုင်ငံများ၏ကိစ္စသာဖြစ်ကြောင်း မစ္စတာဂမ်ဘာရီက သတင်းထောက်များအားပြောကြားသည်။

အမေရိကန်အစိုးရသည် မြန်မာ့အရေး လုံခြုံရေးကောင်စီက အရေးယူရေးတွန်းအားပေးရာတွင် လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာပိုင်သော တရုတ်နှင့်ရုရှတို့၏ကန့်ကွက်မှုနှင့် ရင်ဆိုင်နေရသည်။

အန်စီဂျီယူဘီ (ခေါ်) ပြည်ပရောက်အစိုးရအဖွဲ့၏ ကုသလမဂ္ဂရုံးတာဝန်ခံ ဒေါက်တာသောင်းထွန်းက တရုတ်နိုင်ငံအနေနှင့် နအဖကို အကာအကွယ်ပေးရေးတွင် အကန့်အသတ်များရှိကြောင်း၊ မြောက်ကိုရီးယားနှင့် အီရန်အရေးများကိုကြည့်လျှင် လုံခြုံရေးကောင်စီတွင် တရုတ်နှင့်ရုရှတို့သည် အခြေအနေနှင့်လိုက်လျောညီစွာ အလျှော့ပေးခဲ့ရခြင်းများကို ဥပမာပေးသည်။

"နိုင်ငံတခုကို အကာအကွယ်ပေးတယ်ဆိုတာဟာလည်းပဲ အကန့်အသတ်နဲ့ဖြစ်တယ်။

ဘယ်နိုင်ငံကမှ မိမိရဲ့အကျိုးစီးပွားကို အထိခိုက်ခံပြီးတော့ မျက်နှာအပျက်ခံပြီးတော့ မကာကွယ်ဘူးဆိုတဲ့ သဘောထားမျိုးကိုလည်းတွေ့ရတယ်" ဟု မြန်မာပြည်ကို အရေးယူရေးမည့် ဆုံးဖြတ်ချက်ချနိုင်မည့်အလားအလာနှင့်ပတ်သက်၍ ဒေါက်တာသောင်းထွန်းက မှတ်ချက်ပေးသည်။ ❖


မြန်မာပြည်ကိုအရေး တိုင်ပင်ဆွေးနွေးနေသော လုံခြုံရေးကောင်စီအစည်းအဝေးတရပ်

# အာဆီယံ၏ပြည်တွင်းဝင်မစွက်ရေးမူ သမိုင်းအမှိုက်ခြင်းထဲရောက်မည်



ဖိလစ်ပိုင်သမတဟောင်း ဖိဒယ်လ်ရားမို့စ်

မြန်မာ့အရေးလှုပ်ရှားသော အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (AIPMC) မြန်မာနိုင်ငံဒီမိုကရေစီအရေးအတွက် ဖိလစ်ပိုင်နိုင်ငံရေးခေါင်းဆောင်များက ထောက်ခံကြောင်း ခေါင်းစဉ်တပ်ထားသော ကြေညာချက်တစောင်ကို ယခုလ (၉) ရက်နေ့က ထုတ်ပြန်သည်။

ဖိလစ်ပိုင် လွှတ်တော်နှစ်ရပ်လုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ရာတွင် လွှတ်တော်နှစ်ရပ်စလုံး၏ ဥက္ကဋ္ဌများက မြန်မာနိုင်ငံဒီမိုကရေစီရေးကို ထောက်ခံကြောင်း၊ မြန်မာပြည်ဒီမိုကရေစီရေးအတွက် လာမယ့်ထိပ်သီးအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံတွင်ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ကြသည်။

ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌကသူ၏ ထိပ်သီးအစည်းအဝေးမိန့်ခွန်းတွင် မြန်မာနိုင်ငံဒီမိုကရေစီရေးကို ထည့်ပြောကြားမည်ဖြစ်ကြောင်း အသိပေးခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံတွင် ပြင်းထန်သော တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်မည့်အန္တရာယ်ကြောင့်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသောအစည်းအဝေးကို ဇန်နဝါရီသို့ ရက်ရွှေ့လိုက်ရသည်။

AIPMC အဖွဲ့နှင့် လိုက်ပါသွားသော ပြည်ထောင်စုမြန်မာနိုင်ငံအဝေးရောက်ညွန့်ပေါင်းအစိုးရဝန်ကြီး၊ ဦးဘိုလှတင့်နှင့် ကွန်ဂရက်အမတ် (Mr. Mario Mayong Joyo Aguja) က နိုင်ငံတနိုင်ငံ၏ အမြင့်ဆုံးအခွင့်အာဏာရှိသူ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်လုံး၏ ဥက္ကဋ္ဌများက မြန်မာ့အရေးကို ထောက်ခံမှုပြသ,သဖြင့် အောင်မြင်သောခရီးစဉ်ဟု ယူဆကြောင်း ပြောသည်။

အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ်ကတည်းကဖွဲ့စည်းခဲ့ပြီး နှစ်ပေါင်း (၄၀) နီးပါးရှိလာပြီဖြစ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ယခုတိုင်မရှိသေးသဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်နေ့က မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သော (၁၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကအာဆီယံဒေသတွင်းထင်ရှားသူပုဂ္ဂိုလ်များနှင့် အာဆီယံပဋိညာဉ်စာတမ်းရေးအဖွဲ့ ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာအာလီအာလာတပ်စ် (Ali Alatas)၊ ဖိလစ်ပိုင်သမ္မတဟောင်း မစ္စတာ ဖီဒယ်လ်ရာမို့စ် (Fidel Ramos)၊ မလေးရှားဒုတိယဝန်ကြီးချုပ် တန်ဆရီ မူဆာဟီတမ် (Tan Sri Musa Hitam) တို့ပါဝင်ကြပြီး မြန်မာနိုင်ငံမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်သည်။

လက်ရှိရေးဆွဲနေသော ပဋိညာဉ်စာတမ်းတွင် နိုင်ငံတနိုင်ငံက အဖွဲ့၏စည်းမျဉ်းစည်းကမ်းများကို မလိုက်နာလျှင် ဒဏ်ခတ်အရေးယူခြင်းနှင့် အဖွဲ့မှထုတ်ပစ်ရေးအထိ အဆိုပြုထားကြောင်းကိုယခုလ (၇) ရက်နေ့ကပြုလုပ်သော အာဆီယံပဋိညာဉ်ရေးဆွဲရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် သမတဟောင်း ဖီဒယ်လ်ရားမို့စ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

အဆိုပါ ပဋိညာဉ်စာတမ်းပါဥပဒေ အတည်ဖြစ်လာရေးနှင့် ပတ်သက်၍ Mr. Mario Mayong Joyo Aguja က အပေါင်းလက္ခဏာဆောင်သောလမ်းကြောင်း၊ တိုးတက်မှုတခုအဖြစ်ယူဆကြောင်း အာဆီယံနိုင်ငံများအနေဖြင့်လည်း လက်ခံနိုင်စရာကိစ္စတရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများတွင် ပြည်တွင်းဝင်မစွက်ရေးပေါ်လစီဖြင့် အလုပ်မဖြစ်နိုင်ကြောင်းကိုအာဆီယံက ယခုအခါလက်ခံလာကြပြီဟုယူဆကြောင်း ပြောကြားသည်။

❖




**ဒီရေရဲ့ အဆုံးမှာ ...**

**ပြည်သူတွေဟာ လမ်းပေါ် ကိုရောက်လာမှာပဲ။**

**ဒါပေမဲ့ ဒီအချိန်မှာ မကျေနပ်မှုကြောင့်ဖြစ်လာတဲ့ ပြည်သူ့ရဲ့ ပေါက်ကွဲမှုဟာ နိုင်ငံရေးအသိအရတော့ မဟုတ်သေးဘူး။**

**ဒါကြောင့် ...**

**နိုင်ငံရေးအင်အားစုတွေက နိုင်ငံရေးရေချိန်ဖြစ်လာအောင် ပြောင်းလဲပေးရမယ် ...**

တိုင်းပြည်တခုရဲ့ နိုင်ငံရေးအပြောင်းအလဲဆိုတာ အဲဒီတိုင်းပြည်မှာရှိတဲ့ ပြည်သူတွေအပေါ်မူတည်တယ်။ ပြည်သူဆိုတာနိုင်ငံရေးမှာ ဦးဆောင်သူတွေမဟုတ်ပေမယ်လို့ နိုင်ငံရေးရဲ့ အခြေခံအုတ်မြစ်တွေဖြစ်တယ်။ နိုင်ငံရေးပုံစံအပြောင်းအလဲဖြစ်တိုင်း ဦးဆောင်သူတွေကြောင့်ချည်းပဲလို့ အများကပြောတတ်ကြပေမဲ့ ပြည်သူတွေရဲ့အခန်းကဏ္ဍ ထွန်းကားမှုကိုလိုက်လို့ အကောင်းအဆိုး ကွာဟမှုကတော့ သိပ်သိသာထင်ရှားတယ်။ ပြည်သူမပါတဲ့ အပြောင်းအလဲဟာ နိုင်ငံရေးအီလစ် (Elite) တွေရဲ့ အကျိုးစီးပွားကိုသာ ကိုယ်စားပြုတတ်လေ့ရှိတာကြောင့် ဒီလိုအခြေအနေမျိုးကို မကြာခဏဆိုသလို ကြုံတွေ့ရတတ်ပေမဲ့ ဒါဟာ သက်ဆိုးရှည်ခဲ့တယ်။ ဒါပေမဲ့လည်း တခါတရံမှာ အချိန်ကာလတခုထိအောင်တော့ ကြာတတ်တယ်။ (*နိုင်ငံရေးအီလစ်ဆိုတာဟာ တခုသောနိုင်ငံရေးအပိုင်းကာလတခုအတွင်း နိုင်ငံရေးလောကမှာ အထက်ပိုင်းကနေ တွင်ကျယ်နေသူတွေလို့ ဆိုလိုတယ်*)။

နိုင်ငံရေးစနစ်တခုဟာ ပြည်သူကို ကိုယ်စားမပြုဘူးဆိုရင် တည်ငြိမ်တိုးတက်မှု ဘယ်တော့မှမရနိုင်ဘူး။ ပြည်သူတွေရဲ့ လူမှုဘဝနဲ့ ကွာဟချက်သိပ်ကြီးမားလာတဲ့အခါမှာ ပြည်သူတွေရဲ့ ငြင်းပယ်ဖယ်ရှားတာကိုတောင် ခံရတတ်တယ်။ ဒါကြောင့်လည်း ဘယ်လိုနိုင်ငံရေးစနစ် (သို့) ပုံစံမျိုးကိုမဆို ရေရှည်တည်တန့်ခိုင်မာလိုရင် ပြည်သူတွေရဲ့လူမှုဘဝအပေါ်မှာပဲ အခြေတည်စဉ်းစားလုပ်ဆောင်ကြရလိမ့်မယ်။

ငါတကောကောတတ်တဲ့ တချို့တကိုယ်ကောင်းနိုင်ငံရေးအီလစ်တွေဟာ ပြည်သူကို အမြဲပဲလျစ်လျူရှုတတ်ကြတယ်။ နိုင်ငံရေးမှာ ဘယ်တော့မှ ပြည်သူလူထုကို အဓိကအခြေခံအဖြစ်ထည့်မတွက်ဘူး။ ပြောဆိုလုပ်ဆောင်မှုတိုင်းဟာလည်း အပေါ်ယံကြောထည့်သွင်းပြောဆို လုပ်ဆောင်တာမျိုးပဲရှိတယ်။

တိုင်းပြည်တပြည်ရဲ့ နိုင်ငံရေးနယ်ပယ်မှာတည်ငြိမ်ဖို့၊ တိုးတက်ဖို့ဟာ ပြည်သူလူထုရဲ့ဘဝကို လျစ်လျူရှုတဲ့ နိုင်ငံရေးအီလစ်တွေဦးဆောင်နေသမျှ ဘယ်တော့မှပုံစံကျမှာမဟုတ်ဘူး။ ဒီအတွက်ကြောင့်ပဲ တိုင်းပြည်တိုင်းရဲ့ နိုင်ငံရေးနယ်ပယ်မှာ အခြေခံကျတဲ့အပြောင်းအလဲဖြစ်ဖို့အတွက်ဆိုရင် ပြည်သူတွေရဲ့အင်အားဟာ အဓိကကျပြီး နိုင်ငံရေးသရုပ်မှန်ဖို့အတွက် ပြည်သူတွေရဲ့ဆန္ဒကပဲ ပြောင်းလဲစေတာဖြစ်တယ်။

ဒီအချက်နဲ့ပတ်သက်လာရင် ဗမာပြည်ရဲ့ ဖြတ်သန်းလာခဲ့ရတဲ့ နိုင်ငံရေးပြဿနာပေါင်းစုံနဲ့ ဒီကနေ့ထိအောင်ဖြစ်နေတဲ့ ပြည်တွင်း နိုင်ငံရေးအခြေအနေတွေဟာ ထင်သာမြင်သာရှိလွန်းလှတယ်။ ဗမာပြည်က ပြည်သူတွေဟာနှစ်ပေါင်းများစွာ နိုင်ငံရေးအိပ်မက်ဆိုးကြီးထဲ ဖြတ်သန်းလာရတဲ့အတွက် နအဖအပေါ်မှာ အကြောက်တရားရှိသလို၊ အမုန်းတရားလည်းရှိတယ်။ ရှုံကြောက်ကြီးလို့ပြောနိုင်တယ်။ ပြည်သူတွေဟာ သူတို့ရဲ့ လူမှုဘဝကိုကိုယ်စားပြုတဲ့ နိုင်ငံရေးပုံစံမျိုးကို ပြောင်းလဲချင်ကြတယ်။ လိုချင်ကြတယ်။ ဒါကြောင့် ပြည်သူကိုကိုယ်စားပြုချင်တဲ့ ဒီမိုကရက်တစ်အင်အားစုတွေကတော့ ပြည်သူကို ကိုယ့်ဘက်ကပဲလို့ အမြဲတွက်ထားကြတယ်။ သာမာန်အားဖြင့်တော့ဒီအမြင်ဟာ မှန်ကောင်းမှန်ပေမယ်လို့ ပြည်သူဟာ ဒီကနေ့အခြေအနေမှာတော့ သီးခြားခွဲထွက်ရမယ့် အနေအထားကိုရောက်နေပြီဖြစ်တယ်။

နိုင်ငံရေးသဘောတခုထဲနဲ့ ပြည်သူ့ရေချိန်ကို ကြည့်လို့မရဘူး။ အဓိကအားဖြင့် လူမှုဘဝအဆင့်နဲ့ပဲ ပြည်သူ့ရေချိန်ကိုတွက်ရမယ်။ ဘာကြောင့်ဆို အစိုးရတရပ်အပေါ်ထားတဲ့ ပြည်သူ့ရဲ့သဘောထားဟာ လူမှုဘဝရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တိုးတက်မှု ရှိမရှိဆိုတာတွေအပေါ်မှာ လိုက်ပြီးပြောင်းလဲလေ့ရှိတယ်။ သူတို့ဟာ အင်မတန်မှ လက်တွေ့ကျတယ်။ သူတို့ဘဝအပေါ်မှာ အခြေခံပြီးပဲ စဉ်းစားတယ်။ ပြည်သူဆိုတာ ထုထည်ကြီးမားလွန်းလို့ စတင်လှုပ်ရှားမှုဟာ နှေးကွေးတယ်လို့ ထင်ရပေမဲ့ အသက်ဝင်လှုပ်ရှားသွားတဲ့အချိန်မှာတော့ အားအရမ်းကြီးပြီး ရပ်တန့်နိုင်ဖို့ခက်တယ်။ ဒါကြောင့် နိုင်ငံရေးသမားတွေအနေနဲ့ ပြည်သူကို (ပြောင်းလဲမှုမဲ့ သဘော) ကိန်းသေနေရာကထားတွက်တာဟာ အင်မတန်မှားတဲ့ တွက်နည်းပဲဖြစ်တယ်။ ပြည်သူကိုတိုင်းပြည်ရဲ့ အဓိကအင်အားအဖြစ်တွက်ရင် အမြဲတမ်း ကိန်းရှင်နေရာမှာထားရတယ်ဆိုတာကို သိထားရမယ်။

ရုပ်ဝတ္ထုပိုင်းဆိုင်ရာချို့တဲ့မှုဟာ စိတ်ပိုင်းဆိုင်ရာအနှောင့်အယှက်ဖြစ်စေသလို စိတ်ပိုင်းဆိုင်ရာချုပ်တည်းမှုမဲ့သွားချိန်မှာတော့ ရုပ်ပိုင်း ဆိုင်ရာပေါက်ကွဲမှုကို ဖြစ်ပေါ်စေတယ်။ အဆုံးအထိအနင်းခံရတဲ့ပြည်သူဟာ ပေါက်ကွဲချိန်မှာပိုပြီး ကြောက်ဖို့ကောင်းတယ်။ မုန်းတီးမှု၊ နာကျည်းမှုနဲ့ လက်စားချေရေးလမ်းဘက်ကိုလျှောက်သွားလိမ့်မယ်။ နအဖရဲ့လုပ်ရပ်တွေဟာ တိုင်းပြည်အကျပ်အတည်းကို ပိုကြီးလာစေသလို ပြည်သူတွေအတွက်လည်း ဆင်းရဲတွင်းပိုနက်လာစေတယ်။ ဒါဟာတိုင်းပြည်ရဲ့ ပစ္စက္ခအနေအထားပဲ။ ဒီအချက်ကပဲ ပြည်သူ့ရဲ့ရေချိန်ကို မြင့်တက်လာစေလိမ့်မယ်။ ဒီရေရဲ့အဆုံးမှာ ပြည်သူတွေဟာ လမ်းပေါ်ကိုရောက်လာမှာပဲ။ ဒါပေမဲ့ ဒီအချိန်မှာ မကျေနပ်မှုကြောင့်ဖြစ်လာတဲ့ ပြည်သူ့ရဲ့ ပေါက်ကွဲမှုဟာ နိုင်ငံရေးအသိအရတော့ မဟုတ်သေးဘူး။ ဒါကြောင့် နိုင်ငံရေးအင်အားစုတွေက နိုင်ငံရေးရေချိန်ဖြစ်လာအောင် ပြောင်းလဲပေးရမယ်။ ပြောင်းလဲယူနိုင်ရမယ်။

ဘာကြောင့်လည်းဆိုရင် ပေါက်ကွဲမှုဟာ ဗရမ်းဗတာဆန်လွန်းရင် ရာဇဝတ်မှုနဲ့အကြမ်းဖက်မှုတွေဖက်ကို ထိန်းမနိုင်သိမ်းမရ၊ ကူးပြောင်းသွားနိုင်တဲ့အတွက် အချိန်မီထိန်းချုပ်နိုင်ဖို့ပဲဖြစ်တယ်။ ကနေ့အချိန်မှာ ပြည်သူတွေကြုံတွေ့နေရတာက နိုင်ငံရေးမျက်နှာစာမှာ ရှုပ်ထွေးပွေလီလွန်းတဲ့ နိုင်ငံရေးကျားကွက်တွေဟာ တဖြတ်ဖြတ်ရွေ့နေကြသလို အခြားတဖက်မှာ ပြည်သူတွေဟာ အသက်ရှင်နေထိုင်နိုင်ရေးကို အချိန်ပြည့်ရုန်းကန်နေရပြီး သူတို့ရဲ့ပြောင်းလဲလိုစိတ်ဟာ ပူးတုံ ခွာတုံဖြစ်နေရတယ်။ ဒါကြောင့် နိုင်ငံရေးလုပ်သူတွေဟာ ပြည်သူရဲ့အခြေအနေမှန်ကို ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်အောင် ကြိုးစားကြရလိမ့်မယ်။ ကိုယ်တွက်ထားတာတခုတည်းနဲ့ အစပြုလို့မဖြစ်ဘူး။ တဖက်မှာလည်း နိုးကြားတက်ကြွပြီး ပြည်သူကို ကိုယ်စားပြုလှုပ်ရှားနေကြတဲ့ ဒီမိုကရက်တစ်အင်အားစုတွေရဲ့ နိုင်ငံရေးရေချိန်နဲ့ ပြည်သူတွေရဲ့နိုင်ငံရေးရေချိန်ဟာ ပုံစံမတူသလို ထပ်တူကျဖို့မလွယ်ကူဘူးဆိုတာကို သတိပြုရမယ်။ ဒီနှစ်ခုကြားမှာ ရှိနေတဲ့ကွာဟချက် အခြေခံသဘောတွေ တူညီလာတဲ့အချိန်မှာ တော်လှန်ရေးတခု အလွယ်တကူ ပေါက်ဖွားနိုင်ပေမဲ့ လိုအပ်ချက်များစွာကို ဟန်ချက်ညီညီ ဖြည့်ဆည်းနိုင်လို့ အခြေအနေများစွာ ပေါင်းဆုံလာတဲ့အချိန်မှ ဒီလိုတူညီနိုင်မှာဖြစ်တယ်။ ဒ့ါအပြင် နိုင်ငံရေးပေါက်ကွဲမှုတိုင်း၊ အပြောင်းအလဲတိုင်းဟာ နိုင်ငံရေးအင်အားစုတွေနဲ့ ပြည်သူအကြားမှာ နိုင်ငံရေး ရေချိန်တူညီမှုရှိတာကြောင့်မဟုတ်ဘူး။ တခါတရံ တသားတည်းပေါင်းစပ်သွားနိုင်သလို တခါတရံကျတော့လည်း အတော်ကွာဟနေတတ်တယ်။ (တချို့အချိန်တွေမှာ ပြည်သူ့ရဲ့ရေချိန်ဟာ ဦးဆောင်မှုပေးနေတဲ့ အင်အားစုကို ကျော်လွန်နေတတ်တယ်။)

အခြေခံအားဖြင့်တော့ နိုင်ငံရေးအင်အားစုတွေရဲ့ရေချိန်ဟာ နိုင်ငံရေးနယ်ပယ်ရဲ့ သဘောသဘာဝမှာ တဖက်စောင်းနင်းဖြစ်မှုနဲ့ မတည်ငြိမ်မှုတွေကြောင့်ဖြစ်လာတဲ့ နိုင်ငံရေးရေချိန်မြင့်တက်မှုဖြစ်ပြီး ပြည်သူတွေရဲ့ရေချိန်ကတော့ အုပ်စိုးသူတွေရဲ့ ဖိနှိပ်ရက်စက်မှုနဲ့ နေ့စဉ် လူနေမှုဘဝတွေအပေါ် အဆင်ပြေမှုရှိအောင် ကိုယ်စားမပြုနိုင်တာကြောင့် မကျေနပ်လို့ပေါက်ကွဲထွက်လာတဲ့ ရိုးရှင်းတဲ့ခံစားချက်ကြောင့် ဖြစ်လာတဲ့ရေချိန်ပဲဖြစ်တယ်။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်စေ မြင့်တက်လာတဲ့ နိုင်ငံရေးရေချိန်ကို သဟဇာတဖြစ်အောင် ဖန်တီးယူနိုင်ဖို့ဟာ နိုင်ငံရေးသမားတွေရဲ့ တာဝန်ပဲဖြစ်တယ်။ အရှိန်အဟုန်နဲ့ စီးဆင်းလာတဲ့ ပြည်သူတွေရဲ့ ပေါက်ကွဲမှုရေစီးကြောင်းကို လမ်းကြောင်းမှန်နဲ့ ဦးဆောင်မှုပေးနိုင်မှသာ ကောင်းမွန်တဲ့အပြောင်းအလဲကို ဦးတည်နိုင်လိမ့်မယ်။ ဒါကြောင့် ဗမာနိုင်ငံရဲ့ လက်ရှိအနေအထားမှာ ဒီမိုကရက်တစ်အင်အားစုတွေဟာ နိုင်ငံရေးအပြောင်းအလဲအတွက် ပြည်သူအပေါ် တွက်ဆတိုင်း ပြည်သူကို ကိန်းရှင်နေရာမှာထားပြီး တွက်ဆရလိမ့်မယ်။ နအဖ၊ ဒီမိုကရက်တစ်အင်အားစု၊ ပြည်သူဆိုပြီး ပြည်သူကိုသီးခြား လွတ်လပ်တဲ့အင်အားစုကြီးအဖြစ်နဲ့ ရှုမြင်ကြရမယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရက်တစ်အင်အားစုနောက်ကျောက ပြည်သူဆိုပြီး ပြည်သူကို တသားထဲဖြစ်အောင် စည်းရုံးနိုင်စွမ်းမရှိပဲနဲ့ အမြဲတမ်းကိန်းသေအဖြစ်မြင်ပြီး အပိုင်တွက်ဆလုပ်ဆောင်ကြရင် ပြည်သူရဲ့ စစ်မှန်တဲ့ပူးပေါင်းပါဝင်မှု ဘယ်တော့မှမရနိုင်လို့ပဲ။

ဘယ်သောအခါမဆို ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒကို ရိုးသားစွာထုတ်ဖော်ခြင်းဖြစ်လို့ ဦးဆောင်မှုအခန်းကဏ္ဍကို ကိုယ်တိုင်အတွက် ထည့်မစဉ်းစားဘူး။ ဒါကြောင့်အင်အားကြီးပြီး ပေါက်ကွဲပြန့်ကျဲနေလိမ့်မယ်။ ဒါကိုမစုစည်းနိုင်ရင် သို့တည်းမဟုတ် ဦးဆောင်မှုမပေးနိုင်ပဲ ပြည်သူရဲ့နောက်ကအချောင်ခိုလိုက်နေလို့ကတော့ ဘယ်တော့မှအောင်မြင်မှုမရနိုင်ဘူး။ ပြည်သူ့နောက်မြီးဆွဲအဖြစ်နဲ့ပဲ အတိတ်သမိုင်းမှာ ကျန်ရစ်ခဲ့လိမ့်မယ်။ လက်တွေ့ဘဝမှာလည်း ပေါက်ကွဲမှုရဲ့ သူရဲကောင်းအများစုဟာ ပြန်လည်တည်ငြိမ်ရေးရအောင် မတတ်နိုင်ကြဘူး။ ဆန့်ကျင်ရဲတယ်ဆိုရုံနဲ့တော့ ပြည်သူရဲ့ဘဝကို ဦးဆောင်ဖို့ရာမဖြစ်နိုင်ပါဘူး။ ပြည်သူနဲ့လက်တွဲပြီး လမ်းပေါ်ထွက်သလို၊ ပြည်သူနဲ့ညှိနှိုင်းပြီး ငြိမ်းချမ်းရေးကို ဖန်တီးနိုင်ရမယ်။ သဘောကတော့ တော်လှန်ရေးနဲ့ တည်ဆောက်ရေးပဲဖြစ်တယ်။ ဒါကို နှစ်ဖက်လုံးမှာ အကောင်းဆုံးဖော်ဆောင်နိုင်သူဟာ ပြည်သူကိုဦးဆောင်သူ၊ ပြည်သူကလည်း ဦးဆောင်ဖို့ရာတောင်းဆိုတာကို လက်ခံတဲ့သူဖြစ်လိမ့်မယ်။

နိုင်ငံရေးပြောင်းလဲမှုကို ဖန်တီးနိုင်ဖို့ရာ ပြည်သူတွေရဲ့ နိုင်ငံရေးရေချိန်အမြင့်ဆုံးတက်ချိန်ကို အမိအရဆုပ်ကိုင်နိုင်ဖို့လိုအပ်တယ်။ အတိုဆုံးဖြစ်စဉ်အနေနဲ့ကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ဘဝမှာ စီးပွားရေးကျပ်တည်းကျဉ်းမြောင်းမှု မြင့်တက်လာပြီဆိုတာနဲ့တိုင်းပြည်တည်ငြိမ်မှု လျော့ကျလာပြီး ပြည်သူတွေရဲ့ အထွေထွေအကျပ်အတည်းဖြစ်မှုကို ဖောက်ထွက်မဲ့ ဦးတည်ရာလမ်းကြောင်းဟာ နိုင်ငံရေးပေါက်ကွဲမှုတခု (သို့) လူထုအုံကြွမှုတခုကို ဖြစ်ပေါ်စေမှာပဲဖြစ်တယ်။ ဒါ သံသယရှိစရာမလိုဘူး။ ဒီတော့ကာ နိုင်ငံရေးပြောင်းလဲမှုကို ဖန်တီးနိုင်ဖို့ရာ နိုင်ငံရေးအင်အားစု သက်သက်နဲ့မဖြစ်နိုင်သလို၊ ပြည်သူဟာ နောက်ပါအင်အားစုမဟုတ်ပဲ ပူးပေါင်းအင်အားဆိုတာကို ရှင်းရှင်းလင်းလင်းတွေ့မြင်လာနိုင်တယ်။ ပစ္စုပ္ပန်ကာလမှာဆိုရင်လည်း ဗမာနိုင်ငံရဲ့နိုင်ငံရေးသမိုင်းဘီးဟာ အချိုးအကွေ့တခုကို အပြင်းအထန်တောင်းဆိုနေပြီ။ ဒီမိုကရက်တစ်အင်အားစုတွေအနေနဲ့ ပြည်သူရဲ့အားကို မိတ်ဖက်အနေအထားကတဆင့် စုစည်းခိုင်မာတဲ့ တသားတည်းပေါင်းစည်းမှုကို အရယူနိုင်မှသာ တကယ့်နိုင်ငံရေးပြောင်းလဲမှုကိုရနိုင်မှာဖြစ်တယ်ဆိုတာကိုလည်း ထင်သာမြင်သာရှိနေပါပြီ။ ဒီအတွက်ကြောင့် နိုင်ငံရေးဖြစ်စဉ်တခုလုံး အကောင်းဆုံးဖက်ကို ပြောင်းလဲနိုင်မှုအတွက် ပြည်သူကို အဓိကထားရှုမြင်သုံးသပ်ပြီး အရေးအကြီးဆုံးအင်အားအဖြစ်နေရာပေး ဖော်ဆောင်ကြရမှာဖြစ်တယ်။

ဘယ်လိုနိုင်ငံရေးစနစ်မျိုးမှာမဆို နိုင်ငံရေးနယ်ပယ်ရဲ့ အုတ်မြစ်ဟာ ပြည်သူသာဖြစ်လို့ နိုင်ငံရေးသမားတိုင်း၊ နိုင်ငံရေးအင်အားစုတိုင်းဟာ "*ပြည်သူသာအမိ၊ ပြည်သူသာအဖ*" ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားနိုင်မှ အောင်မြင်မှုကို မလွဲကေန်ရကြမှာဖြစ်တယ်။

❖

# ဂျပန်ကလူသားချင်းစာနာသည့် အကူအညီ ဒေါ်လာ ၂ ဒသမ ၆၅ သန်းထပ်မံလှူဒါန်း



ဂျပန်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ၏ အာဏာရှင် နအဖစစ်ဗိုလ်ချုပ်သန်းရွှေ

မြန်မာပြည်တွင် အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ်နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတို့အတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ (၂ ့ ၆၅) သန်း ထပ်မံထောက်ပံ့မည်ဖြစ်ကြောင်း မြန်မာပြည်တွင်အခြေစိုက်သော ဂျပန်သံရုံးက နိုဝင်ဘာလ (၂၂) ရက်နေ့က ကြေညာသည်။

မြန်မာပြည်တွင် ဒီမိုကရေစီဆိတ်သုဉ်းခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းဆိုးရွားခြင်းများကြောင့် မြန်မာနိုင်ငံကို ဂျပန်က ယခင်ကပေးခဲ့သော နိုင်ငံရပ်ခြားထောက်ပံ့ချေးငွေများကို ၂၀၀၃ ခုနှစ်ကတည်းက ရပ်တန့်ထားခဲ့သည်။

ယခုနောက်ပိုင်းတွင် လူသားချင်းစာနာသော အကူအညီအနေအဖြင့် ကျန်းမာရေးနှင့် ပညာရေးအထောက်အပံ့များကို ဂျပန်နိုင်ငံက မြန်မာပြည်သို့ မကြာခဏပေးအပ်လေ့ရှိသည်။ သို့သော် ဂျပန်၏လူသားချင်းစာနာသောအကူအညီကြောင့် မြန်မာ့လူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေတွင် ထူးထူးခြားခြား တိုးတက်မှုရှိမလာသဖြင့် "သဲထဲရေသွန်" ကိစ္စသာဖြစ်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ဂျပန်နိုင်ငံကိုယ်စားလှယ် ဒေါက်တာမင်းညိုကပြောသည်။

"သူတို့လည်း (ဂျပန်အစိုးရ) သဘောတော့ ပေါက်စပြုနေပြီလို့ထင်တယ်။ ဒါကြောင့်မို့လည်း စစ်အစိုးရကို တိုက်ရိုက်အကူအညီမပေးဘဲနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေကို ကြားခံပေးတဲ့သဘော ဖြစ်လိမ့်မယ်လို့ ကျနော်ထင်ပါတယ်" ဟု ဒေါက်တာမင်းညိုကပြောသည်။ ❖

# ထိုင်းရှိအလုပ်သမားများကျန်းမာရေး ပိုမိုစောင့်ရှောက်မှုပေးရန် လိုအပ်နေ



ထိုင်းနိုင်ငံရောက်အလုပ်သမားတစု

ထိုင်းကျန်းမာရေးဝန်ကြီး မွန်ကိုနဆောင်ခလာက ထိုင်းနိုင်ငံရှိ တရားမဝင်အလုပ်သမားများအပါအဝင် နိုင်ငံခြားသားအလုပ်သမားများအတွက် ဆေးဝါးကုသမှုဌာနများတိုးချဲ့ပေးရန် ကျန်းမာရေးအာဏာပိုင်များကို သောကြာနေ့က တောင်းဆိုကြောင်း နိုဝင်ဘာ (၁၃) ရက်နေ့ထုတ် The Nation သတင်းစာတွင် ရေးသားထားသည်။

"သူတို့ကျန်းမာနေရင် သူတို့ကတဆင့် ထိုင်းလူမျိုးတွေဆီ ရောဂါကူးစက်တာတွေ မရှိတော့ဘူးပေါ့"ဟု မွန်ကိုလ်က ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဆေးရုံရာရုံသို့ စစ်ဆေးရန်ရောက်ရှိလာနေစဉ်တွင် ပြောကြားသည်။

မယ်ဟောင်ဆောင် ပြည်သူ့ကျန်းမာရေးကြီးအကဲ ဒေါက်တာစူဝပ်ကစ်တီဒီလော့ကူးလ်က ၎င်းတို့ ကျန်းမာရေးအာဏာပိုင်များ သည် နိုင်ငံခြားသားအလုပ်သမားများ၏ ဆေးကုသမှုအတွက်တနှစ်လျှင် ထိုင်းဘတ်ငွေသန်း (၂၀) ကျော်ကုန်ကျသည်ဟု ပြောသည်။

မယ်ဟောင်ဆောင်တွင် နိုင်ငံခြားသားအလုပ်သမားပေါင်း (၉၆၅၉၁) ဦးရှိသည့်အနက် (၆၀) ရာခိုင်နှုန်းသာ မှတ်ပုံတင်ထား၍ တရားဝင်ဆေးကုသမှုရှိသော်လည်း ကျန်းမာရေးဌာနက မှတ်ပုံတင်မထားသောသူများ၏ကျန်းမာရေးကိုပါ အလေးထားစောင့်ရှောက်ပေးနေကြောင်း ဒေါက်တာစူးဝပ်က ပြောကြားသည်။

သို့သော် ဘတ်ဂျက်အကန့်အသတ်ကြောင့် ကျန်းမာရေးနှင့်ကူးစက်ရောဂါပြန့်ပွားမှုကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့် မလုပ်ကိုင်နိုင်မည်ကို ၎င်းတို့ဒေသရှိ ကျန်းမာရေးဆိုင်ရာအာဏာပိုင်များကစိုးရိမ်ကြောင်း ဒေါက်တာစူဝပ်ကပြောသည်။ ❖

# မြန်မာပြည်ရှိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ရုံးများပိတ်ပင်ခံရ အနာဂတ်အတွက်မရေရာမှုများဆက်လက်ရှိနေ



ဂျနီဗာရှိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့

နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ နယ်ရုံးခွဲ (၅) ခုကို ပိတ်ပစ်ခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူဆုံးဖြတ်ချက်ချရန်လိုအပ်နေမှုကို ပြသနေခြင်းဖြစ်ကြောင်း အမေရိကန်က ထပ်မံသတိပေးလိုက်သည်။

အမေရိကန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ရှောင်မက်ကောမက်ခ်က ယင်းလုပ်ရပ်သည် ဗိုလ်ချုပ်ကြီးများ၏ "အနှုတ်လက္ခဏာဆောင်သောခြေလှမ်း"ဟု ဝေဖန်လိုက်ပြီး လူထောင်ပေါင်းများစွာအတွက် လူသားချင်းစာနာသည့် အကူအညီပေးနေသောအဖွဲ့ကြီး၏လုပ်ငန်းများကို ပြန်လည်ခွင့်ပြုရန် နိုဝင်ဘာလ (၂၉) ရက်နေ့က တောင်းဆိုလိုက်သည်။

မန္တလေး၊ မော်လမြိုင်၊ ဘားအံ၊ တောင်ကြီးနှင့် ကျိုင်းတုံမြို့များရှိ အိုင်စီအာရ်စီ၏ ရုံးများပိတ်ပစ်လိုက်ခြင်းကို ပြန်စဉ်းစားရန် အိုင်စီအာရ်စီအဖွဲ့က နိုဝင်ဘာလ (၂၈) ရက်နေ့က အလားတူတောင်းဆိုခဲ့သည်။

အိုင်စီအာရ်စီသည် (၁၉၉၉) ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း အကျဉ်းထောင်များနှင့် ရဲဘက်စခန်းများသို့ (၄၅၃) ကြိမ်သွားရောက်နိုင်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နအဖက အိုင်စီအာရ်စီ၏ ခရီးစဉ်များအတွင်း ကြံ့ဖွံ့အဖွဲ့ဝင်များလိုက်ပါကြည့်ရှုမည်ဟု ကန့်သတ်လာသည်။

အိုင်စီအာရ်စီဘက်က နအဖ၏အကြံအစည်ကို လက်မခံပယ်ချလိုက်သဖြင့် အဖွဲ့၏ထောင်ခရီးစဉ်များအားလုံး ပိတ်ပင်ခြင်းခံခဲ့ရသည်။

ထို့နောက် နိုဝင်ဘာလနှောင်းပိုင်းတွင် အိုင်စီအာရ်စီ၏ နယ်ရုံးခွဲ (၅) ခုစလုံးကိုပိတ်ပစ်ရန် အာဏာပိုင်များက အကြောင်းကြားလာသဖြင့် အိုင်စီအာရ်စီက မြန်မာပြည်တွင် မိမိတို့ ဆက်လက်အကူအညီပေးရေး မရေရာတော့ကြောင်းကို နိုင်ငံတကာသို့ အသိပေးခဲ့သည်။

အိုင်စီအာရ်စီက သတင်းထုတ်ပြန်ပြီး မရှေးမနှောင်းတွင် အမေရိကန်၊ စကော်ပူစသော နိုင်ငံတကာအသိုင်းအဝိုင်းက အိုင်စီအာရ်စီရုံးများအား ပိတ်ပင်လိုက်သည့် နအဖ၏လုပ်ရပ်ကို အကြီးအကျယ်ဝေဖန်လာသဖြင့် ရဲချုပ်ခင်ရီက အိုင်စီအာရ်စီရုံးများကို ပိတ်ပစ်ခြင်းမှာမဟုတ်မှန်ကြောင်း၊ မိမိတို့ဘက်က အိုင်စီအာရ်စီနှင့်ပတ်သက်၍ မူဝါဒပြောင်းလဲရန်စီစဉ်နေသဖြင့် ယာယီသဘော ပိတ်ခိုင်းရခြင်းဖြစ်ကြောင်း ကြပ်ပြေးတွင် သတင်းစာရှင်းလင်းပွဲပြုလုပ် ဖြေရှင်းခဲ့သည်။ ❖

# မြန်မာ့စားသုံးဆီထွက်သီးနှံ စိုက်ပျိုးမှုတိုးတက်ရေး ရေနံထုတ်လုပ်သောနိုင်ငံများကထောက်ပံ့မည်



ရန်ကုန်မြို့ရှိ ရပ်ကွက်တခုအတွင်း ကိုယ်တာခွဲတမ်းစနစ်ဖြင့် ဆီပေးဝေနေစဉ်

မြန်မာနိုင်ငံအတွင်း စားသုံးဆီထွက်သီးနှံစိုက်ပျိုးရေး သုံးနှစ်စီမံကိန်းအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO က နည်းပညာဆိုင်ရာ အထောက်အပံ့များပေးသွားမည်ဖြစ်သည်။

နိုဝင်ဘာလ (၉) ရက်နေ့က ထုတ်ပြန်သော FAO အဖွဲ့ကြီး၏ ကြေညာချက်တွင် အဆိုပါစီမံကိန်းအတွက် OPEC ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ကြီး၏ နိုင်ငံတကာဖွံ့ဖြိုးရေးရံပုံငွေမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ သန်းကို မြန်မာနိုင်ငံသို့ ပေးအပ်မည်ဖြစ်ကြောင်းဖော်ပြထားသည်။

၎င်းအထောက်အပံ့ငွေသည် မြန်မာနိုင်ငံအတွင်းက ဆီထွက်သီးနှံထုတ်လုပ်မှု တိုးမြှင့်ရေးနှင့် စားသုံးဆီထုတ်လုပ်သော လုပ်ငန်းအဆင့်ဆင့် နည်းပညာတိုးတက်ရေးအတွက်ရည်ရွယ်ကြောင်း၊ စားသုံးသူများထံသို့ စားသုံးဆီများ ဈေးနှုန်းသက်သက်သာသာနှင့် ဖြန့်ဝေပေးနိုင်ရန် ရည်မှန်းချက်ထားကြောင်း FAO အဖွဲ့ကြီး၏ ကြေညာချက်ကဆိုသည်။

ယခုစီမံချက်သည် မြန်မာနိုင်ငံအတွင်း ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ နေကြာ၊ ပဲပိစပ်၊ အုန်းထန်းနှင့်မြေပဲစသော စားသုံးဆီထွက်သီးနှံများကို အဓိကထားမည်ဖြစ်ပြီး၊ ဆီထုတ်လုပ်သော စက်ရုံနှစ်ရုံထပ်မံတည်ဆောက်ရေးအပါအဝင် လက်ရှိဆီစက်များကို ပိုပြီးကောင်းမွန်အောင်လုပ်ဆောင်ရန် ရည်ရွယ်ကြောင်း FAO အဖွဲ့ကြီးကဆိုသည်။ ❖

# နိုင်ငံမဲ့ (၇) သိန်း၏ ကျန်းမာရေးကိစ္စ ထိုင်းအစိုးရသတိတရရှိလာ

ထိုင်းနိုင်ငံ၏ ကျန်းမာရေးစီမံချက်ရေးဆွဲရာတွင် နှစ်ပေါင်းများစွာ မေ့လျော့ခံထားရသောနိုင်ငံမဲ့ (၇၀၀,၀၀၀) ကိုကျန်းမာရေးစောင့်ရှောက်မှု ပေးတော့မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအမျိုးသား ကျန်းမာရေးဌာနက နိုဝင်ဘာ (၂၈) ရက်နေ့က ကြေညာသည်။

ထိုင်းအမျိုးသား ကျန်းမာရေးဌာန၏ ထိုင်းနိုင်ငံသား (၄၈) သန်း၏ ကျန်းမာရေးစီမံချက်များ ရေးဆွဲရေးဆွေးနွေးရာတွင် ထိုင်းနိုင်ငံအတွင်းရှိနိုင်ငံမဲ့ (၇) သိန်း ကိစ္စကိုပါ ထည့်သွင်းစဉ်းစားခဲ့ခြင်းဖြစ်သည်။

"လက်တွေ့မှာ အသိုင်းအဝိုင်းတခုထဲမှာရှိနေကြတဲ့ တချို့မိသားစုတွေကျတော့ အစိုးရရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ခံနေရပေမယ့် တချို့မိသားစုတွေကျတော့ စောင့်ရှောက်မှုမခံရဘူး"ဟု အစည်းအဝေးသဘာပတိ၊ ပြည်သူ့ကျန်းမားရေးဝန်ကြီး ဒေါက်တာမောင်ကယ်နာဆွန်ကလာကပြောကြားသည်။

အယ်လ်ကိုင်ဒါတွေဟာ ရိုးရိုးအင်တာနက်စာကြည့်တိုက်တင်မကဘဲ ဗီဒီယိုစာကြည့်တိုက်ပါ အင်တာနက်မှာထူထောင်ထားတယ်။ အဲဒီစာကြည့်တိုက်မှာ ခြိုခိုတိုက်ခိုက်နည်း၊ လမ်းဘေးကစောင့်ပြီး လုပ်ကြံနည်း၊ လမ်းဘေးဗုံးထောင်နည်း၊ အိမ်တအိမ်ကို ဝင်စီးနည်း၊ အာပီဂျီပစ်နည်း၊ ကားကိုဗုံးခွဲနည်း၊ ဓားစာခံဖမ်းနည်း၊ ရွာတရွာကိုဝင်တိုက်နည်း၊ တံတားဖျက်နည်း၊ ဝေဟင်ပစ်ဒုံးကျည်ပစ်နည်းတွေကို အဆင့်မြင့်လေ့ကျင့်ရေးရုပ်ရှင်တွေအဖြစ် ပြထားတယ်။ အသေခံဗုံးခွဲသမားတွေဟာ ဗုံးတွေကို ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်ချိတ်ဆွဲထားရတဲ့အတွက် ဓာတုဗေဒအနံ့အသက်တွေကြောင့် ခေါင်းတခြမ်းကိုက်ဝေဒနာဖြစ်ရင် ဘာဆေးတွေသောက်ပြီး ကျော်လွှားရမယ်ဆိုတာတောင် ပြောထားသေးတယ်။

ပုံမှန်အားဖြင့် ကွန်ပျူတာတိုင်းမှာ လိပ်စာဂဏန်းတွေရှိပြီး အင်တာနက်ပေါ် လှိုင်းစီးနေချိန်မှာ ဒီလိပ်စာဂဏန်းတွေကို ကွန်ပျူတာအချင်းချင်းမှတ်ထားနိုင်ပေမဲ့ နည်းပညာကျွမ်းကျင်ရင်တော့ ကိုယ့်ကွန်ပျူတာလိပ်စာဂဏန်းကို တခြားကွန်ပျူတာတွေ မတွေ့အောင်၊ တနည်းအားဖြင့် စီအိုင်အေတို့၊ အက်ဖ်ဘီအိုင်တို့မတွေ့အောင် လုပ်လို့ရတယ်။ ဥပမာအားဖြင့် Anonymous Surfer ပရိုဂရမ်တွေက ကိုယ့်ကွန်ပျူတာ ဘယ်က လုပ်နေတယ်ဆိုတာ ဖုံးကွယ်ပေးတယ်။ ဒါ့အပြင် ကျွမ်းကျင်တဲ့ဝက်ဘ်ဆိုက်ဆရာတွေ Webmaster တွေက ဆာဗာကွန်ပျူတာတွေကို အပိုင်စီး (သို့မဟုတ်) အမျိုးမျိုးပြောင်းလဲပြီး ရှောင်ပြေးလို့လည်းရနိုင်တယ်။ ဒါပေမဲ့ ပုံသေဝက်ဘ်ဆိုက်လုပ်တာထက် ဘလော့ဂ် Blog (မှတ်တမ်းဝက်ဘ်ဆိုက်) သို့မဟုတ် အင်တာနက်သတင်းလွှာဘုဒ် Bulletin Board or Discussion Board or Forum တွေ အမျိုးမျိုးကိုသုံးတာ၊ ဖိုင်တွေ အခမဲ့သိမ်းပေးတဲ့ ဝက်ဘ်ဆိုက်တွေကို အသုံးချတာက ပိုစိတ်ချရတယ်။ ယာဟူး Group တွေကိုလည်း အသုံးချကြတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ်၊ စီအိုင်အေ ထိုးဖောက်လို့ပဲဖြစ်ဖြစ် ဝက်ဘ်ဆိုက်တခု၊ ဖိုရမ်တခု အပိတ်ခံလိုက်ရရင်လည်း နောက်ထပ်ဝက်ဘ်ဆိုက်အသစ် ဖိုရမ်အသစ်တွေ ရာနဲ့ချီပေါ်လာတာပါပဲ။ တနေရာရာမှာ ထူးခြားတဲ့အကြောင်းရပ်တခု တင်လိုက်ပြီဆိုတာနဲ့ တခြားနေရာပေါင်းများစွာက တခဏအတွင်း အဲဒီဆိုက်ရဲ့ အင်တာနက်လိပ်စာကို ကူးယူပြီး ကိုယ့်ဆိုက်ထဲထည့်လိုက်ကြတယ်။ ဒီလိုနဲ့ အဲဒါကိုလိုက်ပိတ်ဖို့ ဒါမှမဟုတ် ဇစ်မြစ်ကို လိုက်ရှာဖို့ခက်သွားတယ်။

အီးမေးလ်ကို ကြားဖြတ်ဖမ်းယူမခံရအောင်လုပ်နည်းကိုလည်း အယ်လ်ကိုင်ဒါတွေသုံးကြတယ်။ ယာဟူးတို့၊ ဟော့တ်မေးလ်တို့လို အခမဲ့၊ အကန့်အသတ်မဲ့၊ အီးမေးလ်တခုဖွင့်၊ စာတစောင်ရေးမပို့ဘဲ စာကြမ်း Draft အဖြစ်သိမ်းလိုက်။ ဒါမှမဟုတ် အဲဒီထဲက Online Briefcase ထဲထည့်ထား။ ဒီနောက်မှာ ဒီအီးမေးလ်နာမည်နဲ့စကားဝှက်ကို စိတ်ချရတဲ့မက်ဆေ့ဂျ်ဘုဒ်မှာ စာရိုက်ပြောရင်းဖြစ်ဖြစ် တနည်းနည်းနဲ့ဖြစ်ဖြစ် အကြောင်းကြား၊ တဖက်လူက အဲဒီအီးမေးလ်နာမည်နဲ့ စကားဝှက်အတိုင်းသွားဖွင့်ဖတ်ရင် အီးမေးလ်မပို့ရဘဲနဲ့ ဖတ်စေချင်တဲ့လူက ဖတ်လိုက်ရတာဖြစ်သွားတယ်။ ဒါကို အင်တာနက်ပေါ်က ပုံသေစာတိုက်ပုံး Online Dead Drop လို့ ခေါ်ကြတယ်။

တလောက တိုက်ပွဲမှာကျသွားတဲ့ အီရတ်က နာမည်ကြီးသူပုန်ခေါင်းဆောင် ဇာကာဝီရဲ့ "ပြန်ကြားရေးဌာန" က တင်ထားတဲ့ ဝက်ဘ်ဆိုက်ဟာ သေသေချာချာ ဒီဇိုင်းထုတ်တည်ဆောက်ထားပြီး အီရတ်တိုက်ပွဲဖြစ်ရပ်မှန်ဗီဒီယိုခွေတွေ တင်ထားတယ်။ ဒီဗွီဒီယိုတွေကို ကြိုက်ရာရွေးပြီး ဒေါင်းလုဒ်လုပ်လို့ရအောင်စီမံထားတယ်။ မြန်နှုန်းမြင့် ဒီအက်စ်အယ်လ်လိုင်းရှိသူတွေအတွက် ၁၅၀ မီဂါဘိုက်ရှိတဲ့ ဗီဒီယိုဖိုင်တွေ၊ ရိုးရိုးဖုံးလိုင်း အနှေးပဲရှိသူတွေအတွက် ၄ မီဂါဘိုက်အရွယ် ဗီဒီယိုဖိုင်တွေထားပေးတယ်။ ဒါတွေကို ကြည့်ဖို့အတွက်လည်း ဝင်းဒိုးမီဒီယာပလေယာစနစ်၊ ရီးယဲလ်ပလေယာစနစ်စသဖြင့် သင့်တော်ရာရွေးလို့ရအောင်လုပ်ပေးထားတယ်။ "အလ္လာသည် အကြီးမြတ်ဆုံး" ဆိုတဲ့ ဖုန်းခေါ်သံ Ringtone ကိုတောင် အဲဒီဝက်ဘ်ဆိုက်ကနေ ဒေါင်းလုဒ်လုပ်ပြီး ကိုယ့်ဆဲလ်ဖုံးထဲထည့်လို့ရအောင် လုပ်ထားသေးတယ်။ မြန်နှုန်းမြင့် အင်တာနက်လိုင်း၊ အရွယ်ကြီး ဗွီဒီယိုဖိုင်တွေကို အရင်တုန်းထက် ပိုပြီးသေးချုံ့ပစ်နိုင်တဲ့နည်းပညာနဲ့ ဗီဒီယိုတည်းဖြတ်တဲ့ဆော့ဖ်ဝဲတွေ ပိုအဆင့်မြင့်လာတာတို့ကို ဇာကာဝီက ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့တယ်။ ဇာကာဝီဟာ ဘင်လာဒင်နဲ့ အဖွဲ့ချင်းပေါင်းဖို့ကိုလည်း အင်တာနက်ပေါ်မှာပဲ (၈) လကြာ စေ့စပ်ဆွေးနွေးပြီးမှ အယ်လ်ကိုင်ဒါရဲ့ အီရတ်ဌာနခွဲအဖြစ်ရပ်တည်ဖို့ သဘောတူချက်လုပ်ခဲ့တာဖြစ်တယ်၊ တခါမှ လူချင်း (ဝါ) ဆက်သားနဲ့ဆက်သွယ်ခဲ့တာ မရှိဘူးလို့ လေ့လာသူတွေကဆိုတယ်။

၂၀၀၄ ခု၊ မေ (၁၁) ရက်နေ့ဟာ အင်တာနက်လှိုင်းစီး အစွန်းရောက်အစ္စလာမ် ပြောက်ကျားစစ် တခေတ်ဆန်းတဲ့နေ့ဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့မှာ ဇာကာဝီက ဓားစာခံဖမ်းထားတဲ့ အမေရိကန်တယောက်ကို နွားတွေ၊ ဆိတ်တွေ ဟာလာလုပ်တဲ့ပုံစံအတိုင်း လည်လှီးခေါင်းဖြတ်နေတဲ့သရုပ်မှန်ဖြစ်ရပ်မှန် ဗီဒီယိုခွေကို အင်တာနက်မှာ တင်လိုက်လို့ဖြစ်တယ်။ ဒီဗွီဒီယိုဟာ ရက်အနည်းငယ်အတွင်း အကြိမ်ပေါင်း သန်းနဲ့ချီပြီး ဒေါင်းလုဒ်လုပ်ခံရတယ်။ ကမ္ဘာ့နိုင်ငံအများအပြားက အင်တာနက်ဆာဗာတွေ ဒီလိုဝန်တအားများတဲ့ဒဏ်မခံနိုင်တော့ဘဲ လေဖြတ်ကုန်တယ်။ (ဒီလိုမျိုး ဆာဗာတွေလေဖြတ်သွားတာ အဘူဂရစ်အကျဉ်းထောင် နှိပ်စက်မှုဓာတ်ပုံတွေ အင်တာနက်မှာတင်တုန်းကလည်းတခါဖြစ်ခဲ့တယ်။) ၉/၁၁ တုန်းကလို တကမ္ဘာလုံးက မူဆလင်တွေအုတ်အော်သောင်းနင်းဖြစ် ကြက်သီးမွေးညှင်းထ အားရသွေးကြွကုန်တယ်။ အင်တာနက်ကို ဒီလို အသုံးချလို့ရပါလားဆိုပြီး အကြမ်းဖက်သမားတွေ ရုတ်တရက် ဉာဏ်အလင်းပေါက်သွားကြတယ်။

ရိုမီယိုနဲ့ဂျူးလီးယက်ရုပ်ရှင်ကြောင့် သမီးရည်းစားစုံတွဲတွေ ကိုယ့်ကိုယ် ကိုယ်သတ်သေကြသလိုပဲ ပုံစံတူ ခေါင်းဖြတ်ပွဲတွေကို တခြားအဖွဲ့တွေကလိုက်လုပ်ပြီး အင်တာနက်မှာတင်ကြတာတွေဖြစ်လာတယ်။ အဲဒီအချိန်ကစပြီး ဇာကာဝီနာမည်ဟာ ထောက်ခံသူတွေကြားမှာရော၊ ရန်သူဘက်မှာပါ ဟိုးဟိုးကျော်သွားခဲ့တယ်။

(၃)

အီရတ်နိုင်ငံက တော်လှန်ပုန်ကန်မှုနဲ့အတူ အကြမ်းဖက်ဝါဒဟာ တစတစကြီးထွားနေတာ အားလုံးအသိပါဘဲ။ ဒါပေမဲ့ဒီအကြမ်းဖက်ဝါဒ ကြီးထွားကျယ်ပြန့်လာမှုရဲ့ နောက်ခံအကြောင်းရင်းထဲမှာ အမေရိကန်ဆန့်ကျင်ရေးနဲ့ အစ္စလမ်အခြေခံဘာသာရေး သဘောတရားတွေ၊ ဝါဒရေးရာတွေရဲ့ စည်းရုံးရေးကောင်းမှုကြောင့်တင်မဟုတ်ဘဲ ဈေးကွက်စီးပွားရေးခေတ်ရဲ့ ပင်မအခြေခံ စေ့ဆော်ချက်ဖြစ်တဲ့ ငွေကြေးအမြတ်အစွန်းရရေးကလည်း အဓိကကျနေပါတယ်။

အခုအခါ အမေရိကန်တပ်တွေနဲ့အီရတ်အစိုးရရဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို တိုက်ခိုက်မှုတွေဟာ အင်မတန်အမြတ်အစွန်းကောင်းတဲ့ စီးပွားရေးဈေးကွက်ကြီးလည်း ဖြစ်နေပါပြီ။ ဒီဈေးကွက်ရဲ့ အဓိက ရောင်းကုန်ပစ္စည်းက ဗုံးတွေ၊ ဖောက်ခွဲရေးပစ္စည်းတွေဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်လှတဲ့ ဗုံးလုပ်ငန်းရှင်များဟာ မိမိတို့ရဲ့လုပ်ငန်းကို အင်တာနက်ကနေ ကြော်ငြာနေပါတယ်။

ဗုံး"ကုမ္ပဏီ"တွေဟာ ဗုံးထုတ်လုပ်ရေးဝန်ထမ်း (၆) ယောက်ကနေ (၁၀) ယောက်အထိရှိတတ်ပြီး ကြော်ငြာလုပ်ငန်းအတွက် ကင်မရာသမား ဗွီဒီယိုသမားတွေကိုလည်း အလုပ်ခန့်ထားတယ်။ ဒီဗွီဒီယိုသမားတွေဟာ နေရာကောင်းကောင်းတွေကနေပြီးတော့ ဗုံးခွဲတိုက်ခိုက်မှုတွေကို ဗွီဒီယိုမှတ်တမ်း ရိုက်ကြတယ်။ ရိုက်ထားတဲ့ဗွီဒီယိုမှတ်တမ်းကို အဆင့်မြင့် ဗွီဒီယိုအယ်ဒီတင်းဆော့ဖ်ဝဲတွေနဲ့ ပြန်တည်းဖြတ်၊ အစ္စလမ်ဓမ္မသီချင်းတွေကိုက်ညီအောင်ထည့်ပြီးတဲ့နောက် အစွန်းရောက် အစ္စလမ်ဘာသာရေးဝက်ဘ်ဆိုက်တွေမှာ တင်ထားလိုက်တယ်။ ဒါမှမဟုတ်လည်း အီးမေးလ်နဲ့ဖြန့်ပြီး ကြော်ငြာကြတယ်။ ဈေးကွက်စီးပွားရေးခေတ်မှာ အများသိကြတဲ့အတိုင်း ဒီကြော်ငြာဗွီဒီယိုခွေတွေကို အင်မတန်ဆွဲဆောင်မှုရှိအောင် ကင်မရာအတတ်ပညာ၊ တည်းဖြတ်မှုအတတ်ပညာ၊ ကြော်ငြာအတတ်ပညာတွေ အစွမ်းကုန်သုံးထားကြတယ်။

ဒီဗုံးခွဲမှုအမျိုးမျိုးရဲ့ မှတ်တမ်းဗွီဒီယိုတွေကို တော်လှန်ရေးအဖွဲ့တွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေက နှိုင်းယှဉ်ကြည့်ရှုပြီး နောက်ကိုယ်ကြိုက်တဲ့ ဗုံးကုမ္ပဏီတွေကို အလုပ်အပ်ကြတယ်။ အလုပ်အပ်ရာမှာ တိုက်ခိုက်မှုတခုချင်းအတွက်ပဲ ခိုင်းတာဖြစ်ပြီး ဈေးနှုန်းကတော့ ဒေါ်လာ (၃၀၀) ကနေ ( ၁,၀၀၀) အထိရှိတယ်။

ဗုံးတလုံးကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်အောင် ငါးနှစ်လောက်သင်ကြားလေ့ကျင့်ဖို့လိုပါတယ်။ စမ်းရင်းလုပ်ရင်းနဲ့ တစတစအမှားတွေကင်းလာပြီး အစွမ်းထက်လာအောင်လုပ်ရတယ်။ ကျွမ်းသွားပြီဆိုရင်တော့ အင်တာနက်ပေါ်တင်လိုက်ပြီး ဒီပညာရဲ့အသီးအပွင့်တွေ တခဏနဲ့ဝေမျှနိုင်အောင်လုပ်လို့ရတယ်။ ဒီနည်းနဲ့ ၂၁ ရာစုရဲ့ တတိယလှိုင်းနည်းပညာ အင်တာနက်ဟာ အမေရိကန်စစ်တပ်ကို အကြီးအကျယ်ဒုက္ခပေးနေတဲ့ အင်မတန်ထိရောက်အောင်မြင်တဲ့ တရားမဝင်ဈေးဝိုင်းကြီးဖြစ်လာပါစေတယ်။

အီရတ်တော်လှန်ရေးအဖွဲ့တွေဟာ မိမိအဖွဲ့က အောင်မြင်စွာတီထွင်လိုက်နိုင်တဲ့ ဗုံးခွဲနည်း အသစ်အဆန်းကောင်းကောင်းတွေ၊ အမြောက်ဆံ၊ မော်တာဆံတွေ၊ ဂက်စ်ဗူးတွေနဲ့ လမ်းဘေးဗုံးထောင်နည်းတွေ၊ ဆဲလ်ဖုံးတွေနဲ့ အဝေးကနေ ဗုံးခွဲတဲ့နည်းသစ်နည်းဆန်းတွေကိုလည်း ဗွီဒီယိုရိုက်ပြီး ဗွီဒီယိုတခွေလုံးအီးမေးလ်နဲ့ပို့ ပညာဖြန့်ကြတယ်။ အမေရိကန် အမှတ် (၃) မြင်းစီးတပ်ရင်းကြီးရဲ့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးရော့စ်ဘရောင်းက "သူပုန် တွေဟာ ကျုပ်တို့ကိုသတ်ဖို့ နည်းတွေကို တပတ်ထက်တပတ် ပို,ပိုပြီးတော့ ကျွမ်းလာနေတယ်၊ ပို,ပိုပြီးတော့ အဆင့်မြင့်လာနေတယ်" လို့ပြောပြတယ်။ "ကောင်းကောင်းသတ်နိုင်လေ ငွေကြေးအရလည်း

စာမျက်နှာ ( ၇) ကော်လံ (၁) သို့



# လက်ပါးစေအေးလွင် တစခန်းထဦးမည်

အမေရိကန်ဦးဆောင်သော စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်ဟောပြောမည့် အေးလွင်၏ဟောပြောပွဲတခုကို ပုဇွန်တောင်မြို့နယ်ရှိ ဝိုင်အမ်ဘီအေခန်းမတွင် စစ်အာဏာပိုင်တို့၏ခွင့်ပြုမိန့်ဖြင့် ဒီဇင်ဘာလ (၅) ရက်နေ့က ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းအသင်းက အဓိကပံ့ပိုးသော ယင်းဟောပြောပွဲသို့ ပြည်တွင်းဂျာနယ်များ၊ နိုင်ငံခြားသတင်းထောက်များအသင်း၏ အသင်းဝင်များကိုလည်း ဖိတ်ကြားခဲ့သည်။

အဓိက ဟောပြောသူများမှာ အေးလွင်၊ ရဲထွန်း (အေးလွင်၏ညီ) နှင့် သိန်းတင်အောင်တို့ဖြစ်ပြီး၊ စစ်အစိုးရကို ရည်ရွယ်ထိုးနှက်သော အနောက်တိုင်း၏ စီးပွားရေးပိတ်ဆို့မှုသည် ခုတ်ရာတခြား၊ ရှရာတခြားဖြစ်ကြောင်း၊ အဓိကဒုက္ခရောက်သူများမှာ လူထုသာဖြစ်ကြောင်း စသည့်အပ်ကြောင်းထပ်နေသော ဟောပြောချက်များဖြင့် အေးလွင်က လူစွမ်းကောင်းလုပ်ခဲ့သည်။ အလားတူဆွေးနွေးပွဲများကို ၂၀၀၇ ခုနှစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားမည်ဟုလည်း သူကဆိုသည်။

လွန်ခဲ့သောနှစ်များမှစ၍ စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပတွင် အမြင်များကွဲလွဲလာချိန်နှင့် တိုက်ဆိုင်ပြုလုပ်သော နအဖလက်ပါးစေအဖြစ် အများကနားလည်ထားသူ၏ အကြံအစည်သည် လူထုအတွင်း အတွေးအခေါ် ရှုပ်ထွေးစေလိုသော နအဖ၏ လက်ချက်ဖြစ်ပုံရသော်လည်း လက်တွေ့တွင် လူထုမှာ အေးလွင်အကြောင်းကို နောကြေအောင်သိနေပြီကြောင်း ဝေဖန်သူများကဆိုသည်။

အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်နှင့်အတိုက်အခံများကို ဝေဖန်လေ့ရှိသူ အေးလွင်သည် ၎င်းနှင့် သဏ္ဍာန်တူသူ လူတစုဖြင့် (၈၈) မျိုးဆက်ကျောင်းသားလူငယ်များ (မြန်မာနိုင်ငံ) ကိုဖွဲ့စည်းထားပြီး နောက်ဆုံးကျင်းပသော ညောင်နှစ်ပင်ညီလာခံသို့ တက်ရောက်ခွင့်ရရန် နအဖထံ စာရေးတောင်းဆိုခဲ့သေးသည်။

သူ၏လှုပ်ရှားမှုကို အစပိုင်းတွင် မသိမသာပံ့ပိုးပေးနေသူများ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် နအဖအလိုတော်ရိအဖြစ် လူမုန်းများလာသောအခါ ပံ့ပိုးမည့်သူမရှိတော့ဘဲ သင်းကွဲဖြစ်သွားခဲ့သည်။ ယခုနောက်ဆုံး အာဏာရူးအေးလွင်၏ တကျော့ပြန်လှုပ်ရှားမှုသည် အမိုက်ဇာတ်သိမ်းတော့မည့် အတူတူ မထူးဇာတ်ခင်းခြင်းသာဖြစ်ကြောင်း ပြည်တွင်းမှ နိုင်ငံရေးလှုပ်ရှားသူ လူငယ်တဦးက မိုးကြိုးသို့ပြောသည်။ ❖

## စာမျက်နှာ (၆) တတိယလှိုင်းစီးပြောက်ကျားစစ် ဆောင်းပါးမှ

မြတ်စွန်းလေဖြစ်တယ်။”

ဗုံးဈေးကွက်တင်မက အခုအခါ ဗွီဒီယိုခွေဈေးကွက်လည်း ကျယ်ပြန့်ကြီးထွားနေပါတယ်။ အမေရိကန်တပ်တွေကို ဗုံးခွဲတိုက်ခိုက်တဲ့ ဗွီဒီယိုတွေတင်မဟုတ်ဘဲ လက်ဖြောင့်သေနတ်သမားတွေရဲ့ တိုက်ခိုက်မှုတွေကိုပါ ဗွီဒီယိုရိုက်ပြီး ပြန်ရောင်းကြတယ်။ ဒီလိုဗွီဒီယိုရိုက်တာ အကုန်အကျလည်းသိပ်မများ၊ အမေရိကန် သို့မဟုတ်အီရတ်အစိုးရလုံခြုံရေးတွေက ဖမ်းမိမယ့်အန္တရာယ်လည်းနည်းတော့ သေနတ်နဲ့ချောင်းပစ်ဖို့ မက်လုံးဖြစ်နေပါတယ်။

(၄)

၂၀ ရာစုအစပိုင်းတုံးက မက္ကဆီကိုတော်လှန်ရေးခေါင်းဆောင် ပန်ချိုဗီးလားဆီကို အမေရိကန်ရုပ်ရှင်သမားတွေသွားပြီး အမေရိကန်ပရိသတ်အတွက် ဝါဒဖြန့်ဖို့ရုပ်ရှင်ရိုက်ရာမှာ ရိုက်ကွင်းလိုအပ်ချက်နဲ့ ကိုက်အောင်လက်တွေ့တိုက်ပွဲတွေ တိုက်ပေးခဲ့ရတာကစပြီး ကမ္ဘာမှာ သရုပ်မှန်လူထုဆက်ဆံရေးဝါဒဖြန့်လုပ်ငန်း စတင်ခဲ့တယ်။ အခုလည်း အယ်ကိုင်ဒါတွေက အီရတ်ကတိုက်ပွဲတွေ၊ ဖမ်းထားသူများကို ခေါင်းဖြတ်သတ်နေပုံတွေ၊ အသေခံဗုံးခွဲသမားများ သင်တန်းတက်နေပုံတွေ၊ အသေခံသွားတဲ့ ဗုံးခွဲသမားများရဲ့အတ္ထုပ္ပတ္တိတွေ၊ အသေခံဗုံးခွဲမှုလက်ရာတွေကို ဗီဒီယိုရိုက်ပြီး ဝက်ဘ်ဆိုက်တင်ထားတယ်။ မိမိတို့အဖွဲ့ရဲ့ စွမ်းဆောင်ချက်တိုင်းကို ဗီဒီယိုမှတ်တမ်းတင်ပြီး အင်တာနက်မှာတင်တယ်။ စစ်ဆင်ရေးစီမံချက်ဆွဲပုံတွေ၊ တိုက်ကွက်ကြိုတင်ပြင်ဆင်ပုံတွေကိုလည်း ထပ်တလဲလဲ ထုတ်လွှင့်ပြလို့ အမေရိကန်တွေ မခံချိမခံသာဖြစ်ရတယ်။ အယ်ကိုင်ဒါဟာ ဖြစ်စဉ်တွေကို အချိန်နဲ့တပြေးညီ အင်တာနက်ပေါ်တင်ဖို့ သက်သက်ကိုရည်ရွယ်ပြီး တိုက်ခိုက်မှုတွေ၊ အကြမ်းဖက်မှုတွေ ဆောင်ရွက်နေပုံပေါက်နေတယ်။ အခုအခါ အီရတ်မှာ သူပုန်တွေက တိုက်ခိုက်မှုတခုလုပ်တိုင်း အဲ့ဒီတိုက်ပွဲဖြစ်စဉ်ကို အင်တာနက်တင်ဖို့ ဗီဒီယိုရိုက်ကူးတာ အမြဲလုပ်တယ်။ တကယ့်စစ်မြေပြင်မှာ ဘယ်လောက်ပဲနိုင်နိုင် အင်တာနက်ပေါ်မရောက်ရင် ရှုံးတာပဲလို့တောင် ပြောကြတယ်။

ဒီနည်းတွေနဲ့ အီရတ်ရဲ့လူးလွန့်စဈေးကွက်စီးပွားရေးဟာ အမေရိကန်စစ်သားတွေရဲ့အသက်တွေကို ခြွေယူနေပါတော့တယ်။ ကမ္ဘာမှာအမေရိကန်က အဓိကရပ်ခံအားပေးနေတဲ့ ဈေးကွက်စီးပွားရေးနဲ့ အိုင်တီ တတိယလှိုင်းနည်းပညာတွေက အမေရိကန်ကိုနောက်ပေါက် ပေါက်နေတာဟာ ကံကြမ္မာရဲ့သရော်ချက်လို့ပဲ ဆိုရပါလိမ့်မယ်။ အင်တာနက်ကျေးဇူးကြောင့် တိုက်ချင်ခိုက်ချင်စိတ်တက်ကြွလာတဲ့လူငယ်တွေဟာ အီရတ်ကို စွန့်စားလာရောက်ပြီး နောက်ထပ်လူငယ်တွေ စိတ်ဓာတ်တက်ကြွလာစေဖို့ တလှည့်တန်ပြန် အသုံးတော်ခံကြ၊ အသေခံကြတယ်။ ဒီလိုနဲ့ အီရတ်တော်လှန်ရေးမီးတောက်ကို မငြိမ်းစတမ်း ဆက်လက်ထွန်းညှိနေကြပါတယ်။

❖ ရည်ညွှန်း

(၁) ၂၀၀၆ ဩဂုတ် ၇၊ ၈၊ ၉ ထုတ် ဝါရှင်တန်ပို့စ်သတင်းစာ၊

(၂) ၂၀၀၆ မေ–ဇွန် ထုတ် Foreign Policy မဂ္ဂဇင်း)

ဂါမဏိ

# စစ်ဗိုလ်ချုပ်ကြီးများကို နိုင်ငံတကာတရားရုံးပို့တော့မည်
# အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့က ဆက်လက်ကြိုးပမ်း



နိုင်ငံတကာတရားခုံရုံးသို့ မကြာမီသွားရောက်တော့မည့် နအဖစစ်ဗိုလ်ချုပ်ကြီးများ

မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် နိုင်ငံတကာတရားခုံရုံးတို့သို့တင်သွင်းရန် ဂျိနီဗာတွင် နိုဝင်ဘာ (၁၅) ရက်နေ့က ကျင်းပသော အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးက ဆုံးဖြတ်လိုက်သည်။

အိုင်အယ်လ်အိုအဖွဲ့သည် အောက်တိုဘာလအတွင်းက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပြီး အဓမ္မလုပ်အားပေးစေခိုင်းမှုများကို တိုင်ကြားနိုင်မည့် အစီအမံတခုထားရှိရန် နအဖ ထံတောင်းဆိုရာ သဘောတူညီမှုမရဘဲ ပြန်လာခဲ့ရသဖြင့် ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

“အဓမ္မလုပ်အားပေးခိုင်းစေတာဟာ လူသားတွေအပေါ် နှိပ်စက်ညှဉ်းပမ်းတဲ့ကိစ္စပဲဖြစ်တယ်။ ဘယ်အစိုးရပဲဖြစ်ဖြစ် ဒီလိုကိစ္စမျိုးကျူးလွန်နေရင် အိုင်အယ်လ်အိုနဲ့ထိပ်တိုက်တွေ့မှာပဲ”ဟု အိုင်အယ်လ်အို ညွှန်ကြားရေးမှူးချုပ် Juan Somavia က ပြောသည်။

မြန်မာပြည်၏ပြဿနာကို ညှိနှိုင်းအဖြေရှာရန် အိုင်အယ်လ်အိုက နအဖအတွက် တံခါးဖွင့်ထားဆဲဖြစ်သော်လည်း အလုပ်မဖြစ်ပါက အခြားနည်းလမ်းကို ရှာဖွေသွားမည်ဟုလည်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများ ပပျောက်ရေးအတွက် အိုင်အယ်လ်အို၏ (၁၀) စုနှစ် တခုနီးပါးကြိုးပမ်းချက်များသည် အချည်းနှီးဖြစ်ခဲ့ပြီးနောက် လုံခြုံရေးကောင်စီ၊ တရားမျှတမှုဆိုင်ရာ နိုင်ငံတကာတရားခုံရုံး၊ (အိုင်စီဂျေ) နှင့် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (အိုင်စီစီ) တို့ထံ တင်ပြရန် အုပ်ချုပ်ရေးအဖွဲ့ကစီစဉ်နေခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် စက်တင်ဘာလမှစ၍ မြန်မာ့အရေးကိုတရားဝင်ဆွေးနွေးမှုများပြုလုပ်နေပြီး မကြာမီတွင် အရေးယူရေးဆုံးဖြတ်ချက် မူကြမ်းတခုတင်ပြသွားမည်ဟု အမေရိကန်က သတိပေးထားသည်။

အိုင်အယ်လ်အို အုပ်ချုပ်ရေးအဖွဲ့သည် လာမည့်နှစ်မတ်လအတွင်း ကျင်းပမည့်အစည်းအဝေး၌ ကုလသမဂ္ဂ၏ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်သော နယ်သာလန်နိုင်ငံ၊ သဟိတ်မြို့တရားရုံး (အိုင်စီဂျေ) သို့ ခုံရုံးတင်ရေးကိစ္စကို ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး၊ ကမ္ဘာ့တရားရုံးက နိုင်ငံတကာစံနှုန်းများအတိုင်း နအဖကို ဆက်လက်အရေးယူသွားမည်ဟု အေပီသတင်းတပုဒ်တွင် ရေးသားထားသည်။

# မြန်မာပြည်သို့ လက်နက်နှင့်နည်းပညာ တရားမဝင်ရောင်းချ
# ဒေဝူးအရာရှိများကို ကိုရီးယားအစိုးရကစွဲချက်တင်



ဒေဝူးကုမ္ပဏီအား ဆန္ဒပြနေစဉ်

မြန်မာနိုင်ငံအတွင်းက ရေနံတူးဖော်ရေးလုပ်ငန်းအပါအဝင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများလုပ်ကိုင်နေသော တောင်ကိုးရီးယား ဒေဝူးကုမ္ပဏီအပါအဝင် ကုမ္ပဏီ (၇) ခုမှ ထိပ်တန်းအကြီးအကဲ (၁၄) ဦးကို မြန်မာနိုင်ငံအပေါ် လက်နက်ထုတ်လုပ်မှုနည်းပညာဆိုင်ရာများ တရားမဝင်တင်ပို့ရောင်းချမှုနှင့် တောင်ကိုးရီးယားအစိုးက ဒီဇင်ဘာလ (၆) ရက်နေ့က စွဲချက်တင်လိုက်သည်။

ဒေဝူးကုမ္ပဏီဥက္ကဋ္ဌ လီခေယောင်အပါအဝင် တောင်ကိုးရီးယားကုမ္ပဏီများမှ ထိပ်ဆုံးအရာရှိ (၁၄) ဦးကို တောင်ကိုးရီးယားအစိုးရက စွဲချက်တင်လိုက်သောသတင်းကို တောင်ကိုးရီးယားနိုင်ငံတဝှမ်း ရုပ်မြင်သံကြားဌာနများကကြေညာသည်။

ဆိုးလ်မြို့ရှိ အဲန်အယ်လ်ဒီလွတ်မြောက်နယ်မြေ ကိုးရီးယားဌာနခွဲ ပြန်ကြားရေးတာဝန်ခံ ကိုရန်နိုင်ထွန်းက ....

သတင်းတွင် ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီက ကိုရီးယားအစိုးရ၏ ခွင့်ပြုချက်မပါဘဲ မြန်မာနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ၊ စစ်အထောက်အကူပစ္စည်းနှင့် နည်းပညာများဖြန့်ဖြူးခဲ့ကြောင်း၊ ၎င်းကိစ္စနှင့် စပ်လျဉ်း၍ ထိပ်တန်းအရာရှိ (၁၄) ဦးကို ဖမ်းဆီးလိုက်ကြောင်း ပါရှိသည်ဟု ဗွီအိုအေသို့ ပြောသည်။

ဒေဝူးကုမ္ပဏီသည် မြန်မာနိုင်ငံကို စစ်လက်နက်ပစ္စည်းနှင့် စစ်လက်နက်အထောက်အကူပြုပစ္စည်းများကို တရားမဝင်ရောင်းချသည့်ကိစ္စနှင့် ပတ်သက်၍လွန်ခဲ့သောလများအတွင်းက သတင်းများစတင်ထွက်ပေါ်ခဲ့ပြီး၊ ကုမ္ပဏီက ၎င်းကိစ္စကိုငြင်းဆန်ခဲ့သည်။

နိုင်ငံရေးလေ့လာသူများက ဒေဝူးကုမ္ပဏီက လက်နက်အရောင်းအဝယ်ကိစ္စသည် နိုင်ငံတကာကုမ္ပဏီကြီးများ လုပ်လေ့လုပ်ထရှိသော အမှုအကျင့်ဖြစ်ကြောင်း၊ ဒေဝူးသည် မြန်မာ့ရေနံကိစ္စတွင် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နေရသဖြင့် စစ်အုပ်စုအလိုကျအောင် လုပ်ဆောင်ခဲ့ပုံရကြောင်း သုံးသပ်သည်။

ဒေဝူးကုမ္ပဏီကို တောင်ကိုးရီးယားအစိုးရက အရေးယူလိုက်ခြင်းသည် မြန်မာအစိုးရကို ပြင်းပြင်းထန်ထန် ဆန့်ကျင်နေသော အမေရိကန်အစိုးရနှင့် တောင်ကိုးရီးယားအစိုးရတို့၏ နီးကပ်သောဆက်ဆံရေးကြောင့်လည်း ဖြစ်နိုင်သည်ဟု ထိုင်းအခြေစိုက်နိုင်ငံရေးလေ့လာသူ ဦးအောင်နိုင်ဦးကဆိုသည်။

တောင်ကိုးရီးယားကုမ္ပဏီများကို မဟာဗျူဟာမြောက် နည်းပညာနှင့် ပစ္စည်းများ တရားမဝင် ပြည်ပတင်ပို့မှုအတွက် တောင်ကိုးရီးယားအစိုးရက စွဲချက်တင်ခြင်းသည် ယခုအကြိမ်သည် ပထမဆုံးဖြစ်သည်။

ဒေဝူးအရာရှိများကို ကိုရီးယားအစိုးရက အရေးယူလိုက်သည့်ကိစ္စကို ရွှေဂတ်စ်လှုပ်ရှားမှုအဖွဲ့ကကြိုဆိုလိုက်ပြီး၊ ကိုရီးယားရှိ လူ့အခွင့်အရေး မဟာမင်းကြီးရုံးမှတဆင့် ရခိုင်ပြည်တွင် ဒေဝူးကုမ္ပဏီက အကောင်အထည်ဖော်နေသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းရပ်ဆိုင်းအောင် ဆက်လက်ဖိအားပေးသွားမည်ဟုဆိုသည်။

ရွှေဂတ်စ်လှုပ်ရှားမှုအဖွဲ့သည် ဒေဝူးကုမ္ပဏီ၏ ရွှေဓာတ်ငွေ့စီမံကိန်းကြောင့် ဒေသတွင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိလာနိုင်သဖြင့် စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းပေးပြီးဒေဝူးကုမ္ပဏီ မြန်မာပြည်မှ ထွက်ခွာသွားရေးအတွက် ကမ္ဘာတဝှမ်းတွင် စည်းရုံးလှုပ်ရှားလျက်ရှိသည်။ ❖

# နှတ်စည်မောင်းသံ ကြားတယ် ကြားတယ်

❑ ကျနော်ယုံကြည်နေတာက အမေဟာ ကျနော်တို့နောက်ကပဲဖြစ်ဖြစ်၊ လူထုကြီး နောက်ကပဲဖြစ်ဖြစ်
"ငါက ကြီးပါပြီကွယ်" ဆိုပြီး
နေခဲ့မယ့်အမျိုးအစားထဲမှာ ဘယ်တော့မှ ကျန်ရစ်ခဲ့မယ်မထင်ဘူး ...❑

ဇွန်မှိုင်း

(၁)

"*ဒီတခါ မွေးနေ့မှာ*
အမေ ဘယ်လိုလွမ်းရှာမယ်
ကျနော်တို့ ကိုယ်ချင်းစာမိပါတယ်
ကျနော်တို့လည်း လွမ်းပါတယ် အမေ"

ကဗျာဆရာ ဆရာဖိုးသံ (လူထု) ရဲ့ ကဗျာကို ကဗျာဆရာ ဆရာမြင့်ဇေကရွတ်ပေးနေခိုက်မှာ အမေဘယ်လိုလွမ်းရှာမလဲ။ အမေဘယ်ကိုလွမ်းရှာမလဲ၊ ကျနော်လည်း စဉ်းစားနေမိတယ်။

မနှစ်က ဒီအချိန်ဆို ....

အမေ့ဘေးမှာ ဒေါက်တာသန်းထွန်းလည်းရှိ၊ တော်ဘုရားလေးလည်းရှိခဲ့တယ်။ ဆရာတာရာလည်းရှိ၊ လူထုဦးစိန်ဝင်းလည်း ရှိခဲ့တယ်။

စာပေလောက၊ အနုပညာလောကနဲ့ နိုင်ငံရေးလောကက အမေ့သားတွေ အမေ့သမီးတွေနဲ့ အမေ့မြေးတွေ တော်တော်စုံစုံရှိခဲ့ကြတယ်။

အကျဉ်းထောင်အသီးသီးက ပြန်လည်လွတ်မြောက်လာစ ကိုမင်းကိုနိုင်၊ ကိုကိုကြီးနဲ့ ကိုဌေးကြွယ်စတဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားတွေလည်းရှိခဲ့တယ်။

ဒီနှစ်တော့အမေ့ဘေးမှာ ဒေါက်တာသန်းထွန်းလည်းမရှိ၊ တော်ဘုရားလေးလည်း မရှိ၊ ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားတွေလည်းမရှိ၊ ပြောရရင် မယ်ဇယ်ပင်တန်းနဲ့ တောင်သမန်အင်းစောင်းတောင်ရှိခွင့်မရဖြစ်ခဲ့ရပါတယ်။

(၂)

အမေလွမ်းရှာမှာ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ (၂၉) ရက်နေ့က တောင်သမန်အင်းစောင်း တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပတဲ့ (၇၉) နှစ်မြောက် အမေ့မွေးနေ့တုန်းက အမေ့လွမ်းပုံလေး ကျနော်ပြန်သတိရမိတယ်။

"အမေကလေ ကိုဝင်းတင်လည်းလွတ်လာတယ်ကြားတော့ ဝမ်းသာပြီးမျှော်နေတာပေါ့။ နောက်တော့ မပါဘူးဆိုတော့လည်း အရင်ကတည်းက တွက်ထားပြီးသားပဲလို့အောက်မေ့ပြီး နေလိုက်တာပါပဲ။ နောက်တော့ ဒုဝန်ကြီးကိုယ်တိုင်ကလွတ်ပေးမယ့်လူတွေရဲ့စာရင်းထဲမှာ ဦးဝင်းတင်ပါ ပါတယ်လို့ပြောတော့လည်း ပြန်ပြီးမျှော်နေမိတာပေါ့ကွယ်။ ဟုတ်တယ်မို့လား။ ဒုဝန်ကြီးကိုယ်တိုင်က ပြောနေတာကိုး။ နောက်ဆုံးကျတော့လည်း လွတ်မလာပါဘူး။ အမေ့စိတ်ထဲနှစ်ရက်လောက် စိတ်မကောင်းဖြစ်သွားတယ်။ စားလို့လည်းမကောင်း၊ အိပ်လို့လည်းမကောင်းနဲ့ အတော်နေမကောင်းဖြစ်သွားရတယ်။

နဂိုကတည်းက ကိုဝင်းတင်ကိုတော့ ဘယ်တော့မှ လွှတ်ပေးမှာ မဟုတ်ပါဘူးလို့ တွက်ထားပြီးသားပါ။ သူကတော့ ဒီမိုကရေစီရမှပဲ လွတ်တော့မှာထင်ပါရဲ့"

အမေ့လွမ်းပုံက အဲဒီလိုမျိုး။

သူ့ရင်ထဲမှာရှိတာကို ရှိတဲ့အတိုင်း ရိုးရိုးရှင်းရှင်းလေးပြောတာကကိုပဲ စစ်အုပ်စုအတွက်တော့ ကြက်သီးထစရာ ဖြစ်ဖြစ်သွားစေတာပါ။

ဒုဝန်ကြီးကိုယ်တိုင်က လွှတ်ပေးမယ့် လူစာရင်းထဲ ဦးဝင်းတင်ပါပါတယ်လို့ အသေအချာပြောပြီးကာမှ၊ လွှတ်ပေးဖို့ အဝတ်အစားလဲခိုင်း၊ ပစ္စည်းပါသိမ်းခိုင်းပြီး ထောင်ဗူးဝထိ ခေါ်ထုတ်လာခဲ့ပြီးကာမှ လွှတ်မပေးတော့ပဲ ပြန်ဖမ်းထား ပြန်ချုပ်ထားတဲ့ အဖြစ်ဟာ အမေ့ကို အတော့်ကိုပဲစိတ်ထိခိုက်စေခဲ့တာပါ။

စစ်အုပ်စုယန္တရားရဲ့ အမြီးအမောက်မတည့်တဲ့ ပရမ်းပတာနိုင်မှုတွေကို အမေကသူ့အလွမ်းစကားနဲ့ ဖော်ထုတ်ပြသလိုက်တာလေးကိုက အမေ့ရဲ့ထူးခြားတဲ့ အနုပညာပါလို့ ကျနော်ဆိုချင်တယ်။

(၃)

မနှစ်က အမေ့မွေးနေ့မှာ ဆရာကြီးဒေါက်တာသန်းထွန်းကို ကိုမင်းကိုနိုင်တို့အုပ်စုက သူတို့ဆောင်ရွက်လုပ်ကိုင်နေမှုတွေနဲ့ ပတ်သက်ပြီးတော့ ဆရာကြီးအမြင်သိပါရစေ၊ အကြံပေးစရာ၊ ဆုံးမထောက်ပြစရာရှိရင် ဆုံးမထောက်ပြပေးပါလို့ မေတ္တာရပ်ခံပန်ကြားကြတော့ ....

ဆရာကြီးက ဒီလိုဖြေပါတယ် ....

"လုပ်လက်စအလုပ်ကို ဆက်လုပ်ကြပါ" တဲ့။

ဝါကျတစ်ကြောင်းထဲနဲ့ ခရီးအများကြီးရောက်သွားစေတဲ့ အကြံပြုစကားပါ။

ဒီစကားဟာ ကျောင်းသားတွေအတွက်လည်း ကျေနပ်အားရ၊ အမေမာအပါအဝင် ကြားကြားသမျှ ဘယ်သူမဆိုအတွက်လည်း ကြည်နူးချမ်းမြ ဖြစ်စေခဲ့ပါတယ်။

အခုတော့ ....

ဒီစကားကိုပြောကြားခဲ့တဲ့ ဆရာကြီးလည်း အမေ့နားကို ရောက်မလာနိုင်တော့သလို၊ အဲဒီစကားရဲ့ လမ်းညွှန်ချက်အတိုင်းလုပ်လက်စအလုပ်ကို ကျားကုပ်ကျားခဲဆက်လုပ်နေကြတဲ့ ကျောင်းသားတွေလည်း အမေ့နားကို ရောက်မလာနိုင်ကြတော့ဘူး။

အမေဘယ်လောက်များ စိတ်ထိခိုက်ရှာလိုက်လေမလဲ။

(၄)

"အမေဆိုတာ
ကန်တော့ဖို့
ခြေဆုပ် လက်နယ်ပြုဖို့
မသိမီတာ မေးဖို့
ဒါပေမယ့် ခုတော့
အမေ့ကို စကားပြောခိုင်း
အင်တာဗျူးတွေ ဖြေခိုင်း
(ကျနော်တို့ကလေ)
အမေ့ကိုရှေ့တန်းက ပါခိုင်းနေတယ်"

ကိုဖိုးသံ ပြောတာလည်း မှန်ပါရဲ့
ဒါပေမယ့်လေ ....

ကျနော်ယုံကြည်နေတာက အမေဟာ ကျနော်တို့နောက်ကပဲဖြစ်ဖြစ်၊ လူထုကြီး နောက်ကပဲဖြစ်ဖြစ် "ငါက ကြီးပါပြီကွယ်" ဆိုပြီး နေခဲ့မယ့်အမျိုးအစားထဲမှာ ဘယ်တော့မှ ကျန်ရစ်ခဲ့မယ်မထင်ဘူး။

"အမေကြုံဖူးသလောက်ခေတ်တွေမှာ ဒီခေတ်လောက်တခါမှ ဒီလိုဆိုးဆိုးဝါးဝါး မဖြစ်ရဖူးဘူး။ အဲ့ဒါဘာဖြစ်လို့လဲဆိုတော့လေ ဒို့အပေါ်အုပ်ချုပ်တဲ့သူတွေက ရပ်တည်ချက်မမှန်ဘူးကွ၊ သူတို့က သူတို့ဖို့ချည်းပဲကြည့်တာ၊ အဲဒီတော့ ဘာဖြစ်ဖြစ်သူတို့အတွက်ပဲ စဉ်းစားတာပဲ"

လူထုတရပ်လုံး (စစ်အုပ်စုနဲ့ အလွမ်းသင့်သူ လက်တဆုပ်စာကလွဲလို့) အကုန်လုံး ဆိုးဆိုးဝါးဝါးကို အတိဒုက္ခရောက်နေတာကို အမေကတိတိ ကျကျမြင်အောင်ကြည့်တယ်။ စစ်အုပ်စုရဲ့ ဗိုလ်ကျရမ်းကားမှုကြောင့် စစ်အုပ်စုဟာ သူ့အကျိုးစီးပွားသက်သက်လေးကိုသာ ကွက်ကွက်ကလေးကြည့်နေမှုကြောင့်ဆိုတာ ရှင်းရှင်းမြင်တယ်။ ရှင်းရှင်းမြင်တာကို ရှင်းရှင်းပဲပြောတယ်။ ဘာကိုမှ ဝေဝေဝါးဝါးလုပ်မထားဘူး။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၁၊ ၂၂၊ ၂၃ ရက်နေ့တွေက ချင်းမိုင်မှာလုပ်သွားတဲ့ စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းသမဂ္ဂရဲ့ညီလာခံကို လှမ်းပါးလိုက်တဲ့ အမေ့ရဲ့နှုတ်ဆက်စကားမှာ စာနယ်ဇင်းသမားတယောက် ထားရှိအပ်တဲ့သဘောထား၊ ကိုင်စွဲသင့်တဲ့ရပ်တည်ချက်တွေနဲ့ပတ်သက်ပြီး အမေ့ရဲ့အမြင်ကိုအခုလိုပဲ ရိုးရိုးရှင်းရှင်းပြောပြပါတယ် ....

"အမေကလေ၊ သတင်းစာဆရာဆိုတာဘယ်သူ့ကို ကိုယ်စားပြုတာတုန်း ကိုယ်စားပြုတာကို သူကအကျိုးပြုတာကွ။ အဲတော့ ဒို့ရပ်တည်ချက်မှန်ဖို့သိပ်လိုတယ်နော်။ ဒို့နိုင်ငံမှာ ကနေ့ဘာတွေဖြစ်နေတုန်း။ လူတွေအများစုကို ကိုယ်စားပြုမယ်ဆိုရင် အကုန်လုံးက ဆင်းရဲနေတာ။ အမေ့တသက်လေ၊ အမေကိုးဆယ်ကျော်ပြီနော်။ အမေ့တသက် ဒီခေတ်လောက် ဆင်းရဲတာ၊ လူတွေဒုက္ခဖြစ်တာမကြုံဖူးဘူး။ အဲဒါ .... အဲဒီဆင်းရဲနေတဲ့ လူတွေကို ကိုယ်စားပြုမယ်ဆိုရင် မင်းတို့ရပ်တည်ချက်မှန်မှာပဲ"

အဲဒီလိုရပ်တည်ချက်၊ အဲဒီလိုသဘောထားတွေနဲ့ဆိုတော့ အမေကဘယ်လိုလုပ်ပြီး နောက်ချန်နေရစ်လို့ ဖြစ်တော့မှာလဲ .... လူထုအပေါ်ထားတဲ့ အမေ့ရဲ့ တန်ဖိုးထားမှုနဲ့ စေတနာက အသက် (၉၁) နှစ်ဆိုတာကို မှုန်ဝါးသွားစေခဲ့တယ်လို့ ဆိုရမှာပါ။

(၅)

"မန္တလေးကလူထုဦးလှ၊ လူထုဒေါ်အမာတို့ပိုင်တဲ့ လူထုသတင်းစာကို (၁၉၄၉) ခုနှစ်မှာ မန္တလေးနန်းတွင်းရှိစစ်တပ်က ပုံနှိပ်စက်တွေမှာ ဒိုက်နမိုက်လာတပ်ပြီးဖောက်ခွဲပစ်ခဲ့ပါတယ်။ အယ်ဒီတာချုပ် ဆရာကြီးရွှေဥဒေါင်းနဲ့ လူထုဦးလှတို့ကို နန်းတွင်းကို ဖမ်းဆီးခေါ်ဆောင်သွားချိန်မှာ ကျန်နေရစ်တဲ့ လူထုဒေါ်အမာနဲ့သားသမီးများကို အိမ်ရှေ့ထုတ် တန်းစီပြီးပစ်သတ်ဖို့ သေနတ်နဲ့ ချိန်ရွယ်ထားခဲ့ပါတယ်။ ပစ်မိန့်စောင့်ချိန်မှာ ဝိုင်းအုံလာကြတဲ့ မြို့လူထုနဲ့ဘုန်းတော်ကြီးတပါးက အတင်းအကြပ်တောင်းပန်မေတ္တာရပ်ခံတာကြောင့် မပစ်ပဲ လွှတ်ပေးခဲ့တာဖြစ်ပါတယ်" ဥဒါန်းမဂ္ဂဇင်းထဲက လူထုဦးစိန်ဝင်းရဲ့ 'ဦးဝင်းတင်သို့မဟုတ် တော်လည်းတော် ကောင်းလည်းကောင်းတဲ့သူ' ဆောင်းပါးထဲကပါ။ သတင်းစာတိုက်ကို ဒိုက်နမိုက်နဲ့ ခွဲတယ်တဲ့။ သတင်းစာတိုက်ပိုင်ရှင်နဲ့ အယ်ဒီတာချုပ်ကို ဖမ်းဆီးတယ်တဲ့။ ပြီးတော့ အမေမာနဲ့ကလေးတွေကို သေနတ်နဲ့ချိန်ရွယ်ပြီးတော့ ပစ်မယ်တကဲကဲလုပ်တယ်တဲ့။

အဲဒါက ဖဆပလရဲ့ ပါလီမန်ဒီမိုကရေစီခေတ်။ တော်လှန်ရေးကောင်စီတက်လာတော့လည်း ကြည့်ပါဦး။ ဆန်ပြဿနာကို မဖြေရှင်းနိုင်လို့ လူထုရဲ့အာရုံကိုပြောင်းပစ်ဖို့ တရုတ်ဗမာအဓိကရုဏ်းကို စစ်အုပ်စုကဖန်တီးလာတဲ့အခါ ....

လူထုသတင်းစာဟာ မှန်မှန်ကန်ကန်ရပ်တည်ပြလိုက်တော့ ကြုံခဲ့ရပုံကို လူထုဦးစိန်ဝင်းက သူ့ဆောင်းပါးမှာ အခုလို ဆက်လက်ဖော်ပြပါတယ်၊

"(၁၉၆၇) ဂျူလိုင် တရုတ်အရေးအခင်းကာလမှာ လူထုသတင်းစာ အပိတ်ခံရတော့ ရန်ကုန်တိုက်ခွဲနဲ့ မန္တလေးတိုက်က အယ်ဒီတာနဲ့ ဝန်ထမ်းစုစုပေါင်း (၆) ယောက် အဖမ်းခံခဲ့ရပါတယ်"

(၆)

သားအကြီးဆုံး မြေပေါ်မှာရပ်လို့မရတော့ မြေအောက်ဆင်းရ။ သားအလတ်လည်း ဒရကြမ်းလိုက်ဖမ်းတော့ မြေအောက်ဆင်းရ။ သားအငယ်ကိုလည်း ဆယ်စုတစုစာထောင်ချထား။

ခင်ပွန်းနဲ့ ကိုယ်ကိုယ်တိုင်ကိုလည်း ခဏခဏ ခေါ်ယူထိန်းသိမ်း၊ သတင်းစာတိုက်ကိုပိတ်ပစ်၊ ရေးသားသမျှစာတွေကို ကန့်သတ်၊ စာနယ်ဇင်းသမားတဦးရဲ့ အခွင့်အရေးကို သာမက နိုင်ငံသားတဦးရဲ့ အခွင့်အရေးအထိပါ စိစိညက်ညက်ကြေအောင်နင်းချေပြီး မျိုးစေ့ကို ရေနွေးဖျောပစ်သလို၊ အပင်ငယ်ကို ရေနွေးပွက်ပွက်ဆူနဲ့ လောင်းပစ်သလိုမျိုးကို ခံခဲ့ရတာပါ။

အမေမာတို့မိသားစုဟာ ဒီအဖြစ်ဆိုးတွေကို ရက်တချို့၊ လတချို့၊ နှစ်တချို့သာခံခဲ့ရတာမဟုတ်ဘူး။ ရာစုတဝက်ကျော်ကျော်တောက်လျှောက် ခံလာရတာပါ။

"အမေ့မှာ
နာကျည်းစရာ
ဒေါသဖြစ်စရာ
ခံပြင်းစရာတွေ အသင်္ချေအနန္တ
လွန်စွာမှ များလှပေမယ့်
အခု အမေလုပ်နေတာတွေဟာ
လက်စားချေတာလည်း မဟုတ်
လက်တုန့်ပြန်တာလည်း မဟုတ်
စေတနာ မေတ္တာဂရုဏာသက်သက်နဲ့
အသက်မငဲ့ပဲ လုပ်နေမှန်း
သန်းပေါင်းငါးဆယ် သိပါတယ်အမေ"

ပုဂ္ဂိုလ်ရေးနာကျင်မှုတွေ၊ ပုဂ္ဂိုလ်ရေး

စာမျက်နှာ (၁၃) ကော်လံ (၁) သို့



# ပြည်ပရောက်မြန်မာစာနယ်ဇင်းသမားများကွန်ဖရင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်အောင်မြင်စွာကျင်းပပြီးစီး



ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်ကျင်းပသော မြန်မာစာနယ်ဇင်းသမားများကွန်ဖရင့်အခမ်းအနား

ပြည်ပရောက် မြန်မာစာရေးဆရာများ၊ သတင်းစာဆရာများ တက်ရောက်ဆွေးနွေးသော စတုတ္ထအကြိမ်မြောက်မြန်မာ့သတင်းသမဂ္ဂ (ဘီအမ်အေ) ၏ ကွန်ဖရင့်ကို ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် နိုဝင်ဘာလ (၂၁) ရက်နေ့မှ (၂၃) အထိကျင်းပခဲ့သည်။

ကမ္ဘာအရပ်ရပ်မှ မြန်မာစာနယ်ဇင်းသမား (၁၀၀) ကျော်တက်ရောက်သောကွန်ဖရင့်တွင် ပြည်ပရောက်မြန်မာစာနယ်ဇင်းသမားများကို အကာအကွယ်ပေးရေးအတွက် ဘီအမ်အေက နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများနှင့် ဆက်လက်လုပ်ဆောင်နေသည့်အခြေနေများကို သမဂ္ဂဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ရှင်းလင်းပြောကြားခဲ့သည်။

အနည်းဆုံး ခရီးသွားလာခွင့်တခုအဖြစ် အသုံးဝင်နိုင်ဖွယ်ရှိသော သတင်းသမားအသိအမှတ်ပြုလက်မှတ်များကို တနှစ်အတွင်းရရှိအောင်ကြိုးပမ်းသွားမည်ဟု သူကရှင်းပြသည်။

အစည်းအဝေးတွင် မြန်မာ့သတင်းသမဂ္ဂကပြုစုထားသော သတင်းသုံးဝေါဟာရများနှင့် သတင်းသုံးနာမည်များ အသံထွက်လမ်းညွှန်စာအုပ်နှစ်အုပ်ကိုဝေငှခြင်း၊ ယခင်နှစ်အစီအစဉ်များတွင် မပါဝင်ခဲ့သော မီဒီယာအဖွဲ့အစည်းအသီးသီး၏ မှတ်တမ်းတင်ဗွီဒီယိုကားများ ပြသခြင်းများပါဝင်ခဲ့သည်။

၎င်းအပြင် ကွန်ဖရင့်ကျင်းပသည့်ရက်သည် သတင်းစာဆရာမကြီး လူထုဒေါ်အမာ၏မွေးနေ့နှင့် နီးကပ်နေချိန်ဖြစ်သဖြင့် ကွန်ဖရင့် ဒုတိယနေ့ညနေပိုင်းတွင် လူထုဒေါ်အမာ၏ မွေးနေ့အကြိုအခမ်းအနားတရပ်နှင့် စာပေသမားများက ပြုလုပ်ခဲ့သည်။

အစည်းအဝေးနောက်ဆုံးနေ့တွင် မြန်မာ့သတင်းသမဂ္ဂ ဥက္ကဋ္ဌဦးမောင်မောင်မြင့်က ဘီအမ်အေက လက်ရှိဆောင်ရွက်နေသော မြန်မာမီဒီယာအင်စတီကျု ပေါ်ပေါက်လာရေးအစီအစဉ်များ၊ မြန်မာသတင်းသမားများ အရည်အချင်းမြှင့်တင်ရေးအတွက် ရည်ရွယ်သောအဆိုပါ အင်စတီကျုပေါ်ပေါက်လာပါက ဖြစ်လာနိုင်ဖွယ်ရှိသော အလားအလာနှင့်ပတ်သက်၍ အကျဉ်းရုံးရှင်းပြခဲ့သည်။

မြန်မာသတင်းသမဂ္ဂကို ပြည်ပသတင်းစာဆရာများနှင့် စာရေးဆရာများက (၂၀၀၁) ခုနှစ် ဇန်နဝါရီတွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ကမ္ဘာအရပ်ရပ်မှ မြန်မာစာနယ်ဇင်းသမားအဖွဲ့ဝင်ပေါင်း (၁၅၀) ကျော်ရှိနေကြောင်း သိရသည်။

ဝေဖန်မှုများကြားမှ တနှစ်တကြိမ်ကျင်းပလေ့ရှိသော ဘီအမ်အေကွန်ဖရင့်တွင် မြန်မာစာနယ်ဇင်းလောက၏ ဖြစ်ပေါ်တိုးတက်နေမှုအခြေအနေ၊ သတင်းစာလွတ်လပ်ခွင့်၊ ရှေ့အလားအလာနှင့် အားနည်းချက်အားသာချက်များကို မြန်မာစာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသူများက အတွေ့အကြုံဖလှယ်ခြင်း၊ အပြန်အလှန် မေးခွန်းထုတ်ခြင်းများဖြင့် ဆွေးနွေးငြင်းခုံလေ့ရှိသည်။ ❖

## ကိုမြင့်စိုးနှင့် အင်တာဗျူးမှ

ကောင်းစေတနာကောင်းနဲ့ ကျင်းပပေးမယ်။ နိုင်တဲ့အဖွဲ့အစည်းကို အာဏာလွှဲပြောင်းပေးပါ့မယ်လို့ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းက အာမခံချက်ပေးနိုင်မှာလဲ။ တရုတ်လား၊ ရုရှားလား။ အာဆီယံလား ဘက်မလိုက်နိုင်ငံတွေလား။ ကိုယ်ကျင်သိက္ခာချို့တဲ့နေတဲ့အစိုးရကို ပေါင်းသင်းဆက်ဆံနေရတာကိုက ရှက်စရာပါ။

မိုးကြိုး။ ။ ဒါဆိုရင် အဖွဲ့ချုပ်ကပြောပြောနေတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတာ အလုပ်ဖြစ်ပါဦးမလား။

မြင့်စိုး။ ။ ဖြစ်နိုင်ပါတယ်။ ကောင်းကောင်းကြီးဖြစ်နိုင်ပါတယ်။ အဖွဲ့ချုပ်အနေနဲ့ ဒီတွေ့ဆုံဆွေးနွေးရေးတံခါးကို အမြဲတစေဖွင့်ထားပြီး ပိတ်ထားတဲ့ သူတို့တံခါးကို အဆက်မပြတ်ခေါက်ပြီး သတိပေးနေတာပါ။ တွေ့ဆုံဆွေးနွေး အဖြေရှာရေးဆိုတာ နာကျင်ခံရခက်တဲ့ဝေဒနာကို အသက်သာဆုံးဖြစ်စေမှာဖြစ်ပါတယ်။ ဒါပေမယ့် (အနည်းငယ်စဉ်းစားလျက်) ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်လာဖို့အတွက် တွေ့ဆုံဆွေးနွေးခြင်းသည်သာ တခုတည်းသောအဖြေဖြစ်တယ်လို့တော့ ဘယ်သူမှအာမခံနိုင်မှာမဟုတ်ပါဘူး။

မိုးကြိုး။ ။ ဒါဆိုရင် အာမခံနိုင်တဲ့အရာကဘာလဲ။

မြင့်စိုး။ ။ ယုံကြည်ချက်ခိုင်မာပြီး ပြင်းထန်တဲ့လူထုလှုပ်ရှားမှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ခေါင်းဆောင်မှုကို ဆက်စပ်ပေးနိုင်ရင်ဖြစ်ပါပြီ။ အဲသလို ဆောင်ရွက်နိုင်ဖို့ ကြားခံအနေနဲ့ လူတန်းစားအလွှာအသီးသီးက တက်ကြွပြီး ပြတ်သားတဲ့ နိုင်ငံရေးလှုပ်ရှားသူတွေ လိုပါတယ်။ အဲဒီသူတွေက ပြည်သူလူထုကြားမှာ အဆက်မပြတ် လှုံ့ဆော်ပေးနေဖို့ လိုပါတယ်။

မိုးကြိုး။ ။ ခင်ဗျားလဲ ပြည်ပရောက်တခြားသူတွေလိုပဲ ပြည်တွင်းကပြည်သူတွေ လှုပ်ရှားကြဖို့ တိုက်တွန်းနေတာပဲ မဟုတ်လား။

မြင့်စိုး။ ။ "ချိန်တန်ပြီ"လို့ပဲပြောချင်ပါတယ်။ အရင်အချိန်တွေနဲ့စာရင် လက်ရှိအနေအထားက အကောင်းဆုံးအနေအထားကို ရောက်နေပြီလို့ယူဆပါတယ်။ လုံခြုံရေးကောင်စီ ILO စသည်ဖြင့်ပေါ့။ ပြည်တွင်းကလှုပ်ရှားမှုအားကောင်းလေလေ .... အောင်ပွဲနဲ့နီးလေလေဖြစ်မှာပါ ပြည်ပက အဖွဲ့အစည်းပေါင်းစုံကလည်း ပြည်တွင်းကို အထူးအာရုံစိုက်ပြီး ဝိုင်းဝန်းကူညီနေကြမှာဖြစ်ပါတယ်။ အဖွဲ့ချုပ်ခေါင်းဆောင်တွေကတော့ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်နဲ့ အစိုးရတရပ်ပေါ်ပေါက်ရေးမှာ အာရုံစိုက်ပြီး တစိုက်မတ်မတ် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ခိုင်ခိုင်မာမာဆောင်ရွက်နေဆဲဆိုတာလည်း ယုံကြည်ပါတယ်။ အဖွဲ့ချုပ်ရဲ့ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်အများအပြားလဲ တခြားသောနိုင်ငံရေးခေါင်းဆောင်များနည်းတူ ဖမ်းဆီးထိမ်းသိမ်းခံနေရဆဲ ဖြစ်တယ်ဆိုတာလဲ သတိပြုမိပါတယ်။ အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးလှုပ်ရှားမှု တဆင့်ပြီးတဆင့်တက်တိုင်း တဖမ်းထဲ ဖမ်းနေတယ်။ တဖမ်းထဲ ဖမ်းနေတယ်ဆိုတာသိလျှက်နဲ့ တဆင့်ပြီးတဆင့် တက်နေအုံးမှာပါပဲ။ အခြေအနေနဲ့ အချိန်အခါအရပေါ့။

မိုးကြိုး။ ။ ခုတလော အသံထွက်လာတဲ့ မန္တလေးကဒေါက်တာ ....

မြင့်စိုး။ ။ ချာလီချက်ပလင်လို နိုင်ငံရေးသမားမျိုးလဲ ရှိကောင်းရှိနိုင်ပါတယ်။ မပြောပလောက်ပါဘူး။

မိုးကြိုး။ ။ အဖွဲ့ချုပ်အနေနဲ့က တခါတရံ ဆုံးဖြတ်ချက်အမှားအယွင်းများ ရှိခဲ့ဘူးမယ်လို့ ယူဆပါသလား။

မြင့်စိုး။ ။ ရှိကောင်းရှိနိုင်ပါတယ်။

မိုးကြိုး။ ။ ဘာတွေမှားယွင်းခဲ့ဘူးပါသလဲ။

မြင့်စိုး။ ။ ခင်ဗျားကိုပြောပြဖို့မှ မဟုတ်တာ။

၁၃၊ ၁၂၊ ၀၆။

## ဒီလစကားမှတ်သားဖွယ် ...



"အမေကြုံဖူးသလောက်ခေတ်တွေမှာ ဒီခေတ်လောက် တခါမှ ဒီလိုဆိုးဆိုးဝါးဝါး မဖြစ်ရဖူးဘူး။ အဲဒါဘာဖြစ်လို့လဲဆိုတော့လေ။ ဒို့အပေါ် အုပ်ချုပ်တဲ့သူတွေက ရပ်တည်ချက်မမှန်ဘူးကွ။ သူတို့က သူတို့ဗိုဳ့ချည်းပဲကြည့်တာ။ အဲဒီတော့ ဘာဖြစ်ဖြစ်သူတို့အတွက်ပဲ စဉ်းစားတာပဲ။"

လူထုဒေါ် အမာ၊ သတင်းစာဆရာမကြီး။



"ကျနော်ကတော့ဘဝဖြတ်သန်းလာတဲ့ အတွေ့အကြုံ၊ သမိုင်းခေတ်ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ ကျနော်တို့နိုင်ငံမှာ အခုအလိုအပ်ဆုံးကတော့ ငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်းရေးရှိမှ ပညာရှိတွေရော၊ ပညာရှင်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာရော ဖွံ့ဖြိုးနိုင်ပါတယ်။ လူမှုရေး ပညာရေးတွေမှာရော ဖွံ့ဖြိုးနိုင်တယ်လို့ ကျနော်ယုံကြည်တဲ့အတွက် ကျနော်ရဲ့ ငြိမ်းချမ်းရေးသဘောထားကိုပဲ ထပ်မံပြီးတော့ ပြောပါရစေ။"

ဒဂုန်တာရာ၊ စာရေးဆရာ၊ ကဗျာဆရာ။



"တကမ္ဘာလုံးရဲ့ အမြင်သဘောထား ဘယ်လိုရှိတယ်ဆိုတာကို ဂရုမစိုက်ဘဲ (ခေါင်းမာတဲ့) စစ်အုပ်စုကို လွှမ်းမိုးဖို့ဆိုတာ တကယ်မလွယ်ဘူး။ အားမလိုအားမရဖြစ်စိုဖို့လည်းကောင်းတယ်။ ... ဒီကိစ္စ (မြန်မာပြည်ကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့တဲ့ကိစ္စ) မှာတော့ သမတဘုရှ်နဲ့ ကျနော်ရပ်တည်ချက်တူတယ်"

ဂျော့ဂျ်ဆိုးရော့စ် (George Soros)၊ အမေရိကန်သန်းကြွယ်သူဌေးကြီး။



"မကြာခင်ရက်တွေမှာကျနော်တို့ မူကြမ်းတရပ် တင်သွင်းပြီး ဆက်လက်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒီမူကြမ်းက မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံတကာလုံခြုံရေးနဲ့ တည်ငြိမ်မှုကို ခြိမ်းခြောက်နေတာတွေလျှော့ပါးသွားအောင် တိတိကျကျလိုက်နာဆောင်ရွက်ဖို့၊ တာဝန်ယူပြီး ကတိပေးဖို့၊ ပြောတဲ့အတိုင်းလုပ်ဖို့ တောင်းဆိုမှာဖြစ်ပါတယ်"

ဂျွန်ဘောလ်တန် (John R. Bolton)၊ ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်ကြီး



" မြန်မာပြည်မှာဖြစ်ပေါ်နေတဲ့ လူသားချင်းဆိုင်ရာ အခက်အခဲတွေကို ကမ္ဘာ့အဖွဲ့အစည်းတွေက ကူညီဖြေရှင်းပေးတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ချုပ်ခြယ်ကန့်သတ်လွန်းတဲ့ နိုင်ငံရေးစနစ်အပေါ် မှာ အပြစ်တင်ဝေဖန်မှုတွေလုပ်တဲ့အဆင့်ဟာ ကျော်လွန်နေပါပြီ။ ဒီ့ထက် လုပ်ကိုင်ဆောင်ရွက်ကြဖို့လိုပါတယ်"

အပြည်ပြည်ဆိုင်ရာအခက်အခဲပြဿနာများ ဖြေရှင်းရေးအဖွဲ့ကြီး (ICG)

# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်

## ဖခင်က အစပျိုးခဲ့သောလွတ်လပ်မှုအတွက်တိုက်ပွဲကို အမွေခံတဲ့သမီး




❑ စိတ်ဆတ်ပြီး ရိုးသားဖြောင့်မတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်အပြီး မြန်မာပြည်လွတ်လပ်ရေးအတွက် ဗြိတိသျှနဲ့ စေ့စပ်ညှိနှိုင်းခဲ့ပြီး ကွဲပြားတဲ့လူမျိုးစုတွေနဲ့ သန်းပေါင်းများစွာသော မြန်မာပြည်လူထုရဲ့ လေးစားမှုကို ရရှိခဲ့တယ် ❑

အိန္ဒိယလူမျိုးတွေ ဂန္ဒီအကြောင်းကို မေ့ပျောက်နိုင်ကြပြီလား။ အင်ဒိုနီးရှားပြည်သူတွေရော ဆူကာနိုကို လေးစားရကောင်းမှန်း မသိကြတော့ဘူးလား။ ဒါတွေက မဖြစ်နိုင်တဲ့ကိစ္စတွေပါ။

ဒီလိုပဲ မြန်မာပြည်မှာ လွတ်လပ်ရေးသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းဆိုတာလည်း မမေ့ရပ်ပုံလွှာတခုဖြစ်ပါတယ်။ လူမျိုးခြားအုပ်ချုပ်ခံခဲ့ရတဲ့ သူ့တိုင်းပြည်ကို ကယ်တင်ဖို့အတွက်ဂျပန်နဲ့ အင်္ဂလိပ်ကျူးကျော်သူတွေကို တွန်းလှန်တိုက်ခိုက်ခဲ့တယ်။ ခုတော့ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ အမည်နဲ့ ဝိသေသတွေ တရားဝင်ပြောဆိုခြင်း မခံရတော့ပါဘူး။ သူရဲ့ ငယ်ရွယ်ရဲရင့်တဲ့ မျက်နှာသွင်ပြင်ကိုလည်း မမြင်ကြရတာကြာပါပြီ။ သူရဲ့ ဂုဏ်မာန်ဆီလူတွေ မရောက်နိုင်အောင် ပိတ်ပင်ထားတာလည်း နှစ်တွေကြာညောင်းနေပါပြီ။ မြန်မာပညာရှင်တဦးကတော့ ဒီလုပ်ရပ်ကို “လူထုမှတ်ဉာဏ်ထဲက ဗိုလ်ချုပ်အောင်ဆန်းဝိညာဉ်ကို ဖျောက်ဖျက်တဲ့လုပ်ရပ်”လို့ဆိုပါတယ်။ “အောင်ဆန်း ဝိညာဉ်ဖျောက်ဖျက်ရေးစီမံချက်”ပေါ့။

ဒီကိစ္စတွေအတွက် အပြစ်တင်ရမှာက သူဖွဲ့စည်းထူထောင်ခဲ့တဲ့ စစ်တပ်ကိုပဲဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဒီစစ်တပ်က အာဏာသိမ်းခဲ့တယ်။ စစ်ဗိုလ်ချုပ်ကြီးများက ဗိုလ်ချုပ်အောင်ဆန်းဟာ အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဖခင်ဖြစ်တာကြောင့်ရယ်၊ ဒေါ်အောင်ဆန်းစုကြည်နာမည်ကို ဖျောက်ဖျက်ဖို့ကြိုးစားချင်တာတွေကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဝိညာဉ်ဖျောက်ဖျက်ရေးစီမံချက်မှာ လွတ်လပ်ရေးဖခင်ကြီးကို သိက္ခာချတဲ့အထိတောင် စော်ကားမော်ကား လုပ်လာကြပါတယ်။ ဒါပေမယ့် မြန်မာလူထုက ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းပြည်ရဲ့ဖခင်ကြီးအဖြစ် ကြည်ညိုမဆုံးပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းကို (၁၉၁၅) ခုနှစ်မှာ ရန်ကုန်မြို့မြောက်ဘက် ကီလိုမီတာ (၄၀၀) အကွာ၊ နတ်မောက်မြို့လေးမှာ မွေးဖွားပါတယ်။ အဖိုးဖြစ်သူက ဗြိတိသျှကျူးကျော်သူတွေကို တော်လှန်ခဲ့တဲ့ မျိုးချစ်တဦးဖြစ်သလိုပဲ ဗိုလ်ချုပ်အလောင်းလျာလေးမှာ ငယ်စဉ်ကတည်းက တော်လှန်သွေးအပြည့်ပါလာခဲ့တယ်။ အထက်တန်းလွှာတွေသာ တက်ခွင့်ရတဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသားလှုပ်ရှားမှုတွေကိုဦးဆောင်ခဲ့ပြီး၊ ဗြိတိသျှအုပ်ချုပ်မှုကို ဆန့်ကျင်တဲ့အနေနဲ့ “သခင်”လို့ အချင်းချင်းခေါ်ကြတဲ့ အမျိုးသားရေးဝါဒအခြေခံအဖွဲ့ (ဒို့ဗမာအစည်းအရုံး) ထဲဝင်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ကြီးထဲမှာ ဂျပန်တွေနဲ့စစ်အတူတိုက်ခဲ့တဲ့ သူ့တပ်တွေဟာ သူရဲ့ “လွတ်လပ်ရေးကလွဲလို့ ဘာမှ မလိုချင်တဲ့စိတ်”ကြောင့် မဟာမိတ်များနဲ့ပေါင်းပြီး ဂျပန်ကိုပြန်တိုက်ခဲ့တယ်။ စိတ်ဆတ်ပြီး ရိုးသားဖြောင့်မတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်အပြီး မြန်မာပြည်လွတ်လပ်ရေးအတွက် ဗြိတိသျှနဲ့ စေ့စပ်ညှိနှိုင်းခဲ့ပြီးကွဲပြားတဲ့ လူမျိုးစုတွေနဲ့ သန်းပေါင်းများစွာသော မြန်မာပြည်လူထုရဲ့ လေးစားမှုကို ရရှိခဲ့တယ်။

လွတ်လပ်ရေးမရမီ (၆) လအလို၊ ၁၉၄၇ ဇူလိုင်လမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူရဲ့ယာယီဝန်ကြီး (၆) ဦးဟာ နိုင်ငံရေးပြိုင်ဘက်အုပ်စုတွေက သေနတ်နဲ့ပစ်ခတ်လုပ်ကြံတာကို ခံလိုက်ရတယ်။ အသက် (၃၂) နှစ်သာရှိသေးတဲ့ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရခြင်းဟာ မြန်မာပြည်အတွက်တော့ ကံဆိုးမိုးမှောင်ကျမှုပါပဲ။ သူရဲ့ဦးဆောင်မှု အရှိန်အဝါတွေမရှိတော့တဲ့ မြန်မာပြည်ဟာ မကြာခင်မှာပဲ ပြည်တွင်းစစ်ထဲကို ကျရောက်သွားပါတယ်။ စစ်တပ်ဟာ တိုင်းပြည်အာဏာကို (၁၅) နှစ်ကြာသိမ်းပိုက်ထားပြီး လူထုကို ကြောက်ရွံ့နေအောင်၊ ဆင်းရဲတွင်းနက်အောင်၊ အထီးကျန်ဆန်အောင်တွန်းပို့လိုက်ပါတယ်။

စစ်အုပ်စုက ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်လိုပဲ ဥပက္ခာပြုပြု၊ သာမန်ပြည်သူလူထုတွေကတော့ ဗိုလ်ချုပ်အောင်ဆန်းကိုရော၊ ရက်ပေါင်း (၄,၀၀၀) ကျော်နေအိမ် အကျယ်ချုပ်ကျခံနေရတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးကိုရော မမေ့ကြပါဘူး။ တခါက ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့ဖခင်ကို “ကိုယ်ကျိုးထက် တိုင်းပြည်အကျိုးကို ဦးစားပေးသူ၊ ကိုယ်တိုင်ဆင်းဆင်းရဲရဲနေပြီး အာဏာအပေါ် မယစ်မူးသူ၊ ခေါင်းဆောင်မှုတာဝန်ကို ယူထားသော်လည်း ခေါင်းဆောင်အဖြစ်ကို မမက်မောသူ၊ အခွင့်ထူးမခံဘဲ ရိုးရိုးသားသားနေထိုင်သူ”လို့ ချီးကျူးခဲ့တယ်။

မြန်မာပြည်သူလူထုတွေကလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ သတ္တိရှိတဲ့သမီး၊ ဒေါ်အောင်ဆန်းစုကြည်ကို အလားတူချီးကျူးပံ့ပိုးသတ်မှတ်ထားကြမှာပဲဖြစ်ပါတယ်။

❑ နိုဝင်ဘာလထုတ်၊ တိုင်းမ်မဂ္ဂဇင်းတွင်ဖော်ပြသော “နှစ်ပေါင်း (၆၀) အတွင်းက အာရှသူရဲကောင်းများ”ကဏ္ဍတွင်သတင်းထောက် အန်ဒရူးမာရှယ်ရေးသားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည် အကြောင်းဆောင်းပါးကို ဘာသာပြန်ဆိုပါသည်။ ❖

# စိတ်ပိုင်းဆိုင်ရာဆွေးနွေးပေးမည့်ဌာနသစ် မဲတော်ဆေးခန်းတွင် တိုးချဲ့ဖွင့်လှစ်

မဲဆောက်မြို့ရှိရွှေ့ပြောင်း မြန်မာများသာမက နယ်စပ်ဒေသတချို့မှ မြန်မာများ၏ အားထားရာဖြစ်သော ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းတွင် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအကြံပေးဌာနတခုကို ဒီဇင်ဘာ (၆) ရက်၊ ဆရာမကြီး၏မွေးနေ့နှင့် တိုက်ဆိုင်ဖွင့်လှစ်ခဲ့သည်။



ဒေါက်တာစင်သီယာမောင်

မြန်မာအသိုင်းအဝိုင်းမှ မိတ်ဆွေများ၊ ထိုင်းဒေသခံမိတ်ဆွေများ၊ ဆေးခန်းမိသားစုများနှင့် သူမအားချစ်ခင်လေးစားသူ ပရိသတ် (၁,၅၀၀) ကျော်တက်ရောက်သော (၄၇) နှစ်ပြည့်မွေးနေ့အခမ်းအနားတွင် ဒေါက်တာစင်သီယာမောင်က ....

“ ဒီနေ့ မနက်မှာပဲ ကျမတို့မယ်တော်ဆေးခန်းမှာ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက် တဲ့ Counseling center (အကြံပေးဌာန) လေးတခုဖွင့်ပါတယ်။ ဒါလေးက ဆိုလို့ရှိရင် ကျမတို့ တဦးနဲ့တဦး အပြန်အလှန်စိတ်ပိုင်းဆိုင်ရာအမြင်တွေ၊ အသိတွေ ဖလှယ်ဖို့၊ ကျဆင်းနေတဲ့ ဆုံးရှုံးနေတဲ့ စိတ်ဓာတ်တွေကို ပြန်လည်ထူထောင်ဖို့၊ စိတ်ဓာတ်အင်အားပိုမိုခိုင်မာလာဖို့နဲ့ ကျမတို့က လူမှုအသိုင်းအဝိုင်းထဲမှာ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့ တခြားလူတွေကို ယုံကြည်မှုရှိစွာနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့အတွက် အခြေပြုတဲ့နေရာလေးတခုလို့လည်း ကျမယုံကြည်ပါတယ်” ဟုပြောကြားသည်။

တော့ လေ့လာလိုက်စားကြဖို့လည်း ကျမပြောချင်ပါတယ်။ ဒီနေ့မှာ ကျမတို့ Mentalhealth counseling center (စိတ်ကျန်းမာရေးအကြံပေးဌာန) လေးဖွင့်လှစ်တဲ့အချိန်မှာပဲ ဒီမွေးနေ့ပွဲကို ကျင်းပခွင့်ရတဲ့အတွက်ကြောင့်လည်း ကျမဝမ်းသာပါတယ်” ဟု ဒေါက်တာစင်သီယာမောင်ကပြောသည်။

အာရှတိုက်၏ မာသာထရီးဇာအဖြစ် ချီးကျူးခြင်းခံရသူ ဒေါက်တာစင်သီယာမောင်သည် (၁၀) စုနှစ်နှစ်ခုနီးပါး၊ သူမ၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို အသိအမှတ်ပြုသည့်အနေဖြင့်၊ နိုင်ငံတကာမှ ချီးမြှင့်

❑

**အာရှတိုက်၏ မာသာထရီးဇာအဖြစ် ချီးကျူးခြင်းခံရသူ ဒေါက်တာစင်သီယာမောင်သည် (၁၀) စုနှစ် နှစ်ခုနီးပါး၊ သူမ၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို အသိအမှတ်ပြုသည့်အနေဖြင့်၊ နိုင်ငံတကာမှ ချီးမြှင့်သောဆု (၉) ဆုရရှိထားသူဖြစ်သည်။**

❑

စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးနှစ်သိမ့်အကြံပေးဌာန တည်ဆောက်ရေးအတွက် မယ်တော်ဆေးခန်းနှင့် ဘာမားပရောဂျက်တို့၏ ပူးပေါင်းမှုဖြင့် ၂၀၀၆ ခုနှစ်၊ ဇွန်လမှစတင်အကောင်အထည်ဖော်ခဲ့ပြီး နိုဝင်ဘာလတွင် အပြီးသတ်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းဌာနတွင် အတွေ့အကြုံဆိုးများကြောင့်ဖြစ်စေ၊ စိတ်ဓာတ်ကျခြင်း၊ အိမ်တွင်းအကြမ်းဖက်ခံရမှုများ၊ စိတ်ဖိစီးမှုများကြောင့် စိတ်ဝေဒနာခံစားနေရသူများကို လေ့ကျင့်သင်တန်းပေးပြီးသား ဆေးဝန်းထမ်းများက တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် (၉) နာရီမှ (၄) နာရီအတွင်း၊ နှစ်သိမ့်ဆွေးနွေးမှုများကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။

ယနေ့ကာလတွင် စိတ်ပိုင်းဆိုင်ရာပြဿနာသည် အရေးတကြီးကိစ္စဖြစ်လာနေသဖြင့် ဆေးဝန်းထမ်းများအနေဖြင့် စိတ်ပိုင်းဆိုင်ရာပညာရပ်များကို အထူးပြုလေ့လာကြရန် ဒေါက်တာစင်သီယာမောင်က သူ၏မွေးနေ့တွင် တိုက်တွန်းသည်။

“ကျမတို့နဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးလည်း ဒီရောဂါစိတ်ပိုင်းဆိုင်ရာတွေကို ပိုပြီးသောဆု (၉) ဆုရရှိထားသူဖြစ်သည်။

ရန်ကုန်ဆေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူ ဆရာမကြီးသည် စစ်တပ်ကလူ့အသက်ပေါင်းများစွာကို အကြမ်းဖက်သတ်ဖြတ်ခဲ့သည့် ၁၉၈၈ နောက်ပိုင်းတွင် ကျောင်းသားများနှင့်အတူ နယ်စပ်သို့ထွက်ခွာလာပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခက်အခဲများကြားမှ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့သူဖြစ်သည်။

၁၉၉၀ တဝိုက်က အမိုးအကာမလုံမခြုံသော တဲငယ်ကလေးတခုမှ အစပြုခဲ့ရသော ဆရာမကြီးဆေးခန်းလေးသည် ယခုအခါ ဝေဒနာရှင် (၅) သောင်းကျော်ကို နှစ်စဉ် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

၎င်းအပြင် လွန်ခဲ့သော နှစ်အတွင်းက ကလေးငယ် (၁,၅၂၀) ဦးကို ဆေးခန်းတွင် မွေးဖွားပေးနိုင်ခဲ့ပြီး၊ စစ်ပွဲမှ ထိခိုက်ဒဏ်ရာရသူများ၊ အိမ်တွင်းအကြမ်းဖက်ခံရသူ အမျိုးသမီးများကိုစောင့်ရှောက်ပေးထားကြောင်း သိရသည်။

❖

# ပြည်ပရောက်စီအာရ်ပီပီအမြဲတမ်းအဖွဲ့ဝင်
## မလေးရှားရောက်မွန်ဒုက္ခသည်များနှင့်တွေ့ဆုံ



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အမြဲတမ်းကော်မတီဝင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်သောင်းရှိန်သည် (၂၄၊ ၁၀၊ ၂၀၀၆) ခုနှစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မွန်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးအဖွဲ့ (MRO) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ MRO အဖွဲ့ဝင် (၇၀) ခန့်တက်ရောက်လျက် မလေးရှားနှင့် ပီနန်ရှိ မွန်အမျိုးသားများနှင့် လူမှုရေးလိုအပ်ချက်များအားလုံး ကာကွယ်စောင့်ရှောက်ဖို့ ထင်မြင်ချက်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အလားတူပင် ၂၁၊ ၁၀၊၂၀၀၆ ခုနှစ်အတွင်း မလေးရှားနိုင်ငံ ပီနန်ခရိုင်အတွင် မွန်အမျိုးသားများနှင့်တွေ့ဆုံ၍ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မီတီကို ဖွဲ့စည်းခဲ့သည်။

ဥက္ကဋ္ဌ နိုင်လစီချမ်းဦးဆောင်သော (၁၂) ဦးပါ အလုပ်အမှုဆောင်အဖွဲ့သည် ကွာလာလမ်ပူမြို့ရှိ MRO ကိုဦးဆောင်လျက် မွန်အမျိုးသားအချင်းချင်း ကူညီစောင့်ရှောက်ရေးကို လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ယင်းအဖွဲ့အား အလုပ်ရှင်များနှင့် မလေးရှားအာဏာပိုင်တို့၏ အသိအမှတ်ပြုမှုကိုရယူထားပြီး ယခုအချိန်တွင် အဖွဲ့ဝင် ၁,၂၀၀ ခန့်ရှိရာမှ လာမည့်နှစ်အတွင်း အဖွဲ့ဝင်ပေါင်း ၅,၀၀၀ ထိ တိုးပွားလာနိုင်ကြောင်း MRO ၏ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။ ❖

## မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦးဥက္ကဋ္ဌကြီး ဦးစောဟန်ကွယ်လွန်

မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး၏ ဥက္ကဋ္ဌကြီးဦးစောဟန်သည် လူကြီးရောဂါဖြင့် ဒီဇင်ဘာလ (၆) ရက်နေ့ နံနက် (3:15) နာရီတွင် ဖက်ပူရီဆေးရုံ၌ ကွယ်လွန်ခဲ့သည်။

ဥက္ကဋ္ဌကြီးသည် ၁၃၀၀ ပြည့် နယ်ချဲ့ဆန့်ကျင်ရေးအရေးတော်ပုံမှစ၍ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလအထိ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲများတွင် အသက်စွန့်တိုက်ပွဲဝင်ခဲ့သည်။ (၁၉၄၆) ခုနှစ်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ထားဝယ်ခရိုင် စည်းရုံးရေးကော်မတီဝင်စသည့် တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်မှစ၍ လက်နက်ကိုင်တော်လှန်ရေးတွင် ရှေ့တန်းမ ပါဝင်ခဲ့သူဖြစ်သည်။

ဥက္ကဋ္ဌကြီးသည် ရန်သူကို ဒူးမထောက်ဘဲ မိမိ၏တသက်တာပတ်လုံးကို ပြည်သူလူထုအတွက် အဆင်းရဲအပင်ပန်းခံမြှုပ်နှံခဲ့ပြီး ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားတန်းတူရေးအတွက် တောက်လျှောက်ရပ်ခံတိုက်ပွဲဝင်ခဲ့သူဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ကို ခိုင်ခိုင်မာမာယုံကြည်သူဖြစ်ကြောင်း မဟာမိတ်အဖွဲ့အစည်းများ၏ ဝမ်းနည်းသဝဏ်လွှာတွင် ဖော်ပြထားသည်။



ယုံကြည်ချက်ခိုင်မာလှသည့် ဦးစောဟန်ကွယ်လွန်ခြင်းသည် မြိတ်–ထားဝယ် ပြည်သူများအတွက်သာမက စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးတော်လှန်ရေးကြီးအတွက်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ မြန်မာပြည်သူတရပ်လုံးအတွက်ပါ အစားထိုးမရသော ဆုံးရှုံးမှုကြီးဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေးတပ် (PDF)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) တို့၏ ဝမ်းနည်းသဝဏ်လွှာတွင် ဖော်ပြထားသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
## တိုင်းရင်းသားလူမျိုးများကောင်စီနှင့် မဟာဗျူဟာညှိနှိုင်းမည်



**အီးအဲန်စီနှင့် အဲန်စီယူဘီကြားတွင် ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စကဲ့သို့ အရေးကြီးသော ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း မဟာဗျူဟာအရ ညှိနှိုင်းရန် သဘောတူညီမှုသည် ယခုအကြိမ် ပထမဆုံးဖြစ်သည်။**

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ( NCUB ) နှင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) မှ ခေါင်းဆောင်များ၏ ပထမအကြိမ်အလွတ်သဘော ဆွေးနွေးပွဲတရပ်ကို လွတ်မြောက်နယ်မြေတနေရာတွင် နိုဝင်ဘာ (၁၆) ရက်နေ့လည်ပိုင်းကပြုလုပ်ခဲ့ပြီး မဟာဗျူဟာဆိုင်ရာညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာ၏ဖိအားအပြောင်းအလဲများကြောင့် နိုင်ငံရေးအရပြောင်းလဲရန် ပိုမိုနီးကပ်လာသဖြင့် ပြည်တွင်းပြည်ပ အတိုက်အခံအင်အားစုဘက်ကလည်း အများညီမဟာဗျူဟာတရပ်ချမှတ်ရန် လိုအပ်နေကြောင်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က "မြန်မာပြည်တွင်းရေးအနေအထားကို ကြည့်မယ်ဆိုရင် စီးပွားရေး၊ လူမှုရေး တော်တော်လေး ကြပ်တည်းနေတယ်။ ဆိုးဝါးနေတယ်။ ဒါလူတိုင်းပြောနေတဲ့ကိစ္စ။ ပြောင်းလဲဖို့ အချိန်တန်နေတယ်။ မနှစ်ကထက်စာရင် ပိုအရေးကြီးတယ်။ ဒီလိုပဲ အပြည်ပြည်ဆိုင်ရာက ပံ့ပိုးမှုလည်းပိုပြီးတော့ ပါဝင်လာတဲ့အတွက် အခုလိုမဟာဗျူဟာ ညှိနှိုင်းဖို့လိုအပ်တယ်လို့ဆုံးဖြတ်ပြီး ကြိုးပမ်းနေတာဖြစ်တယ်"ဟု ပြောသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ အထွေထွေအတွင်းရေးမှူး ဆလိုင်းလျှံမုံးကနအဖသည် ၎င်းတို့ချမှတ်ထားသော လမ်းပြမြေပုံရည်မှန်းချက် အတိုင်းဆက်သွားမည်ဖြစ်သဖြင့် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများအနေဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် တန်းတူရေးကို အာမခံနိုင်မည့်နည်းလမ်းများအတွက် ဝိုင်းဝန်းစဉ်းစားရန် အရေးကြီးသောအချိန်ရောက်နေပြီဟု ဆိုသည်။

၎င်းက "သူတို့ရည်ရွယ်ချက်က တိုင်းပြည်ငြိမ်းချမ်းရေးအတွက်မဟုတ်ဘူး။ ဒီမိုကရေစီရရှိရေးအတွက်မဟုတ်ဘူး။ တန်းတူရေးအတွက်မဟုတ်ဘူး။ အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံနဲ့ ကာကွယ်ပြဋ္ဌာန်းဖို့ဖြစ်တယ်။ ဒါပြည်သူလူထုအတွက် အကျိုးမရှိဘူး။ အထူးသဖြင့် တိုင်းရင်းသားတွေအတွက် အကျိုးမရှိဘူး။ အဲဒီအတွက် ကျနော်တို့ဘယ်လိုဝိုင်းပြီးတော့ သုံးသပ်မလဲ။ အဲဒီအပေါ်မှာ ဘာတွေလုပ်သင့်သလဲဆိုတာကို ကျနော်တို့ ဆွေးနွေးတာပါ"ဟု ပြောသည်။

ဒီမိုကရေစီအဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ခေါင်းဆောင် (၁၅) ဦးတက်ရောက်သော အလွတ်သဘောဆွေးနွေးပွဲ၏ဆုံးဖြတ်ချက်အရ မဟာဗျူဟာညှိနှိုင်းအစည်းအဝေးသို့ အမျိုးသမီးအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ ကျယ်ကျယ်ပြန့်ပြန့် အကြံဉာဏ်များ ရယူသွားမည်ဟုသိရသည်။

အီးအဲန်စီကို ၂၀၀၄ ခုနှစ်က ယခင် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (အီးအဲန်စီ) မှ ပြည်နယ်ကို အခြေပြုသောမူဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အီးအဲန်စီနှင့် အဲန်စီယူဘီကြားတွင် ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စကဲ့သို့ အရေးကြီးသောကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း မဟာဗျူဟာအရညှိနှိုင်းရန် သဘောတူညီမှုသည် ယခုအကြိမ်သည် ပထမဆုံးဖြစ်သည်။

အဲန်စီယူဘီကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် နယ်စပ်အခြေစိုက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အင်အားအတောင့်တင်းဆုံး တပ်ပေါင်းစုဖြစ်သည်။ ❖

**ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**

**ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**

**မတရားတဲ့အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေးဂျင်စီမှ ထုတ်ဝေသည်

# လွတ်မြောက်နယ်မြေတနေရာရောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ကိုမြင့်စိုးအား ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိုးကြိုးသတင်းစဉ်မှ ဆက်သွယ်မေးမြန်းခန်း

**တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေးအတွက် တမျိုးသားလုံး ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်မဲ့အစီအစဉ် အဖွဲ့ချုပ်မှာ ခိုင်ခိုင်မာမာရှိနေပါတယ်။ လွတ်လပ်တဲ့ ပွင့်ပွင့်လင်းလင်းပြောဆို ဆွေးနွေးနိုင်တဲ့ အရပ်သားအစိုးရတရပ်က ဦးဆောင်ကျင်းပပြုလုပ်ပေးဖို့ ဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ်မရွေးချယ်ခင်မှာ မြေပေါ် မြေအောက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပေးဖို့ လိုအပ်ပါတယ် ...။**



မိုးကြိုး။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့သမိုင်းကြောင်းကိုပြောနိုင်မလား။

မြင့်စိုး။ ။NLD ဆိုတာ အဖွဲ့ချုပ်ဖြစ်ပါတယ်။ ၈၈ အရေးတော်ပုံကြီးကို စစ်တပ်ကအကြမ်းဖက်ဖြိုခွဲလို့ ပြိုကွဲသွားရတဲ့ အင်အားစုတွေကို တယောက်ချင်းရော၊ အစုအဖွဲ့လိုက်ပါ အမြန်ဆုံး ပြန်လည်စုစည်းခဲ့တာဖြစ်ပါတယ်။ ပြန်စုစည်းလို့ရတန်သလောက်လဲရပါတယ်။ အဲဒါ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ဖြစ်ပါတယ်။ အဲဒါဘဝင်မကျစရာမဟုတ်သလို မာနကြီးသွေးနထင်ရောက်စရာလဲမဟုတ်ပါ။ ပြည်သူများအတွက် ဝမ်းမြောက်ဝမ်းသာ စိတ်အားတက်စရာဖြစ်ပြီး အဖွဲ့ချုပ်အတွက်ကတော့ ဒီမိုကရေစီရေးအရှိန်မြှင့်တင်နိုင်ဖို့အတွက် လောင်စာကန်တခုရခဲ့တာပဲဖြစ်ပါတယ်။

မိုးကြိုး။ ။ အဲဒီရလဒ် အသက်ဝင်အောင် ဒါမှမဟုတ် အလုပ်ဖြစ်အောင် ဘာတွေလုပ်နိုင်ခဲ့သလဲ။

မြင့်စိုး။ ။ အဲဒီရလဒ်အပေါ် မူတည်ပြီး တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲဖြစ်ဖို့ဆိုတာ အလွယ်တကူမဖြစ်နိုင်မှန်း အားလုံးသိပြီးသားဖြစ်မှာပါ။ ဘယ်သူနဲ့ဆွေးနွေးမှာလဲ။ ဘာဖြစ်လို့လဲ ဆွေးနွေးရမှာလဲ။ ဘယ်လိုပုံစံနဲ့ဆွေးနွေးမှာလဲ ဘာအကြောင်းအရာတွေကို ဆွေးနွေးမှာလဲ စသဖြင့်ပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ၁၉၈၈ ဩဂုတ်၊ စက်တင်ဘာကနေစပြီး တွေ့ဆုံဆွေးနွေးဖို့ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ အကြောင်းမပြန်ပါ။ ၁၉၈၈ ဇန်နဝါရီ၊ ဒေါ်ခင်ကြည်ရဲ့ဈာပနကို တက်ရောက်လာတဲ့ နဝတဥက္ကဋ္ဌဦးစောမောင်က မကြာခင်တွေ့ဆုံဆွေးနွေးဖြစ်တော့မလိုလို ပြောသွားခဲ့ပေမယ့် တကယ်ဖြစ်မလာခဲ့ပါ။ ဒါကြောင့် အဖွဲ့ချုပ်အနေနဲ့ ၁၉၈၉ ဇွန်လလောက်မှာ ပါတီအဖွဲ့အစည်းအသီးသီးကခေါင်းဆောင်တွေကိုဖိတ်ခေါ်ပြီး အဖွဲ့ချုပ်ရဲ့တွေ့ဆုံဆွေးနွေးမဲ့ပုံစံအတွက် အဖွဲ့ချုပ်ကပြင်ဆင်ထားတာတွေကို ရှင်းလင်းတင်ပြခဲ့ဘူးပါတယ်။ အဲဒီမှာတက်ရောက်လာတဲ့ ပါတီအဖွဲ့အစည်း (၁၀၀) ကျော်က အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို နဝတနဲ့ တွေ့ဆုံဆွေးနွေးဖို့ တဦးတည်းသော ကိုယ်စားလှယ်အဖြစ်လက်ခံ အတည်ပြုပေးခဲ့တာဖြစ်ပါတယ်။ ဒါကိုလည်း အသိအမှတ်မပြုတာကြောင့် ၁၉၉၀ ဂန္ဒီအစည်းအဝေးမှာ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ဝင်များ ပူးပေါင်းပြီး တောင်းဆိုခဲ့တာဖြစ်ပါတယ်။ အဲဒါဟာအဖွဲ့ချုပ်ရဲ့အမြင့်ဆုံး Mandate နဲ့ သဘောထားရင့်ကျက်တဲ့ကမ်းလှမ်းမှုပါ။

မိုးကြိုး။ ။ ခင်ဗျားတို့ ခေါင်းဆောင်တွေ Mandate ဆိုတဲ့ အသုံးအနှုန်းမျိုးသုံးကာ ခဏခဏ ကြားရတယ်။ နောက်ပြီးတော့ တွေ့ဆုံဆွေးနွေးတဲ့အခါ ဘယ်လိုအကြောင်းအရာတွေကို ပြောမှာလဲ။

မြင့်စိုး။ ။ ၁၉၈၉ မှာတော့ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးမဲ့အကြောင်းအရာ (၃) ချက်ရှိတယ်လို့ ပြည်သူလူထုကို တင်ပြခဲ့ပါတယ်။ ပထမဦးဆုံးအချက်က ဒီမိုကရေစီရေးကိစ္စပါ။ ပြည်သူတွေ ဒီမိုကရေစီအခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ကိစ္စကို အရင်ဆုံး ဆွေးနွေးမယ်လို့ပြောပါတယ်။ ၈၈–၈၉ မှာ လက်တလော ပြည်သူတွေ ညှဉ်းပမ်းနှိပ်စက်ခံနေရတဲ့ကိစ္စ ဖိနှိပ်ချုပ်ချယ်ခံနေရတဲ့ကိစ္စ တားမြစ်ပိတ်ပင်ခံနေရတဲ့ကိစ္စ အဓမ္မအနိုင်ကျင့်ခံရတဲ့ကိစ္စ စသဖြင့်ပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် နိုင်ငံအနှံ့အပြားခရီးထွက်၊ ပြည်သူတွေခံစားနေရတဲ့ ဝေဒနာတွေ၊ ဒုက္ခတွေ၊ ပြည်သူတွေရဲ့အမြင်နဲ့ သဘောထားတွေကို တိုက်ရိုက်သိမြင်ခဲ့တာပါ။ အဲ့ဒါကို အလေးအနက်ထားပြီး ဆွေးနွေးမယ်လို့ ပြောပါတယ်။ ဒုတိယကတော့ တိုင်းရင်းသားတွေအရေးကိစ္စပါ။ နှစ်ပေါင်းများစွာ သမိုင်းကြောင်းအဆက်ဆက် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ နေရာဒေသမျိုးစုံ အကြောင်းအရာ အဖြစ်အပျက်များစွာဖြစ်ပျက်ခဲ့တဲ့နေရာမှာ အထင်အမြင်လွဲမှုတွေ ဆုံးရှုံးနစ်နာမှုတွေ ဝေဒနာပြွန်းတီးမှုတွေ၊ အမုန်းတရားအာဃာတတွေ ဖိနှိပ်ချုပ်ချယ်မှုတွေ ကွယ်ပျောက်စေပြီး နိုင်ငံတော်သစ်တရပ်ကို အသွင်သစ်နဲ့ ချဉ်းကပ်ဆွေးနွေးမယ်လို့ပြောပါတယ်။ တိုင်းရင်းသားရေးကိစ္စဆိုတာအရေးလဲကြီး ကျယ်လဲကျယ်ဝန်း နက်နက်ရှိုင်းရှိုင်းလဲရှိလှပါတယ်။ နောက်ဆုံးတချက်ကတော့ ရွေးကောက်ပွဲကိစ္စဖြစ်ပါတယ်။ ၁၉၈၉ မှာ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေဆိုတာ ပြည့်စုံလုံလောက်မှုမရှိဘူး။ လိုအပ်ချက်ပေါင်းများစွာကို ဥပဒေအရခိုင်ခိုင်မာမာ တရားဝင်ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲကို လွတ်လပ်စွာကျင်းပပေးနိုင်ဖို့ ဆွေးနွေးမှာဖြစ်ပါတယ်။ အဲသလို ဆွေးနွေးဖို့ဆိုတာ အဖွဲ့ချုပ်မှာ အခွင့်အာဏာရှိတယ်။ ပြည်သူများကိုယ်စား လုပ်ပိုင်ခွင့်ရှိတယ်။ ဆောင်ရွက်ပိုင်ခွင့်ရှိတယ်။ ပြုပြင်စီရင်ပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ လက်နက်တို့၊ အမိန့်တို့တော့ မပေးဘူး။ ရှင်းရှင်းပြောရရင် အခုလက်ရှိကျင်းပနေတဲ့ အမျိုးသားညီလာခံကိုစစ်မှန်ပါတယ်လို့ မထောက်ခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအမျိုးသားညီလာခံကိုတက်ရောက်မဲ့ ကိုယ်စားလှယ်ဆိုသူတွေကို ရွေးချယ်တဲ့နေရာမှာ အများစုက အလုပ်သမား၊ လယ်သမား၊ တတ်သိပညာရှင်တွေ ပြည်သူစတဲ့အလွှာတွေကို ကိုယ်စားပြုတဲ့သူတွေကို ရွေးချယ်ခဲ့တာမဟုတ်။ သူတို့မှာ Mandate မရှိ။ စစ်တပ်နဲ့စစ်ထောက်လှမ်းရေးက အထူးပြုရွေးချယ်ခဲ့တဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် အမျိုးသားရေးအတွက် စဉ်းစားကြတဲ့နေရာမှာ စစ်မှန်တဲ့ ရလဒ်နဲ့ စစ်မှန်တဲ့ အသုံးချတန်ဖိုးထွက်ပေါ်လာစရာအကြောင်းမရှိဘူး။

မိုးကြိုး။ ။ ခင်ဗျားတို့လဲ အဲဒီညီလာခံကိုတက်ခဲ့တာပဲမဟုတ်လား။

မြင့်စိုး။ ။ တက်ခဲ့တာပေ့ါ။ တက်ရောက်ခဲ့တဲ့အတွက် အဲ့ဒီညီလာခံကျင်းပတဲ့ပုံစံနဲ့ ကိုယ်စားလှယ်အရွေးချယ်ပုံတွေကို သဘောတူပါတယ်လို့တော့ မဆိုနိုင်ဘူး။ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးအတွက် တမျိုးသားလုံး ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်မဲ့အစီအစဉ်အဖွဲ့ချုပ်မှာ ခိုင်ခိုင်မာမာရှိနေပါတယ်။ လွတ်လပ်တဲ့ ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးနိုင်တဲ့ အရပ်သားအစိုးရတရပ်က ဦးဆောင်ကျင်းပပြုလုပ်ပေးဖို့ဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ်မရွေးချယ်ခင်မှာ မြေပေါ်မြေအောက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့လိုအပ်ပါတယ်။ ဒါမှလဲ အကျဉ်းထောင်တွေထဲမှာရောက်နေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ နယ်စပ်အသီးသီးမှာရှိနေကြတဲ့ လက်နက်ကိုင် တိုင်းရင်းသားတွေပြည်ပမှာရောက်နေတဲ့ တတ်သိပညာရှင်တွေ၊ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားနဲ့ပြည်သူတွေ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးနိုင်ကြမှာဖြစ်ပါတယ်။ အဖွဲ့ချုပ် ဂန္ဒီကြေငြာစာတမ်းရဲ့ အနှစ်သာရဆိုတာလဲ ဒါပါပဲ။ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုတယ်။ အဲ့ဒီဖွဲ့စည်းပုံအရ အာဏာလွှဲပြောင်းပေးနိုင်တယ်။ အရပ်သားအစိုးရပေါ်လာရင် အမျိုးသား ညီလာခံတရပ်ကျင်းပပြီး အဲ့ဒီအဖွဲ့အစည်းပုံအရ ရွေးကောက်ပွဲအသစ် ကျင်းပပေးမယ်။ အဲဒီအစီအစဉ်ကို နဝတပေါ်လာရင် လွှတ်တော်ခေါ်ပေးမယ်။ အဲ့သလိုပြောထားရက်နဲ့ ကိုယ့်သဘောနဲ့ကိုယ် လွှတ်တော်ခေါ်ရင် ဥပဒေအရ အရေးယူမယ်ပေ့ါ။ ပြည်တွင်း ပြည်ပသတင်းထောက်တွေကို အဲသလိုခေါ် ပြောတာပေါ့ တကယ်တန်း ၁/၉၀ တရားဝင်ထွက်လာတော့ အမျိုးသားညီလာခံကိစ္စမပါတော့ပါဘူး။ သတင်းထောက်တွေက နဝတသတင်းထုတ်ပြန်ရေးအဖွဲ့ကို ပြန်မေးတော့ သတင်းစာမှာပါတဲ့ ကြေငြာချက်ကိုသာ အတည်ယူပါလို့ ပြောပါတယ်။ ဂန္ဒီအစည်းအဝေးမစခင် နာရီပိုင်းလောက်အလိုမှာ ကြေငြာချက် ကပ်ပြီးထုတ်တာပေ့ါ။ အဖွဲ့ချုပ်က ၁/၉၀ ဆိုတာကို လုံးဝလက်မခံနိုင်ကြောင်း ဂန္ဒီအစည်းအဝေးအပြီး နောက်တနေ့မနက်မှာပဲ ပြတ်ပြတ်သားသား ပယ်ချခဲ့ပါတယ်။ မကြာခင် အဖွဲ့ချုပ်ခေါင်းဆောင် ဦးကြည်မောင်၊ ဦးချစ်ခိုင်၊ ဦးအုံးကြိုင်နဲ့ ဦးသိန်းတန်တို့ကိုဖမ်းပါတယ်။ ဖမ်းပြီးတော့ အဖွဲ့ချုပ် CEC သို့လိပ်မူပြီး ဗိုလ်ခင်ညွန့်ဆီကစာတစောင် တရားဝင်ရောက်လာပါတယ်။ စာကိုလျှို့ဝှက်အဆင့် သတ်မှတ်ပြီး ဗိုလ်မှူးတယောက် ကိုယ်တိုင်လာပေးတာပါ။ စာပါအကြောင်းအရာက "အဖွဲ့ချုပ်ကဦးဆောင်ပြီး အမျိုးသားညီလာခံတရပ်ကျင်းပပါ။ နဝတအနေနဲ့ လိုအပ်တဲ့ အကူအညီအားလုံးပေးပါမယ်" လို့ ရေးထားပါတယ်။

မိုးကြိုး။ ။ အဲဒါ နဝတရဲ့ကစားကွက်တခုလား။ ဒါမှမဟုတ် အခွင့်အရေးပေးပဲလား။

မြင့်စိုး။ ။ အဲဒီအချိန်က ရွေးကောက်ပွဲအပြီး (၄) လဝန်းကျင်ပေ့ါ။ နဝတလည်း ဘာဆက်လုပ်ရမှန်း မသိပဲ၊ ယောင်ပေပေဖြစ်နေပုံရပါတယ်။ အဖွဲ့ချုပ်အနေနဲ့ယူဆတာကတော့ ဂန္ဒီကြေငြာချက်နဲ့ ၁/၉၀ ထိပ်တိုက်တွေ့နေမဲ့အစား အမျိုးသားညီလာခံဆိုတာကို စဉ်းစားသင့်တယ်။ သူတို့ကဘယ်လိုအကူအညီတွေပေးနိုင်မလဲ။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ကြေငြာပေးမလား။ လုံခြုံစွာနဲ့လွတ်လပ်စွာ ဆွေးနွေးခွင့်ရအောင် စီစဉ်ပေးနိုင်မလား စသဖြင့်ပေ့ါ။ စဉ်းစားကြည့်ကြတယ်။ နောက်ဆုံး ဆုံးဖြတ်ချက်တခုကတော့ အမျိုးသားညီလာခံကို အဖွဲ့ချုပ်ကဦးဆောင်ပြီး ကျင်းပပါဆိုတဲ့အချက်ကို မူအားဖြင့် သဘောတူတယ်။ ဘာတွေလိုအပ်တယ် ဘယ်လိုအကူအညီတွေပေးမယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး "တွေ့ဆုံဆွေးနွေးဖို့လိုအပ်တယ်လို့ အကြောင်းပြန်ခဲ့တယ်။ အဲဒါအဖွဲ့ချုပ် ဗဟိုဦးစီးအစည်းအဝေး ၅/၉၀ရဲ့ အနှစ်သာရပါပဲ။

မိုးကြိုး။ ။ ခင်ဗျားဆိုလိုချင်တာက အမျိုးသားညီလာခံနဲ့ပတ်သက်လို့ အဲဒီအချိန်ကတည်းက "စတင်"စဉ်းစားခဲ့တယ်လို့ ပြောချင်တာလား။

မြင့်စိုး။ ။ "မူ"အနေနဲ့တော့ ချင်းပြည်နယ်ခရီးစဉ်နဲ့ရှမ်းပြည်နယ်ခရီးစဉ်တွေမှာ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပြောခဲ့တာပါ။ ၁၉၈၉ အစောပိုင်းကာလတွေမှာပေ့ါ။ CEC ဆုံးဖြတ်ချက်အရလို့လည်း ပြောရင်ရပါတယ်။

လုပ်ငန်းအရပြောရင်တော့ ၁၉၉၀ ပေ့ါ။ ဒါပေမယ့် ခင်ဗျားသိတဲ့အတိုင်းပါပဲ။ ခင်ဗျားကို ကျနော်တို့ ရင်ဆိုင်နေရတာက စိတ်ဓာတ်အင်အား အားကောင်းတဲ့ခိုင်ခံ့တဲ့ တည်ငြိမ်ရင်ကျက်တဲ့ အရပ်သားအစိုးရတရပ်မဟုတ်ဘူးဆိုတာ။

မိုးကြိုး။ ။ အမျိုးသားညီလာခံရဲ့ အဆုံးသတ်မှာ ဘာတွေဖြစ်လာနိုင်မယ်ထင်ပါသလဲ။

မြင့်စိုး။ ။ ကောင်းကောင်းမွန်မွန် အဆုံးသတ်နိုင်လိမ့်မယ်လို့တော့ မထင်ပါဘူး။ ဖြစ်ခဲ့ရင်လည်း ပုံမကျပမ်းမကျတဲ့ ဖွဲ့စည်းပုံဆိုတာကြီးကို "နဖူးမောက်မောက် နှာယောင်ကောက်လျှက်၊ မျက်နှာပေါက်ဆိုး ရှစ်ခေါက်ချိုးနဲ့ ပုပ်သိုးချွေးနံ့ ကိုယ်လုံးပျံ့၏"ဆိုတဲ့အတိုင်း ပြည်သူတွေတွေ့ရမှာပါ။

မိုးကြိုး။ ။ တချို့က ရွေးကောက်ပွဲအသစ်ကို လှမ်းမျှော်နေကြတယ်မဟုတ်လား

မြင့်စိုး။ ။ မကြာ းဝံ့မနာသာပါပဲ ကြုံ့ဖွတ်တွေကတော မျှော်ကောင်း မျှော်နေနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ကတော့ ပြီးခဲ့တဲ့ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကိုတောင် အသိအမှတ်မပြုချင်တဲ့ စစ်အာဏာရှင်က နောက်ရွေးကောက်ပွဲတခုကို စိတ်

စာမျက်နှာ (၁၁) ကော်လံ (၁) သို့

# ယူအန်(န်)အေ ခေါင်းဆောင်များမှ မစ္စတာဂမ်ဘာရီထံ စာရေးပေးပို့ နိုင်ငံရေးအကျဉ်းသားများ ချွင်းချက်မရှိလွှတ်ရန် လိုအပ်ဟုဆို

ကုလသမဂ္ဂ၏ နိုင်ငံရေးရာဌာန လက်ထောက်အထွေထွေအတွင်းရေးမှူး မစ္စတာဂမ်ဘာရီ၏ ဒုတိယမြောက် မြန်မာပြည်ခရီးစဉ်အတွင်း UNA ခေါင်းဆောင်များက နိုဝင်ဘာ (၁၀) ရက်နေ့ နေ့စွဲဖြင့် စာတစောင် ရေးသားပေးပို့ခဲ့သည်။ ယင်းအတွက် အကန့်အသတ်ရှိသော အချိန်ကာလတခုအတွင်း မြန်မာအစိုးရမှ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ရုံးနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်စေရေးအတွက် တောင်းဆိုသည့်ဆုံးဖြတ်ချက်တရပ်ချမှတ်ရန်နှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးနှင့်နိုင်ညွန့်လွင် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ လွတ်မြောက်စေလျက် မြန်မာ့နိုင်ငံရေးတွင် သက်ဆိုင်သူများအားလုံး ပါဝင်ဆွေးနွေးနိုင်သည့် ဆွေးနွေးပွဲတရပ် ကျင်းပနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကော်မတီသို့ တိုက်တွန်းတောင်း ဆိုထားသည်ဟုသိရသည်။

ယင်းစာအတွင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကြိုးပမ်းအားထုတ်မှုများကို ဖော်ပြထားပြီး မြန်မာပြည်၏ လက်ရှိဆိုးရွားနေသော အခြေအနေအရပ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့်သာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ရေးသားထားသည်။ ယင်းစာကို UNA အဖွဲ့ကိုယ်စား Pu Chin Sain Thang နှင့် အတွင်းရေးမှူးအဖွဲ့ကိုယ်စား နိုင်ငွေသိန်းတို့က လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ မိတ္တူပေးပို့ထားသည်ဟု သိရသည်။

❖

# ကျောင်းသားအခွင့်အရေးလှုပ်ရှားသူ ကိုမျိုးမင်းဇော် လွတ်မြောက်ရေး နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တောင်းဆို



ကိုမျိုးမင်းဇော်

ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သဖြင့် ထောင်ဒဏ် (၅၂) နှစ်ကျခံနေရသောကျောင်းသားအခွင့်အရေးလှုပ်ရှားသူ ကိုမျိုးမင်းဇော်ကို လွတ်မြောက်ရေးတောင်းဆိုရန် နိုဝင်ဘာလ (၈) ရက်နေ့တွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ဆန္ဒပြတောင်းဆိုခဲ့သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာ့အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးရှေ့ ဆန္ဒပြပွဲသည် အဖမ်းခံခဲ့ရသောကျောင်းသားနိုင်ငံရေးလှုပ်ရှားသူများ လွတ်မြောက်ရေးအတွက် (၃) နှစ်အတွင်း (၃) ကြိမ်မြောက်ဖြစ်သည်။

(၁၉၉၈) ခုနှစ်က ကျောင်းသားအခွင့်အရေးအတွက် တောင်းဆိုဆန္ဒပြသူ ကိုသက်ဝင်းအောင်၊ ကိုမျိုးမင်းဇော်၊ ကိုမျိုးမင်းထိုက်တို့ကို အာဏာပိုင်များကဖမ်းဆီးခဲ့ပြီး၊ ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ထောင်ဒဏ် (၅၂) နှစ်ချမှတ်ခဲ့သည်။

၎င်းတို့အနက် ကိုသက်ဝင်းအောင်မှာ ကျန်းမာရေးအခြေအနေဆိုးရွားနေသဖြင့် ပြန်လွှတ်ပေးရန် နိုင်ငံတကာက နအဖကို ဝိုင်းဝန်းမေတ္တာရပ်ခံနေသည့်ကြားမှ မကြာခင်က ထောင်တွင်း၌ကွယ်လွန်ခဲ့သည်။

ကိုမျိုးမင်းဇော်လွတ်မြောက်ရေး လှုပ်ရှားမှုအတွက် အေအိုင်အဖွဲ့က တာဝန်လွှဲအပ်ခံထားရသူ အမ်ဘီရာရစ်ကီးရားက ကိုမျိုးမင်းဇော်သည် အဖမ်းခံရစဉ်ကာလနှင့် စစ်ကြောရေးကာလအတွင်း ရိုက်နှက်ခံခဲ့ရပြီး၊ လောလောဆယ်တွင် ကျန်းမာရေးအခြေအနေမကောင်းသောကြောင့် ကိုမျိုးမင်းဇော်လွတ်မြောက်ရေးအတွက် လှုပ်ရှားရခြင်းဖြစ်ကြောင်းပြောသည်။

ကိုမျိုးမင်းဇော်ဖမ်းဆီးခံရသော နှစ်ပတ်လည်နေ့၊ စက်တင်ဘာလ (၁၅) ရက်နေ့ကလည်း မစ်ရစ်ကီးရားဦးဆောင်သော လူ့အခွင့်အရေးလှုပ်ရှားသူများသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ရုံးသို့ သွားရောက်ခဲ့ပြီး လူ (၇၀၀) ကျော်လက်မှတ်ထိုးထားသောစာရွက်ကို သွားရောက်ပေးအပ်ခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ပေ။

အသက် (၃၀) အရွယ် ကိုမျိုးမင်းဇော်နှင့်ကိုမျိုးမင်းထိုက်တို့သည် ရန်ကုန်မြို့ဗဟန်းမြို့နယ်မှဖြစ်ပြီး လောလောဆယ်တွင် မန္တလေးထောင်နှင့်မြင်းခြံထောင်တို့တွင် အချုပ်အနှောင်ခံနေရသည်။

မြန်မာနိုင်ငံတွင် ဒေါ်အောင်ဆန်းစုကြည်၊ သတင်းစာဆရာကြီး ဦးဝင်းတင်၊ ခွန်ထွန်းဦးနှင့် လတ်တလော အဖမ်းဆီးခံနေရသူ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် နိုင်ငံရေးအကျဉ်းသား (၁,၀၀၀) ကျော်ရှိကြောင်း ကုလသမဂ္ဂက လက်ခံထားသော်လည်း ဒီဇင်ဘာလဆန်းပိုင်း သတင်းစာရှင်းလင်းပွဲတွင် နအဖရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်ခံထားရသူတဦးမှမရှိကြောင်း ပြောကြားခဲ့သည်။

❖

# ပြည်သူ့ပြည်ချစ်ပါတီက မျိုးဆက်သစ်များအား အရည်အချင်းမြှင့်တင်

ပြည်သူ့ပြည်ချစ်ပါတီ (PPP) ၏ စည်းရုံးရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသော ပါတီဝင်ရဲဘော်၊ ရဲမေများ အရည်အချင်းမြှင့်တင်ရေးနှင့်လုပ်ငန်းခွင်တွင်း စည်းရုံးရေးလုပ်ငန်းများအား စနစ်တကျတာဝန်ယူဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲသင်တန်းတခုကို၊ ထိုင်းမြန်မာနယ်စပ်တနေရာရှိ၊ ပြည်သူ့ပြည်ချစ်ပါတီဌာနချုပ်ရုံးတွင် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့မှ (၂၆) ရက်နေ့အထိပြုလုပ်ခဲ့သည်။



ပြည်သူ့ပြည်ချစ်ပါတီ၏ မျိုးဆက်သစ်များ အရည်အချင်းမြှင့်တင်ရေး သင်တန်း

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသင်တန်းသို့ ပြည်သူ့ပြည်ချစ်ပါတီ ဥက္ကဋ္ဌကြီး ဦးသိန်းစိန်၊ ပါတီ၏အကြံပေးပုဂ္ဂိုလ် ဒေါက်တာဘသိန်းဝင်းနှင့် ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်မှူးအောင်မြင့်တို့မှ အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

အခြေခံခေါင်းဆောင်မှုနှင့် စည်းရုံးရေး အလုပ်ရုံဆွေးနွေးပွဲတွင် သင်တန်းအား မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ (FTUB) မှ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဇာနည်သွေးက သင်တန်းဆရာအဖြစ်တာဝန်ယူ၍ ကမ္ဘာ့လွှမ်းခြုံမှု၏ စိန်ခေါ်ချက်များ၊ ဖြစ်နိုင်ခြေရှိသော တွေးခေါ်မှုစွမ်းရည်၊ လူတဦး၏လုပ်ဆောင်ချက်အစီအစဉ် အစရှိသည့် ခေါင်းစဉ်များဖြင့် သင်ကြားပို့ချခဲ့သည်။

သင်တန်းပို့ချရခြင်း၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးအောင်မြင့်က "ကျနော်တို့ ရဲဘော်တွေဟာ လူထုစည်းရုံးရေးနဲ့ ပညာပေးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေကြတာရှိတယ်။ အချို့ရဲဘော်တွေက၊ လုပ်ငန်းအတွေ့အကြုံ၊ ဘဝဖြတ်သန်းမှုအတော်အတန်ရှိကြတော့ အဆင်ပြေတယ်။ အောင်မြင်မှုရှိတယ်။ စနစ်ကျတယ်။ ဒါပေမဲ့ အချို့ ရဲဘော်တွေကျတော့ အတွေ့အကြုံနုနယ်သေးတယ်။ ချဉ်းကပ်ပုံချဉ်းကပ်နည်း စနစ်သိပ်မကျလှသေးဘူး။ အဲဒါကြောင့် အဲဒီရဲဘော်တွေအတွက် စီစဉ်ခဲ့တာဖြစ်တယ်။ အဓိကရည်မှန်းချက်ကတော့ အနာဂတ်မှာ မျိုးဆက်သစ်လူငယ်ခေါင်းဆောင်တွေပေါ်ထွန်းဖို့နဲ့ ပြည်သူ့ပြည်ချစ်ပါတီရဲ့ ရဲဘော်တွေ အရည်အသွေးမြှင့်တင်ဖို့ပဲ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

(၃) ရက်ကြာကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့ပြည်ချစ်ပါတီမှ သင်တန်းသား၊ သင်တန်းသူ (၂၈) ဦးတက်ရောက်ခဲ့သည်။

ပြည်သူ့ပြည်ချစ်ပါတီကို (၁၉၆၉) စက်တင်ဘာလ (၂၇) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းစဉ်က ပါလီမန်ဒီမိုကရေစီပါတီအမည်ဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၉၇၄ ဒီဇင်ဘာ၊ (၂၇) ရက်နေ့တွင် ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးလကျာ်က ပြည်သူ့ပြည်ချစ်ပါတီဟု အမည်ပြောင်းခဲ့သည်။

၂၀၀၆ ဇန်နဝါရီလအတွင်း ပြုလုပ်ခဲ့သော (၁၂) ကြိမ်မြောက်ပါတီညီလာခံမှ ဦးသိန်းစိန်အား ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်ခဲ့သည်။ ဗဟိုအလုပ်အမှုဆောင် (၇) ဦးနှင့် ဗဟိုကော်မတီဝင် (၁၅) ဦးတို့အားတာဝန်ပေးခဲ့သည်။ ဗိုလ်မှူးအောင်မြင့်အား ပါတီအထွေထွေအတွင်းအရေးမှူးအဖြစ် ဆက်လက်တာဝန်ပေးခဲ့သည်။

❖

## နတ်စည်မောင်းသံကြားတယ်ကြားတယ် ဆောင်းပါးမှ

အာဃာတတွေကို ဘေးဖယ်ထားပြီး ....

တနေ့တခြားဆိုးဝါးလာနေတဲ့ တိုင်းပြည်နဲ့ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ ဝေဒနာတွေကို ဘယ်လိုမှ မမြင်ရက်တော့လို့ 'တွေ့ဆုံဆွေးနွေးရေးလုပ်ပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ကြပါ။ ဖမ်းတာဆီးတာ မတရားထောင်ချပစ်တာတွေကို ရပ်ကြပါ'လို့ အမေတဖွဖွထောက်ပြတောင်းဆိုနေတာကို အဲဒီ ပြည်သူသန်း (၅၀) က သိပါတယ်။

အဲဒီ သန်းပေါင်း (၅၀) ကို စာနာတဲ့ နိုင်ငံတကာက သန်းပေါင်းများစွာကလည်း သိပါတယ်။

တကယ်ဆိုရင် ရှူးချင်၊ 'အ'ချင်ယောင်ဆောင်နေတဲ့ စစ်ဗိုလ်ချုပ်ကြီးများလည်း သိပါတယ်။

လူထုကိုချစ်တဲ့သူ၊ လူထုကချစ်တဲ့ သူအပေါ် လူထုကိုဖိနှိပ်သူတွေဟာ စက္ကန့်တိုင်းမှာ ကြောက်လန့်နေတတ်တဲ့ ဓမ္မတာအတိုင်း ကြာလေကြောက်လေ ဖြစ်နေကြတာပါ။

အမေ့မွေးနေ့ကိုတောင် ကျင်းပခွင့်မပေးရဲတော့တဲ့အဖြစ်ကတော့ တကယ့်ကိုဂိတ်ဆုံးသွားပြီလို့ ဆိုရတော့မှာပါ။

ကြောက်နေရုံနဲ့၊ ကြောက်ရမ်းရမ်းနေရုံနဲ့ မိုးလင်းသွားမယ် မဟုတ်ပေဘူးဆိုတာ လောက်တော့ နအဖစစ်အုပ်စုမြင်ဖို့တော်တော်ကို သင့်နေပါပြီ။

သန်းခေါင်တိုင်လို့မှ သဘောမပေါက်နိုင်သေးဘူးဆိုရင်တော့ နန်းတော်ရှေ့ဆရာတင်ပြောတဲ့ နတ်စည်မောင်းသံကြားရဖို့ဆိုတာ မဝေးတော့ဘူးလို့သာ သတိပေးလိုက်ချင်ပါတယ်။

ဇွန်မိုင်း

၂ ၁၂၊ ၂၀၀၆။

# မြန်မာ့စီးပွားရေးအားနည်းချက် အာရှဖွံ့ဖြိုးရေးဘဏ်ထောက်ပြ

၂၀၀၆ ခုနှစ်အတွက် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းကို (၁၀) ရာခိုင်နှုန်းရှိမည်ဟု စစ်အစိုးရက ခန့်မှန်းထားသော်လည်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၏ မကြာခင်က ထုတ်ပြန်သောအစီရင်ခံစာတွင် (၂) ရာခိုင်နှုန်းနှင့် (၄) ရာခိုင်နှုန်းထက်မပိုနိုင်ကြောင်း ဖော်ပြထားသည်။

အလားတူ ငွေဖောင်းပွမှုကို (၁၀) ရာခိုင်နှုန်းအောက်တွင်သာ စစ်အစိုးရက ဖော်ပြထားသော်လည်း အစီရင်ခံစာက (၃၀) ရာခိုင်နှုန်းထိရှိသည်ဟုဆိုသည်။ အောက်တိုဘာလအတွင်းကထုတ်ပြန်သော အိုင်အမ်အက်ဖ်၏အစီရင်ခံစာတွင်လည်း ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာပြည်တွင် စနစ်ကျသော ငွေကြေးပေါ်လစီတရပ်လိုအပ်ကြောင်း သတိပေးခဲ့သည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာ့စီးပွားရေးသည် ရေနံနှင့်သဘာဝဓာတ်ငွေ့မှရသော နိုင်ငံခြားဝင်ငွေအပေါ်တွင်သာ အဓိကမှီခိုခဲ့ရသဖြင့် ၎င်းကဏ္ဍများ အပြောင်းအလဲဖြစ်လာလျှင် မြန်မာ့စီးပွားရေး ကမောက်ကမဖြစ်နိုင်ကြောင်း အေဒီဘီက သတိပေးသည်။

စစ်အစိုးရ၏ ဘတ်ဂျက်လိုငွေပြမှုကို ဖာထေးရန် ဗဟိုဘဏ်က ထုတ်ချေးပေးနေသောငွေပမာဏသည် အတိုင်းထက်အလွန်ဖြစ်နေသဖြင့် ပြီးခဲ့သည့်နှစ်များအတွင်း ငွေဖောင်းပွမှုဖြစ်ခဲ့ကြောင်း၊ ဘဏ်ဥပဒေပိုင်း အားနည်းချက်များကြောင့် ဘဏ်များက ငွေချေးနေသောနှုန်းသည် မြန်မာ့စီးပွားရေးအတွက် အန္တရာယ်နောက်တခုဖြစ်ကြောင်း အစီရင်ခံစာတွင် ထောက်ပြထားသည်။ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းဆောင်းစီမှ ထုတ်ဝေသည်

# မှတ်မိနေဆဲ ဟိုနားတစ ဒီနားတစ ရှစ်လေးလုံးကာလ

နိဂုံးပိုင်း

ထိုသို့နေလာလိုက်ကြရာက ကျနော်တို့အားကိုးသော ခေါင်းဆောင်ကြီးများသည် ခွဲရေး တွဲရေး၊ သူတဖွဲ့၊ ကိုယ်တဖွဲ့တို့ဖြင့် ဘာမှ မယ်မယ်ရရလုပ်ကိုင်ကြတာမတွေ့ရဘဲ ယောင်ချာလည်နေကြတုန်း အစဉ်အမြဲအခွင့်ကောင်းကိုစောင့်နေသော ဧဦးလဲကြီးဗိုလ်နေဝင်းသည် သူကိုယ်တိုင်ကြိုးကိုင်ပြီး အာဏာသိမ်းအဖွဲ့ကို ဖွဲ့စည်းကာ တပ်မတော်မှ တိုင်းပြည်၏အချုပ်အခြာအာဏာအဝဝကို သိမ်းကြောင်းကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့ နေ့လည် (၁၁) နာရီသတင်းတွင် ရုတ်တရက်ကြေငြာချလိုက်ပြီး တိုင်းပြည်အာဏာကို ရယူလိုက်ကြပါတော့တယ်။

ဒေါ်စုပြောပြောနေကျ ဖေဖေ့တပ်မတော်ကြီး မဟုတ်တော့ဘဲ ဧဦးလဲဗိုလ်နေဝင်း၏ လက်ကိုင်တုတ်တပ်မတော်ကြီး ဖြစ်သွားပါတော့သည်။ အစမှာတော့ အာဏာသိမ်းတပ်မတော်ကြီးသည် စိတ်သဘောထားပျော့ပျောင်းမည်ဟု တွက်ဆထားကြသည်။ တကယ်တမ်းတော့ ပစ်ပြလိုက်ကြတာ။ ကြောက်ပါပြီ ဗိုလ်ချုပ်ကြီးစောမောင်ရယ်လို့ တောင်းပန်ရမလိုပါဘဲ။ ဗိုလ်ချုပ်ကြီးစောမောင်က မြန်မာပြည်ကြီး ချောက်ထဲကျဖို့ လက်တလုံးအလိုမှာ တိုင်းပြည်ကိုကယ်တင်လိုက်ရတာပါလို့ စာလုံးမဲကြီးများဖြင့် သတင်းစာများကရေးကြ၊ တီဗွီဖန်သားပြင်ပေါ်မှာလည်း ပြည်သူလူထုအများကို စစ်တပ်ရဲ့အကြောင်း၊ ၎င်းစစ်တပ်ကြီး၏ တပ်စိတ်တစိပ်၏ သေနတ်ပစ်အားများကို 'ဟီး ဟီး .... ဟားဟား ....'လုပ်၍ ခြောက်လှန့်ပြောဆိုနေပုံမှာ ရုပ်ရှင်မင်းသားကြီး ညွှန့်ဝင်းစတိုင်မျိုးပေါက်၍နေပါတော့သည်။

မှိုလိုပေါက်နေသော သမဂ္ဂအဖွဲ့၊ သပိတ်စခန်းများသည်လည်း စောမောင်၏ ပစ်အားကောင်းသော စစ်တပ်၏ဒဏ်ကို မခံနိုင်တော့ဘဲ ပျောက်ကုန်ကြတော့သည်။ သနားစရာ လူမမယ်ကျောင်းသား၊ ရဟန်းရှင်လူများလည်း အသက်ပေါင်းများစွာပေးလိုက်ရပေသည်။ သပိတ်စခန်း၊ သမဂ္ဂအဖွဲ့အစည်းများမှ စာရွက်စာတမ်းများကိုလည်းပေးလိုက်ရပြီး ညညတွင် အိမ်ပေါ်တက်၍ လိုချင်သော ခေါင်းဆောင်များကို ဖမ်းဆီးကြပါသည်။ ဒီတခါ ရိုးရိုးစစ်တပ်သာမက ဒုဗိုလ်ချုပ်ခင်ညွှန့်၏ တပ်မတော်ထောက်လှမ်းရေးတပ်လည်း တတပ်တအား ပါဝင်ဆင်နွှဲကြသောကြောင့် လူမရှိတော့သည့်ထောင်ကြီးများလည်း လူများပြန်လည်၍ စည်းကားလာပါတော့သည်။ ဖမ်းဆီးရသမျှ၊ စစ်ဆေးပြီးသမျှ စစ်ဆေးနေဆဲကာလ သေဆုံးသွားကြသော ရှစ်လေးလုံးအာဇာနည်များကိုလည်း ကြိုတောမီးသင်္ဂြိုလ်စက်ကြီးမှာ (၂၄) နာရီမပြတ် မီးခိုးတလူလူ ဖြစ်ခဲ့ရပါတော့သည်။

"သူငယ်ချင်း .... သူငယ်ချင်း" "ဟာ .... သူငယ်ချင်း" "ရှုးတိုးတိုး" ငါအခုလာတာ သိပ်အရေးကြီးတယ်။ ငါနဲ့ခဏလိုက်ခဲ့၊ ဒီမှာပြောလို့မကောင်းဘူး။ "ညကြီးမင်းကြီး အသံကြား၍ ကြည့်လိုက်ရာမှ မောင်စပ်စုကြီးဖြစ်နေ၍ အိမ်နှင့်အတော်အလှမ်းဝေးသော ခြံဝန်းထောင့် ကုက္ကိုပင်အောက်တွင် လိုက်ထိုင်ဖြစ်သည်။ "သူငယ်ချင်း .... ငါဒီမှာနေလို့ မရတော့ဘူး။ ငါဗမာပြည် ထိုင်းနယ်စပ်ကိုပြေးရတော့မယ်။ အခုလဲ အသက်စွန့်ပြေးနေတုန်းဘဲ။ ငါအချိန်မရှိဘူး။ ငါ့လက်ထဲမှာလဲ ငွေမရှိဘူး။ လမ်းစရိတ်လိုတယ်။ အဲဒါ မင်းငါ့ကိုကူညီပါ သူငယ်ချင်းရာ။ ငါမင်းကျေးဇူးကို ဘယ်တော့မှ မမေ့ဘူး သူငယ်ချင်း" မျှော်လင့်ချက်ကြီးစွာသောမျက်နှာနှင့် ကျနော့်အားပြောနေသော မောင်စပ်စုမျက်နှာအား မကြည့်တော့ပါ။ "အား .... မလိုပါဘူးကွာ။ ရပါတယ်။ ငါကူညီပါ့မယ်။ သူငယ်ချင်း ဒါပေမယ့် အခု ငါ့လက်ထဲမှာလဲ ငွေမရှိဘူး။ ငါရဲ့ ပန်းကမ္ဘာစက်ဘီးကို သွားရောင်းမယ်။ လမ်းထိပ်က ဒေါ်သန်းကြွယ်ကြီးက သူ့သမီးအတွက်ငါ့ကို တောင်းဝယ်နေတာကြာပြီ။ ငါသွားလုပ်လိုက်မယ်။ မင်းဒီမှာဘဲ ခဏစောင့်။" "ရော့ ဒီမှာငွေ (၁,၂၀၀) ကျပ်" "ဟာ သိပ်ဝမ်းသာတယ်သူငယ်ချင်း၊ ဒါနဲ့ မင်းအိမ်က မနက်လင်းလို့ သိသွားရင်ကော" "အို ဘာမှမပူနဲ့။ ဒါ ငါ့ကိစ္စပါကွာ။ မင်းကို ကူညီရတာကို ဘဲကျေနပ်ပါပြီ။" "ကဲ .... သူငယ်ချင်းရေ၊ ငါလဲဒီမှာဆက်နေလို့ လုံးဝမဖြစ်တော့ဘူး။ ဟိုကို မရောက်ရောက်အောင်သွားပြီးတော့ ဟိုမှာ ငါ့လိုဘဲထွက်ပြေးလာကြမဲ့ ကျောင်းသား၊ ရဟန်းရှင်လူတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဒီမိုကရေစီရအောင် ပြန်ချမယ် သူငယ်ချင်း" "အားရတယ်ကွာ၊ မင်းတို့ပြန်လာရင် ငါလဲ ဒီကနေရှေ့ဆုံးကမင်းတို့နဲ့ ပူးပေါင်းပြီး ပါဝင်မယ်။ အဲဒီနေ့ရက်ကြီး မြန်မြန်ပြန်ရစေပါကွာ" မိုးကလဲ တဖွဲဖွဲကျနေသည်။ ကျနော်တို့နှစ်ယောက်မှာ မိုးရွာသည်ကို ဂရုမစိုက်အားဘဲ မပီဝိုးတဝါးလရောင်အောက်တွင် တယောက်နှင့်တယောက် ဒီတခါအပြီးပဲခွဲရတော့မှာလား။ ဘယ်လောက်ကြာတော့မှ ပြန်တွေ့ကြရမည်လဲဆိုတာကို ရင်တွင်း၌တွေးရင်း ဝမ်းနည်းမှုများကရင်ကို ဆို့ဆို့နှင့်နင့်ကြီး ဖြစ်နေပေတော့သည်။ အတန်ကြာအောင် စကားမပြောဖြစ်ကြဘဲ တိတ်ဆိတ်နေရာမှ "ကဲ ....သူငယ်ချင်း၊ ငါ သွားပြီကွာ။ မသေရင်တော့ ပြန်ဆုံကြသေးတာပေ့ါ။ ငါတို့နှစ်ယောက် ဆက်ဆံခဲ့တာ မင်းအပေါ် ပြောမှားဆိုမှားရှိခဲ့ရင် ငါ့ကို ခွင့်လွှတ်ပါကွာ။ ငါဘယ်ရောက်ရောက် မင်းကို ဆက်သွယ်ပါ့မယ်။ ဒါဘဲကွာ" ကျောခိုင်းပြီး ထွက်ခွာသွားသော သူငယ်ချင်း မောင်စပ်စု၏ နောက်ကျောပြင်ကြီးကို ကြည့်ပြီး ကျနော့်မျက်လုံးအိမ် (၂) လုံးတွင်းမှာ မျက်ရည်များ ပြည့်လျှံလာပြီး ပူနွေးနွေးမျက်ရည်စီးကြောင်းကြီး (၂) ကြောင်းက ပါးပြင်တွင် တသွင်သွင်စီးဆင်းနေပါတော့သည်။




စောဝေ (ခေတ္တနို့ဖိုးစခန်း)

**"မှိုလိုပေါက်နေသော သမဂ္ဂအဖွဲ့ ၊ သပိတ်စခန်းများသည်လည်း စောမောင်၏ ပစ်အားကောင်းသော စစ်တပ်၏ဒဏ်ကို မခံနိုင်တော့ဘဲ ပျောက်ကုန်ကြတော့သည်။ သနားစရာ လူမမယ်ကျောင်းသား၊ ရဟန်းရှင်လူများလည်း အသက်ပေါင်းများစွာ ပေးလိုက်ရပေသည် ... ..."**

စောဝေ

ခေတ္တနို့ဖိုးဒုက္ခသည်စခန်း

၂၀၀၆ခု၊ ဩဂုတ်လ (၅) ရက်။

## ထိုင်းနိုင်ငံအတွင်းအလုပ်လုပ်လိုသော မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ် စတင်ထုတ်ပေး

နိုဝင်ဘာလလယ်မှစ၍ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားများအတွက် ယာယီနိုင်ငံကူးလက်မှတ်များကို မြန်မာစစ်အစိုးရဘက်မှ ဖွင့်လှစ်ထားသော ကော့သောင်းနှင့်တာချီလိတ်မြို့ရုံးများတွင် ပြုလုပ်ပေးနေပြီဖြစ်ကြောင်း ဒေသခံများကိုကိုးကား၍ သတင်းများကဆိုသည်။

ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အစီအစဉ်မတိုင်ခင် မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ပေးရန် မြန်မာစစ်အစိုးရနှင့် ထိုင်းအစိုးရတို့အကြား သဘောတူညီမှုရရှိခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာစစ်အစိုးရထံသို့ ပထမအကြိမ်ပို့လိုက်သည့် မြန်မာနိုင်ငံသားအလုပ်သမား (၁၇,၀၀၀) ၏နိုင်ငံသားစိစစ်ရန် လျှောက်လွှာများတွင် လျှောက်လွှာရှင် (၇) ဦးသာ ပယ်ချခံရကြောင်း ထိုင်းနိုင်ငံခြားသားအလုပ်သမားရေးရာဌာနတာဝန်ခံ ဖိုင်ဘွန်းစရီကိုကိုးကား၍ ဧရာဝတီသတင်းကဆိုသည်။

ယာယီနိုင်ငံကူးလက်မှတ်ရုံးများကို ထိုင်းမြန်မာနယ်စပ် မြဝတီ၊ ကော့သောင်းနှင့် တာချီလိတ်မြို့များ၌ နိုဝင်ဘာ (၆) ရက်နေ့တွင် မြန်မာစစ်အစိုးရဘက်က ဖွင့်လှစ်ခဲ့သည်။

ယာယီနိုင်ငံကူးလက်မှတ်များအတွက် ပထမဦးစွာ လေဘာရုံးတွင် လေဘာလက်မှတ်လုပ်ရမည်ဖြစ်ပြီး ဆေးရုံ တွင်ဆေးစစ်ခံရမည်ဖြစ်ကြောင်း၊ ထို့နောက် နိုင်ငံကူးလက်မှတ်ရုံးသို့ သွားရောက်ကာလိုအပ်သည့် အချက်အလက်များကို ပုံစံတွင်ဖြည့်စွက်၍ ကျပ် (၃,၀၀၀) ပေးသွင်းရကြောင်းသိရသည်။ ထိုင်းအလုပ်သမားဝန်ကြီးဌာနသို့ ထိုင်းအလုပ်ရှင်မှတဆင့် ဘတ် (၄,၃၀၀) ပေးသွင်းရမည်ဟုလည်းဆိုသည်။

တာချီလိတ်တွင် ယာယီနိုင်ငံကူးလက်မှတ်လုပ်မည့်သူများသည် အမြတ်ခွန်ကင်းရှင်းကြောင်းနှင့် ရဲစခန်း၊ ရယကထောက်ခံစာများကိုပါ ယူရမည်ဖြစ်ပြီး မြန်မာဘက်သို့ ဘတ်ငွေ (၃,၀၀၀) နှင့် ထိုင်းဘက်သို့ ဘတ် (၂,၀၀၀) ပေးသွင်းရကြောင်းသိရသည်။

ယာယီနိုင်ငံကူးလက်မှတ်နှင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ခွင့်ရသူသည် ဝင်ငွေခွန် (၁၀) ရာခိုင်နှုန်းကို မြန်မာစစ်အစိုးရဘက်သို့ ပေးဆောင်ရမည်ဟုဆိုသည်။

၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံသား (၄၇၀,၀၀၀) ခန့်ထိုင်းအလုပ်သမားဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော်လည်း ဆောက်လုပ်ရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော တရားမဝင်အလုပ်သမားများစွာကျန်နေသေးသည်ကြောင်း ဧရာဝတီသတင်းကဆိုသည်။

❖

# လာဘ်စားမှုတွင် ပါဝင်သည့်အကောက်ခွန်အရာရှိ (၁၀၀) ကျော် ထပ်မံဖမ်းဆီးမည်



အကောက်ခွန်ရုံး

လာဘ်စားမှုများတွင် ပါဝင်ပတ်သက်သူ အကောက်ခွန်အရာရှိ (၁၁၃) ဦးကို ထပ်မံဖမ်းဆီးရန် အမိန့်ပေးထားကြောင်း နိုဝင်ဘာ (၃၀) ရက်နေ့ ရိုက်တာသတင်းတရပ်ကဆိုသည်။

ရဲအထူးတပ်ဖွဲ့၏ ပြောပြချက်ကို ကိုးကားထားသော အဆိုပါသတင်းတွင် မေလမှစတင်သော လာဘ်စားမှုနှင့်ဆက်စပ်၍ ဖမ်းဆီးခံထောင်ချခံရသော အကောက်ခွန်အရာရှိ (၃၀) ကျော်ရှိနေပြီး ၎င်းတို့သည် အနည်းဆုံးထောင်ဒဏ် (၁၄) နှစ်မှအများဆုံး (၆၆) နှစ်အထိ ချမှတ်ခံခဲ့ရကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာလနှောင်းပိုင်းကလည်း ရန်ကုန်မြို့ရှိ အကောက်ခွန်ဝန်ထမ်း (၁၀၀) ကျော်ကို ဖမ်းဆီးလိုက်ပြီး တရုတ်မြန်မာနယ်စပ် မူဆယ် (၁၀၅) မိုင်ဂိတ် အကောက်ခွန်ဝန်ထမ်းတချို့ကို စသုံးလုံးအဖွဲ့က နိုဝင်ဘာလ (၂၇) ရက်နေ့က ဖမ်းဆီးလိုက်ကြောင်း အကောက်ခွန်အရာရှိတဦးကို ကိုးကား၍ ရေဝတီသတင်းတပုဒ်ကဆိုသည်။

အဆိုပါဖမ်းဆီးမှုသတင်းကို ကြိုတင်သိရှိရပြီးနောက် မူဆယ်မှ ဦးဇော်နိုင်ဦးဆိုသူ အကောက်ခွန်ဝန်ထမ်းတဦးသည် မိမိကိုယ်ကိုသတ်သေသွားကြောင်း၊ အခြား (၁၁) ဦးမှာ တရုတ်ပြည်ဘက်သို့ ထွက်ပြေးသွားကြောင်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

ထိုနေ့တနေ့တည်းတွင် တာချီလိတ်မယ်ဆိုင်တွင်တာဝန်ကျသည့် အကောက်ခွန်ဒုညွှန်မှူး ဦးဝင်းဆွေအဖမ်းခံလိုက်ရပြီး ဦးစီးအရာရှိဦးမြတ်ကိုကိုမှာ ထွက်ပြေးလွတ်မြောက်နေကြောင်း တာချီလိတ်မှကုန်သည်တဦးကဆိုသည်။

လွန်ခဲ့သော တပတ်ကလည်း မူဆယ် (၁၀၅) မိုင်ဂိတ်တွင် ကုန်ကားအစီး (၂၀) ကျော်ကိုဖမ်းဆီးလိုက်ကြောင်း၊ မြိတ်မြို့တွင်လည်း အကောက်ခွန်အရာရှိများဖြစ်သော ဦးမောင်မောင်၊ ဦးမျိုးသန့်နှင့် ဦးမောင်ဇော်သန်းတို့အဖမ်းခံထားရကြောင်း ဒီဗွီဘီသတင်းကဆိုသည်။

နိုဝင်ဘာလ (၁၈) ရက်နေ့က အကောက်ခွန်အရာရှိ ဦးမြင့်ကြူနှင့်ဒုဦးစီးမှူး ဦးအောင်ခင်တို့ အဖမ်းခံရပြီးနောက်၊ နောက်ဆက်တွဲဖမ်းဆီးမှုများဆက်တိုက်ဖြစ်လာခြင်းဖြစ်သည်။ ဦးမြင့်ကြူတို့နှင့်အတူ ဖမ်းဝရန်းထုတ်ထားသောအကောက်ခွန်ဝန်ထမ်း (၁၂) ဦးမှာ ယခုတိုင်ရှောင်ပြေးနေဆဲဖြစ်ကြောင်းသိရသည်။

ဇွန်လအတွင်းက အကောက်ခွန်ညွှန်ချုပ်ဗိုလ်မှူးကြီး ခင်မောင်လင်းနှင့် အခြားအရာရှိများစွာ ဖမ်းဆီးခံခဲ့ရပြီး ဗိုလ်မှူးကြီးခင်မောင်လင်းကိုနိုဝင်ဘာလဆန်းပိုင်းက ထောင်ဒဏ် (၆၆) နှစ်ချမှတ်ခဲ့သည်။ ❖

# ဌာနဆိုင်ရာဝန်ထမ်းများအဂတိလိုက်စားပါလျှင် တိုင်ကြားပါ ပြည်ထဲရေးဝန်ကြီးဌာနက လူထုကိုနှိုးဆော်ထား

ပြည်ထဲရေးဝန်ကြီးဌာနဝန်ထမ်းများ၏ အဂတိလိုက်စားမှုနှင့် လူထုအပေါ် မမှန်မကန်နိုင့်ထက်စီးနင်းမှုများရှိလျှင် မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်ကြောင်း နိုဝင်ဘာ (၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများက ငွေကြေးပစ္စည်း၊ အခွင့်အရေးအဂတိလိုက်စားမှု၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီဘဲ မမှန်မကန်လုပ်ပိုင်ခွင့်များ အလွဲသုံးစားမှု၊ စီးပွားရေး၊ လူမှုရေးနှင့်အုပ်ချုပ်ရေးတွင် နိုင့်ထက်စီးနင်းပြုလုပ်ခဲ့လျှင် နစ်နာသော ပြည်သူကိုယ်တိုင် တိုင်ကြားနိုင်ကြောင်း မြန်မာ့အလင်းသတင်းစာကဆိုသည်။

တိုင်ကြားရမည့် တယ်လီဖုန်းနံပါတ်၊ လိပ်စာနှင့် အီးမေးလ်လိပ်စာများကိုလည်းသတင်းတွင်ဖော်ပြထားသည်။

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများမှာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ပါဝင်သည်။ ပြည်သူလူထု နစ်နာမှုမဖြစ်စေရန်စုံစမ်းစစ်ဆေးရေး ခုံရုံးအဖွဲ့နှင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်သဖြင့် ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့်ကူညီဆောင်ရွက်ကြပါရန် နှိုးဆော်ထားသည်။

❖

**မျက်နှာဖုံးသတင်း ကမ္ဘာ့အိတ်ချ်အိုင်ဗွီနေ့အခမ်းအနားသတင်းမှ**

HIV၊ AIDS ရောဂါရှိသူအရေအတွက်သည် နအဖထုတ်ပြန်ထားသော ကိန်းဂဏန်းထက် (၄–၅) ဆပိုများနိုင်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ ဂျွန်ဟော့ပ်ကင်းဘလူးမ်းဘတ်တက္ကသိုလ်၏ မကြာသေးခင်ကထုတ်ပြန်သော သုတေသနစစ်တမ်းတရပ်တွင်လည်း နအဖစစ်အစိုးရသည် HIV/AIDS ကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ (၅) သောင်းသာ အသုံးပြုခဲ့ကြောင်း ဖော်ပြထားသည်။

ဒီဇင်ဘာလ (၁) ရက်နေ့၊ ကမ္ဘာ့ AIDS နေ့လှုပ်ရှားမှုအဖြစ် (၈၈) မျိုးဆက်ကျောင်းသားများကလည်း ရန်ကုန်မြို့နေရာ အတော်များများတွင် လှို့ဆော်ပွဲများပြုလုပ်ခဲ့သည်။ လူထုအတွင်း ရောဂါနှင့်ပတ်သက်၍ ပိုမိုနိုးကြားမှုရှိစေရန်ရည်ရွယ်၍ အိတ်ချ်အိုင်ဗွီပညာပေး လက်ကမ်းစာစောင် (၄) သောင်းကျော်ကို သိမ်ကြီးဈေး၊ ပန်းဆိုးတန်း၊ ဖရေဇာနှင့် ဆင်ခြေဖုံးများတွင် လိုက်လံဝေငှခဲ့သည်ဟုသိရသည်။

အာဏာပိုင်များက အနီးကပ်စောင့်ကြည့် မှတ်တမ်းတင်နေသည့်ကြားမှ ရန်ကုန်မြို့အနှံ့လှုံ့ဆော်မှုအပြီးတွင် (၈၈) မျိုးဆက်ကျောင်းသားများသည် HIV ဝေဒနာရှင်များရှိရာ မြောက်ဥက္ကလာပ၊ ဝေဘာဂီဆေးရုံသို့ သွားရောက်၍ ဝေဒနာရှင်များအတွက် အစားအသောက်နှင့်အသုံးအဆောင်များ လှူဒါန်းခဲ့သည်။

HIV/AIDS ပြဿနာသည် မြန်မာနိုင်ငံတွင် အမျိုးသားရေးပြဿနာဖြစ်လာနေသဖြင့် ၎င်းကိစ္စကို ဟန့်တားနိုင်အောင် နိုင်ငံသားများအားလုံး၊ နိုင်ငံတကာမိသားစုနှင့်အတူတကွ ပူးပေါင်းနည်းလမ်းရှာကြရန် အဲန်အယ်လ်ဒီလူငယ်များနှင့် (၈၈) မျိုးဆက်ကျောင်းသားများက တိုက်တွန်းသည်။

UNAIDS ၏ နောက်ဆုံးအစီရင်ခံစာတွင် အာရှ၌ လူ (၈ . ၆) သန်းသည် HIV ကူးစက်ခံနေရပြီး၊ ယခုနှစ်အတွင်း အာရှ၌ AIDS ရောဂါဖြင့်သေဆုံးသူ (၆၃၀၀၀၀) ရှိကြောင်း၊ ကမ္ဘာတလွှားတွင် ၎င်းရောဂါပိုးရှိသူ (၃၉ . ၅) သန်းရှိပြီး၂၀၀၄ ခုနှစ်ကနှင့်စာလျှင် (၂ . ၅) သန်းပိုများခဲ့ကြောင်း၊ ရောဂါစတင်တွေ့ရှိသောအချိန်မှ ယနေ့အထိ (၂၅) နှစ်အတွင်း လူပေါင်း (၂၅) သန်းသည် ၎င်းရောဂါဖြင့် အသက်ဆုံးခဲ့ရပြီး သန်း (၄၀) မှာ ရောဂါကူးစက်ခံခဲ့ရကြောင်း၊ ယခုနှစ်အတွင်း လူ (၂ . ၉) သန်းသည် AIDS ရောဂါဖြင့်အသက်ဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ ❖

## (၉၁) နှစ်ပြည့် အမေသို့ ...



ကိုးဆယ်ကျော်လို့မှ
သက်ပြင်းမချ
ရင်စည်းမဖြုတ်
ချွေးမသုတ်နိုင်သေးတဲ့ အမေ ...။

ဆရာ[၁] လည်းမရှိ
တော်တော်[၂] လည်းမရှိ
မင်းသားကြီး[၃] လည်းမရှိတော့ကာ
ဒီတခါမွေးနေ့မှာ
အမေဘယ်လို လွမ်းရှာမယ်
ကျနော်တို့ ကိုယ်ချင်းစာမိပါတယ်။
ကျနော်တို့လည်း လွမ်းပါတယ်အမေ ...။

အမေဆိုတာ
ကန်တော့ဖို့
ခြေဆုပ်လက်နယ်ပြုဖို့
မသိမိတာမေးဖို့
ကျောင်းရိပ်ကန်ရိပ်ပို့ဖို့
ဒါပေမဲ့ အခုတော့
အမေ့ကို စကားပြောခိုင်း
အင်တာဗျူးတွေ ဖြေခိုင်း
(ကျနော်တို့ကလေ)
ရှေ့တန်းကပါခိုင်းနေတယ်
အော် ... ကိုးဆယ်ကျော်ကြီးအပေါ်
မတရားတော့ မတရားလှဘူးပေါ့နော် အမေ ...။

အမေ့မှာ
နာကြည်းစရာ ...
ဒေါသဖြစ်စရာ ...
ခံပြင်းစရာတွေ ...
အသချေ်အနန္တ
လွန်စွာမှများလှပေမယ့်
အခုအမေလုပ်နေတာတွေဟာ
လက်စားချေတာလည်းမဟုတ်
လက်တုန့်ပြန်တာလည်းမဟုတ်
စေတနာ၊ မေတ္တာ
ကရုဏာသက်သက်နဲ့
အသက်မငဲ့ဘဲ လုပ်နေမှန်း
သန်းပေါင်းငါးဆယ် သိပါတယ်အမေ ...။

ပြောသာ ပြောတယ်
ဒီတခါ အမေ့မွေးနေ့
ကျင်းပလေ့ရှိသလို
ကျင်းပလို့မှရပါ့မလား
စဉ်းစားပူပင်၊ သောကတွေဝင်ကြတာ
ပြည်သူအားလုံးပါ ...။

ဒီတနှစ် တောင်သမန်မှာ
အမေ့မွေးနေ့သာ မဖြစ်ခဲ့ရင်
ဆရာတင့်သီချင်းထဲကလို
"သန်းခေါင်ကျော်ရင်
နတ်စည်မောင်းသံ
ကြားတယ် ... ကြားတယ်"[၄]
ကျနော်တို့ တိုက်မောင်းသံတွေ
ကြားရတော့မှာ မဝေးပါဘူးအမေ ...။

ဖိုးသံ (လူထု)

| | |
|---|---|
| ဆရာ[၁] | – ဆရာကြီးဒေါက်တာသန်းထွန်း |
| တော်တော်[၂] | – တော်ဖုရားလေး |
| မင်းသားကြီး[၃] | – ဦးထွန်းဝေ |
| ကြားတယ်၊ ကြားတယ်[၄] | – နန်းတော်ရှေ့ဆရာတင်ရေး တောင်သမန်သီချင်းသံပြိုင်ပိုဒ်မှ |

# ဆိုရေးရှိရာ ဆိုပါရစေ ...

ကပ္ပိယဦးတင့်

ဆိုရေးရှိရာဆိုပါရစေလို့ အရေးဆိုခွင့်ပန်ရင်း အမိမြန်မာပြည်သတင်းလေးတွေကို နာစွင့်ထားသမျှ ဖောက်သည်ချရရင်ဖြင့် ရင်နင့်စဖွယ် မတင့်တယ်တော့ပါဘူးလို့ စင်မြင့်အလယ်မှာ ရင်ဖွင့်ပါရစေဗျာ။

ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ရယ်လို့ အသံကုန်ဟစ်အော်ကြွေးကျော်ရင်း ပြည်သူလည်ကိုတက်နင်း၊ ဆင်းရဲတွင်းကို အတင်းဆွဲပို့နေတဲ့ ဗရုတ်သုကွန့အဖ အစိုးရဟာ ဗရန်းဗတာမူဝါဒတွေ ဆုပ်ကိုင်ပြီး ဘီးလူးဆိုင်းတီးပြီးတက်နေခဲ့တာ (၁၈) တာကြာခဲ့ပြီမဟုတ်လား။ အဲဒီတစောက်ကန်း အာဏာရူးတွေက ရွှေနိုင်ငံ၊ ရွှေနိုင်ငံနဲ့အမည်သမုတ် ခေါ်ဝေါ်နိုင်လောက်အောင် ကပ္ပိယတို့အမိတိုင်းပြည်ကလည်း ရတနာသယံဇာတတွေ ပေါကြွယ်ဝလေတော့ ဒီလူ့ဗလာတွေ လျှောက်လှမ်းလေရာမှာ ရတနာစိန်ကျောက်၊ ဇယ်တောက်တန်းကစားနိုင်တာကအမှန်၊ အလျှံအပယ်၊ အစားအသောက်တွေနဲ့ ဇိမ်ခံကား နောက်ဆုံးပေါ်ထည်လဲစီးတဲ့ ကြပ်ပြေးရွှေနန်းရှင် လက်တဆုပ်ဆာရဲ့ ခေတ်သစ်ပဒေသရာဇ်စနစ်ဟာ စက်ဆုပ်ဖွယ်ရာအတိ၊ ပကတိအရှိဖြစ်တဲ့ ဆင်းရဲတွင်းနက်ထဲမှာ ဒူးတုတ်ကာခစားနေရတဲ့ တိုင်းရင်းသားညီအကိုတွေရဲ့ဘဝကတော့ ကန္တာရအလယ်မှာ လမ်းပျောက်နေရှာတဲ့ အမိမဲ့သားငယ်လို ဘယ်ဆီကိုရော်ရမ်းလို့ မျှော်မှန်းရမယ်မသိ။ အခုတော့ဗျာ .... အမိတိုင်း မြန်ပြည်ဟာ အာဏာသား မိစ္ဆာတွေရဲ့အောက်မှာ အကွပ်မဲ့ကြမ်း ဗရမ်းဗတာနဲ့ဝိဘစ္စာ ဇာတ်လမ်းခင်းနေရပေါ့လေ။ အဲ .... အဖွင့်လမ်း နိဒါန်းဆင်ရင်း ဘယ်ဒင်းဆီရောက်ပြီမသိ။ လိုရင်းထိရောက်စေဖို့ တပ်ရှေ့သို့ နောက်လှည့်ကြစို့ ပရိတ်သတ်တို့ရယ်။

ကပ္ပိယပြောချင်တဲ့ဒီသတင်းက ဒီလိုဗျ။ ဟိုမျက်နှာရှူး၊ ဗိုလ်သန်းရွှေရဲ့သမီးထွေး အဲလေ .... သမီးထွေးဖြစ်တဲ့ သန္တာရွှေဆိုတဲ့ ကလေးမဟာ ဖိုးဇော်ဝင်းဆိုသူ သူကောင်းသားသူငယ်တယောက်နဲ့ ဒီနှစ်ဇူလိုင် (၂/၃) တွေမှာ စုံဖက်သဘင်ပွဲတွေ ခြိမ့်ခြိမ့်သဲဆင်နွှဲကြတယ်တဲ့လေ။ ကြပ်ပြေးနေပြည်တော်နဲ့ ဇေယျာသီရိ ဗိမာန်တွေမှာ မင်းပွဲသဘင်ပမာ ပျော်ပွဲဆင်ခဲ့ကြတာ ဓမ္မတာတရားမို့ မဆန်းဘူးလို့ မထင်လိုက်လေနဲ့ဗျို့။ ဆန်းတာက ဒီလို .... ငိုမလိုမျက်နှာထားနဲ့ ပျိုကညာထိပ်ထားလေးရဲ့ကိုယ်မှာဆင်ထားတဲ့ စိန်သားအတိ ရတနာတွေပေါ့။ ဦးခေါင်းအထက် ဆံကေသာကနေ၊ ခြေကျင်းဝတ်အထိ ဆင်မြန်းထားတဲ့ ပြိုးပြိုးပျက်ပျက် အနှီတန်ဆာတွေဟာ ရတနာပညာရှင်တွေ မခန့်မှန်းနိုင်လောက်အောင် တန်ဖိုးကြီးမားလွန်းလှတယ်တဲ့လေ။ အဲ .... ခြိမ့်ခြိမ့်သဲတဲ့ ဒိတ်ဒိတ်ကြဲ မင်္ဂလာပွဲကလည်း ဒေါ်လာငွေမည်း သုံးသိန်းခွဲ ကုန်ကျခဲ့သတဲ့။ ပျော်ကြပါ။ ပျော်ကြပါလို့ မုဒိတာပွားနိုင်ပေမဲ့ ကပ္ပိယကြီး ဥပေက္ခာမထားနိုင်တာက အနှိမ်ခံပြည်သူတွေရဲ့ ဘဝမဟုတ်ပေလား။ ဒီအာဏာရူး လူမိုက်တစုရဲ့ တဒင်္ဂပျော်ရွှင်မှုဟာ သန်းငါးဆယ်သော ဒို့လူတွေရဲ့အသက်၊ သွေး၊ ချွေး၊ မျက်ရည်စက်တွေနဲ့ နှိုင်းစက်ခဲ့ရတယ်ဆိုတာကို အနှီလူ့ဗလာတွေ မသိခဲ့လေပါလား။ မသိကျိုးကျွံပြုခဲ့လေတာလားဆိုတာ ဝိုင်းတွေးကြည့်ကြစမ်းပါအုံးဗျာ။ ဟုတ်တယ်လေ .... သူတို့သုံးဖြုန်းနေတဲ့ စိန်၊ ရွှေ၊ ငွေတွေဟာ ဒို့ပြည်သူတွေရဲ့သွေး၊ ချွေး၊ မျက်ရည်စက်တွေနဲ့ ဒို့နိုင်ငံတော်ရဲ့ သယံဇာတအရင်းအမြစ်တွေကို အနုကြမ်းစီးထားတဲ့ တိုက်ရာပါပစ္စည်းတွေလို့ ကပ္ပိယပြောရင် ဘယ်သူမှငြင်းမယ်လို့ မထင်ပါဘူး။

ဒီလိုဗျဆိုပြီး သာဓကပြုရရင်ဖြင့် အခွန်အခဆိုပြီး အဓမ္မကောက်ခံနေတဲ့ ငွေကြေးတွေဟာ ပြည်သူတွေရဲ့သွေး၊ ချွေး၊ မျက်ရည်စက်တွေ မဟုတ်ပေလား။ ဒါတင်လားဆိုမကသေးပါဘူး။ ဒမြလို လူမိုက်ဇာတ်ခင်းတာလဲ ရှိရဲ့။ ခြံသိမ်း၊ မြေသိမ်း ပိုင်ဆိုင်မှုတွေသိမ်းတဲ့ ပုပ္ပမှုဗျာပါပွေခဲ့ရတဲ့ ပြည်သူ့ဘဝတွေလည်းမရှား။ မျက်လှည့်ဆရာလိုလို ဖိုးတွမ်တီလိုလိုနဲ့ ပြောင်လိမ်၊ ပြောင်စားတဲ့ လုပ်ကွက်တခုကလည်း ဥပမေယျအနေနဲ့ တင်ပြစရာ အထင်ကရရှိပါတယ်။ ပရိတ်သတ်တို့လည်း သိပြီးဖြစ်ပါလိမ့်မယ်။ လိုင်စင်မဲ့ မော်တော်ယာဉ်တွေဆိုပြီး တိုင်းပြည်နဲ့အဝှမ်း၊ ဒလကြမ်းဖမ်းဆီးခဲ့တာ မျက်ရည်ပြာခဲ့ရတဲ့ ပိုင်ရှင်ပြည်သူတို့အတွက် ရင်ကွဲနာကျရတဲ့ အဖြစ် သက္ကရာဇ် ၂၀၀၅ မတ်လမှာ စသိမ်းတော့ ပြန်ပေးမှာလိုလို လိုင်စင်လုပ်ပေးမှာလိုလို၊ ဟိုလိုလိုဒီလိုလိုနဲ့ မလိမ့်တပတ်လုပ်ရပ်ဆိုတာအရှင်းသား။ စာရင်းဇယားအရ မော်တော်ကားတသောင်း ငါးထောင်ငါးရာကျော်ကို ဖမ်းစီးသိမ်းပိုက်ခဲ့ပြီး အခု ၂၀၀၆ ကုန်ကာလလောက်မှာ သူတို့ရဲ့လက်ကိုင်တုတ် စစ်တပ်၊ ရဲ၊ ဝန်ကြီးဌာနတွေကို ခွဲပေးဖို့ စီးမံကိန်းဦးစီးဌာနကို လွှဲပေးတယ်တဲ့လေ။ နှစ်ကောင်းစား ကင်းပေါက်လား၊ သုံးကောင်စားကင်းပေါက်လားလုပ်တဲ့လုပ်ရပ်ဆိုရင်လဲ မမှားပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီကားတွေဟာ ပြည်တွင်းကိုဝင်လာစဉ်က နယ်စပ်အကောက်အခွန်နဲ့ နစခဆိုတဲ့ ထောက်လှမ်းရေးအဖွဲ့တွေကို တန်ရာတန်ကြေး သခိုးဈေးနဲ့ဆက်ကြေးပေး ဝင်ခဲ့ရတာပါ။ အုံနဲ့၊ ကျင်းနဲ့ဖြစ်မှ လိုင်စင်မဲ့အမည်တပ်ပြီး၊ ပတ်ကြမ်းတီးဖမ်းဆီးခဲ့တာ ပိုင်ရှင်တွေမှာ မိအေးနှစ်ခါနာရတဲ့အဖြစ်မျိုး ခံရသူမှာတော့ လုပ်ရက်ပါပေ့ဆရာ အာဋ္ဌာဝကတို့ရယ်လို့ ညည်းတွားမာန်ချလိုက်ရသူချည့်ပါပဲ။

သယံဇာတကြွယ်ဝတဲ့ မြန်မာနယ်ပယ် အစိတ်အပိုင်း အသီးသီးဟာလည်း အဲဒီ ဆရာအာဋ္ဌာဝကတို့ရဲ့ ဗရမ်းဗတာစီမံမှုတွေ အောက်မှာ ကွယ်ပျောက်တော့မလားတောင် စိုးရိမ်နေရပါသည်။ မုဆိုးလက်ထဲက သားကောင်လို အခွံတောင်မကျန်အောင် ပေါင်နှံရောင်းချခံရပုံမှာ ငြင်းမရလောက်အောင် ရုပ်လုံးပေါ်နေပါသည်။ အနှီ လူ့ဗလာတစုဟာ ပြည်နယ်အသီးသီးက တွင်းထွက်ရတနာမျိုးစုံကိုဆိုရင်လည်း လောဘသား တိုင်းတပါးကုမ္ပဏီတွေနဲ့ ဖက်စပ်ပြီး လုယက်ယူငင်ကြတာ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းလိုက်ပါဘိ။ အာဏာရူးတွေရဲ့ မတော်လောဘတွေနဲ့အတူ (၃၃) တန် ကျောက်စိမ်းတုံးဆိုတာတို့၊ နဝတပတ္တမြားဆိုတာတို့ဟာ စာရင်းပျောက်ခဲ့ရတယ်မဟုတ်လား။ အဲသလို တရားမဝင်ဆုံးရှုံးခဲ့ရတဲ့ ပြည်ရှင်နှစ်ရတနာတွေအတွက် ရတက်မအေးရသလို တနှစ်ကို နှစ်ကြိမ်မျှ ထုခွဲရောင်းချနေတဲ့ ကျောက်မျက်အရောင်းပြပွဲဆိုတာတွေကိုလည်း ငဲ့ကြည့်ကြပါဦး။ တိုင်းတပါးသားလူလည်တွေရဲ့ ခြေရှုပ်မှုအောက်မှာ ဒေါ်လာတွေ သောက်သောက်လဲဝင်တဲ့ ပေါ်တင်ရှုံးပွဲတွေပေါ့ဗျာ။ ကျောက်မျက်အတွဲပေါင်း ငါးထောင်ကျော် ရောင်းချချယ်လှယ်ခဲ့တဲ့ ၂၀၀၆ နှစ်လည်ရိုးပွဲဆိုတာဟာလဲ ဒေါ်လာငွေမဲတွေ ဝင်လာမစဲခဲ့ပေမယ့် ကန့်လန့်ကာရဲ့နောက်ကွယ်မှာ ငိုပွဲဆင်နေကြတဲ့ တိုင်းရင်းသားတွေရဲ့ ရှေ့ရေးကတော့ ရတက်မအေးစရာပါပဲ။

အဲသလို လောဘရမက်တွေကဲနေတဲ့ အနှိုင်နဲ့လူတစုဟာ ရှေးကထက်ကဲတဲ့ ဇာတ်လမ်းထွင် အကွက်ဆင်နေပြန်ပြီတဲ့လေ။ ဘာတဲ့ .... မြန်မာ့ရွှေတွင်းတွေကို ထင်သလို ရောင်စားတော့မယ်ဆိုပဲ။ ဝန်ကြီးဌာနပိုင် ကျောက်ပုထိုးရွှေတွင်းကို ရောင်းမယ်ရယ်လို့ အာဏာသားတွေက ကြော်ငြာထားသတဲ့ဗျာ။ သို့ကလို အကြံပတ်စက်၊ မိုက်တွင်းနက်မှုတွေဟာ ကပ္ပိယကြီးရဲ့ရင်ကိုခွဲပြီး အသဲကိုနှုတ်ယူတာထက်တောင် ခံရခက်သေး။ မြန်မာ့ပင်လယ်ပြင်ကိုလည်း ကြည့်ပါအုံး။ ကြည်လင်အေးချမ်းတဲ့ ကမ်းလွန်ပင်လယ်ပြင်တလျှောက်မှာ သူခိုးသူဝှက်တွေပမာ ဘနဖူးသိုက်တူးနေလိုက်ကြတာ အော့နှလုံးနာစရာအဖြစ် ရွှေဂက်စ်ဆိုတဲ့ မြန်မာကမ်းလွန်ပင်လယ်ပြင်ထွက် ရေနံသဘာဝဓာတ်ငွေ့တွေဟာ ဒို့တိုင်းပြည်ရဲ့ ရတနာရွှေမဲ အစစ်တွေပဲမဟုတ်လား။ အဲ ... ပြေးမသာ၊ ငိုမတတ်တဲ့ အပြစ်မဲ့ရတနာတွေကလည်း ရှိသေးရဲ့။ ကမ္ဘာ့အလယ်မှာ မျက်နှာလှတဲ့ ကျွန်းသစ်နဲ့၊ သစ်တောထွက် သဘာဝရတနာတွေဟာ အနှိမ်ခံ၊ အနှိမ့်ဈေးနဲ့ တနိုင်ငံရပ်ဝေးဆီသို့ ထင်သလိုတင်ပို့ ရောင်းချခံနေရတာ ရတက်မအေးစဖွယ် မြင်ကွင်းကျယ် ဖိုးတွမ်တီဇာတ်လမ်းပါပဲ။ ဒီငနဲ လူ့ဗလာတွေဟာ သို့ကလို တိုင်းပြည်ကို ရောင်းစားနေပြီး စပြီးချမ်းသာနေကြတာ အဖြေရှာစရာမလိုတဲ့ တရားခံအစစ်ဆိုတာ လည်ပြင်မှာ ဆင်သွားသလို ထင်ရှားပေါ်လွင်နေပြီမဟုတ်လား။ ဤနှယ်၊ ဤနည်းနဲ့ ကြွယ်ဝလာတဲ့ ခိုးသားငါးရာ ဇာတ်တော်သားတွေဟာ ပိုင်ဆိုင်ရာဝေစုတွေအတွက် ဗျာရတက်မအေး ဖြစ်လာကြတယ်ထင့်။ ဒို့အတွက် လူသတ်လက်နက်တွေကို စုဆောင်း၊ လူကောင်းကိုနှိပ်စက်လို့ လူပျက်ကို လက်နက်အပ်နှင်းရင်း ခေတ်ပျက်မင်းလုပ်နေကြတာ အရှက်တရားနတ္ထိ။

ဒီလို ပီဘိအမင်္ဂလာတွေကို မလိုတမာလို့ ကြော်ငြာနေတာမဟုတ်ပါဘူးဗျာ။ ပြည်သူတွေသာ ချမ်းသာနေမယ်၊ ပျော်ရွှင်နေမယ်၊ ဘာသာစုံတိုင်းရင်းသားတွေ အေးချမ်းနေမယ်၊ အကြောက်တရားကင်းမဲ့နေမယ်ဆိုရင် ဘယ်သူမင်းလုပ်၊ အုပ်ချုပ်နေနေ၊ ကျနော်ကပ္ပိယ အထုတ်ဖြေပြ ရှုပ်ချနေမိမှာ မဟုတ်ဘူးထင်ရဲ့။ ခုတော့ဗျာ .... သူတို့ရဲ့တစောက်ကန်းပေါ်လစီတွေအောက်မှာ ရစရာမရှိအောင်စုပ်ချာနေတဲ့ ပြည်သူတရပ်လုံးရဲ့ ဘဝကိုကျောခိုင်း၊ ငြိမ်းချမ်းရေးလေးပေးသနားပါဆိုတဲ့ တိုင်းရင်းသားတွေရဲ့ ဆန္ဒတွေကို အဓမ္မနင်းချေမှု၊ ထပ်တူမကျနိုင်တဲ့ အယူဝါဒဟူသမျှကို အာဃာတနဲ့နှိမ်နင်းတဲ့ ဖက်ဆစ်မင်းတို့ရဲ့ အာဏာရူးလုပ်ရပ်တွေအောက်မှာ ပြည်သူလူထုဟာ မလူးသာ၊ မလွန့်သာတဲ့ ဘဝ။ အဲ .... ဆရာကြီးစလေဦးပုညရဲ့ ရေသည်ပြဇာတ်ကို သိရမိလေ။ အမဲ့တကာ့ထွဋ်ခေါင်၊ ဖွတ်မင်းနောင်လို့ ဆိုဖွဲ့တဘောင်ပေါ်ခဲ့တယ်မဟုတ်လား။ ဒို့တိုင်းရင်းသားတွေရဲ့ မွဲတေအခြေမဲ့တဲ့ဘဝကို ကြိုမြင်အဆိုတင်ခဲ့တယ်ထင့်။

ခေတ်ကာလ ကလေးလူငယ်တွေဟာ ကျွန်ဝယ်ရာအစစ်ပါဆိုသလို ပညာရှာမှီးဖို့ဝေးစွ။ မဝရေစာစားရင်း ကျဆင်းနေတဲ့စာရိတ္တနဲ့ ချို့ယွင်းလာနေတဲ့ ကျန်းမာရေးအခြေအနေအောက်မှာ လူလုံးမလှရှာတဲ့အဖြစ်၊ စစ်ချက်မှတ်တမ်းက အချို့ဒေသတွင် ကလေးသူငယ်တရာမှာ နှစ်ဆက်လေးယောက်မျှ သေဆုံးနေရကြောင်း ထောက်ပြနေကြပြီ။ အဲ... ကလေးစစ်သားအဖြစ်၊ အတင်းသွပ်သွင်းခံရသူပေါင်း ခုနှစ်သောင်းကျော်ရဲ့ ဘဝဟာလဲ အားယူဆဲ။ အပင်ငယ်ကို အမြစ်မတွယ်နိုင်အောင် ဆွဲနှုတ်ယူထုတ်ခံရတဲ့သူတွေပဲပေါ့။ အမျိုးသမီးငယ်တွေရဲ့ဘဝဟာလဲ ထိုနည်းလည်းကောင်းလို့သာဆိုရမှာပါ။ အလုပ်သမားအရွယ်မှာ လုပ်စားစရာမဲ့တဲ့ဘဝနဲ့ မရေရာခြင်းလမ်းများထက်မှာ တွေ့ရက်စရာမရှိ။ အဲဒီလို အလုပ်လက်မဲ့မှုဒဏ်တွေကို တွန်းလှန်ရင်း တိုင်းတပါးပြည်ကို ကျော်နင်းတဲ့အထိ သတ္တိရှိကြတဲ့ ရွှေပြောင်းမြန်မာအလုပ်သမား တသန်းကျော်တို့ရဲ့ အနာဂတ်မဲ့ မျှော်လင့်ချက်တို့ကလဲ မုန်တိုင်းအလယ်က လှေငယ်လို အကာကွယ်နဲ့ ဝေးလေရဲ့။ နှိပ်စက်ကလူမှုတွေနဲ့ ရက်စက်စွာလူမဆန်မှုတွေကြောင့် TBBC စစ်တမ်းမှာပေါ်ခဲ့တဲ့ ၂၀၀၅ ခုနှစ်ရဲ့ နအဖစစ်တပ် ထိုးစစ်တွေမှာကျေးရွာ (၂၃၂) ရွာကွယ်ပျောက်ရ။ တိုင်းရင်းသား (၂၇,၀၀၀) ကျော် အိမ်မဲ့ရပြီး၊ အပြစ်မဲ့ရွာသား (၃၉) ဦး အသတ်ခံခဲ့ရသတဲ့။ နောက်ဆုံး (၁၀) စုနှစ်အတွင်း ပုန်းရှောင်ဒုက္ခသည်ပေါင်း ငါးသိန်း၊ ပျက်စီးရွာပေါင်း (၃,၀၀၀) ကျော်နဲ့ နောက်ထပ်ပြည်တွင်းဒုက္ခသည် (၈၂,၀၀၀) ကျော်အထိ၊ တိုးလာတဲ့အဖြစ်ဟာ ရက်စက်ယုတ်မာမှုတွေရဲ့ သာဓကတွေပဲမဟုတ်လား။ တဘက်နိုင်ငံ နယ်စပ်ဒုက္ခသည်စခန်းကိုးခုမှာ စစ်ဘေးဒုက္ခသည် (၁၂၀,၀၀၀) ကျော်ရပ်တည်နေကြရတာလဲ ပစ်မလွဲတရားခံ နအဖကြောင့်ပဲပေါ့ဗျာ။

မဝေးသေးတဲ့ လူထုဒီမိုကရေစီတိုက်ပွဲမှာလဲ မျက်နှာမွဲပြည်သူတွေ ခဲလေသမျှ သဲရေကျစေတဲ့အထိ နည်းမျိုးစုံနဲ့ တိုက်ထုတ်ပစ်ခဲ့တဲ့ ဆရာအာဋ္ဌာဝက တို့လူစုဟာ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ အရှက်ကွဲခဲ့ရတာလဲ မနည်းတော့ပါဘူး။ ကုလသမဂ္ဂရဲ့ (၆၂) ကြိမ်မြောက်အထွေထွေညီလာခံမှာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသား (၁၂၀၀) နီးပါးရှိကြောင်း တိုင်းရင်းသားနယ်မြေတွေမှာ လူမသိ၊ သူမသိ၊ အဖမ်းခံထားရသူများ ရှိကြောင်း၊ အမျိုးမျိုးအကြပ်ကိုင် နှုတ်ထွက်စေခဲ့သူ NLD ပါတီဝင်ပေါင်း (၁,၀၃၈) ဦး ရှိကြောင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရှိကြောင်း ကုလသမဂ္ဂတာဝန်ရှိ သူရဲ့တင်ပြချက်ဟာ ကမ္ဘာမှာစာတင်တဲ့ ရာဇဝင်လူဆိုး ဖြစ်ကြောင်း ကြေညာမောင်းခတ်ခြင်းမဟုတ်ပေလား။ အဲ .... ဟုတ်လို့လဲကျော် သလို၊ ပုပ်လို့လည်း ပေါ်သပေါ့ဗျာ။

အင်း .... ဆရာအာဋ္ဌာဝကတို့ ဇာတ်တိုက်ကစားတဲ့ မီဒီယာများကတော့ ညီညာသလားမမေးနဲ့ဗျို့။ သူတို့ ဖော်ထုတ်ပြောဆိုနေတဲ့ ပျော်ရွှင်ခြင်းအတိ၊ တိုင်းရွှေပြည်ဟာ သရုပ်အမှန်ထုတ်ဖော်ဝေဖန်ကြစတမ်း ဆိုရင် မှန်းချက်နဲ့နှမ်းထွက်ကမကိုက်။ အနှီလူ့ဗာလတို့ရဲ့ ဖိနှိပ်ချုပ်ချယ်မှုအောက်မှာ ပြည်သူလူထုရဲ့ အတက်မက်ဆုံးအရာဟာ လွတ်လပ်ခြင်းရဲ့အရသာမဟုတ်လား။ ဒို့ပြည်သူတွေရဲ့ ယတ္တဘူတကျတဲ့ ပရမတ္တဆန္ဒဟာ အောင်ပွဲနိဂုံးအဆုံးသတ်မှာမုချ။ အဲ .... ပြည်သူ့မေတ္တာငတ်နေတဲ့ အမိုက်ကောင် လူ့ဗာလတွေအတွက်တော့ ပြုမိတဲ့အမှား အသချေ်အတွက် ပြည်သူ့ရှေ့မှာ ဝန္တာမိတောင်းပန်ဝန် ချဖို့ပြင်ဆင်ထားကြပါလို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးကမတ် အဆုံးသတ်ပါရစေတော့ခင်ဗျား ....။

၂၇၊ နိုဝင်ဘာ၂၀၀၆။



သို့
အယ်ဒီတာရေ ..... .....

လိမ္မော်သီးချိန်မို့ သတိရမိတယ်။ ခုဆို ရှမ်းပြည်လိမ္မော်သီးတင်မကတော့ဘူး။ ရန်ကုန်နားမှာလည်း လိမ္မော်ခြံတွေနဲ့ ဖြစ်ကုန်ပြီ။ ရန်ကုန်မှာလိမ္မော်ထွက်လို့ စိတ်ဝင်စားတာနဲ့ မှော်ဘီဘက်ရောက်သွားခဲ့တယ်။ အဲ့ဒီမှာရှမ်းရွာတွေ အချို့လိမ္မော်တွေ စိုက်ပျိုးတာ အောင်မြင်ကြတယ်။ ကျနော်တို့ရှမ်းပြည်က လိမ္မော်လောက်တော့ သိပ်မချိုပေမဲ့ စားကောင်းပါတယ်။ လိမ္မော်ခြံကနေ ညောင်နှစ်ပင်စခန်းလို့ခေါ်တဲ့ နအဖညီလာခံကို လှမ်းမြင်နေရတယ်။ စစ်ရေးအမြင်နဲ့ လှမ်းပြီးစိတ်ကူးယဉ်တွက်ချက်လိုက်ရင် (၆၀–မမ) လက်နက်ကြီးနဲ့ဆို အိုကေလောက်တယ်။ မှော်ဘီမှာနေရင်း ညောင်နှစ်ပင်နဲ့ ပတ်သက်လို့ ကြားခဲ့ရတာကို ပြန်လည်ဝေငှလိုက်ပါတယ်။

မှော်ဘီဆက်သွယ်ရေးစာတိုက်က သူငယ်ချင်းနဲ့ဆုံဖြစ်တယ်။ သူကအခုဆိုရင် ညောင်နှစ်ပင်စာတိုက်မှာ ခေတ္တတာဝန်ထမ်းဆောင်နေတယ်။ လုပ်ငန်းအကြောင်းမေးမြန်းရင်း ညောင်နှစ်ပင်က အကြောင်းစုံကိုသိခဲ့ရတယ်။ ညောင်နှစ်ပင်ညီလာခံ တာဝန်ကျဝန်ထမ်းတွေထဲမှာ ဆက်သွယ်ရေးပါဆယ်ဌာနဟာ အပင်ပမ်းဆုံးတဲ့။ နေ့တိုင်းလိုလို ညသန်းခေါင် (၂) နာရီထိအလုပ်လုပ်ကြရလို့ (ILO) ကိုတိုင်ချင်နေကြတယ်။ ညောင်နှစ်ပင်မှာ ညီလာခံကိုယ်စားလှယ်တွေအတွက် ဈေးဆိုင်တွေဖွင့်ထားပေးတယ်။ စက်မှု (၁) ဝန်ကြီးဌာနက 'ဝင်းသူဇာ' ဆိုင်တို့ဆိုရင် ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းပေးတယ်လေ။ မုံရွာစောင်တွေဆိုရင် အပြင်ပေါက်ဈေးက ကျပ် (၄၅၀၀) ရှိတဲ့အချိန်မှာ ကိုယ်စားလှယ်တော်တွေကို (၂၅၀၀) ကျပ်နဲ့ပဲရောင်းပေးတယ်။ ပုဆိုးအထည်တွေဆိုရင်ကျပ် (၇၅၀) နဲ့ရောင်းပေးတယ်၊ ပုဆိုးက အပြင်ပေါက်ဈေး (၂၀၀၀) အထက်ရှိတယ်လေ။ ဒါကြောင့် ကိုယ်စားလှယ်တော်တွေဟာ စောင်တွေ၊ ပုဆိုးတွေနဲ့ အခြားအထည်တွေကို ဝယ်ယူထုတ်ပိုးပြီး အိမ်ကိုပို့ကြတယ်။ အိမ်ကိုပို့တယ်ဆိုပေမဲ့ အိမ်အတွက်တထည်၊ နှစ်ထည်မဟုတ်ပါဘူး။ (၁၀) ထည် အထက်ရှိတယ်။ အိမ်ကိုထုတ်ပိုးပြီး ပြန်ရောင်းစားခိုင်းတယ်။ ဒါကြောင့် တစ်နေ့ထက်တစ်နေ့ သူတို့ပါဆယ်ဌာနကကိုယ်စားလှယ်တော်တွေရဲ့ ပါဆယ်ထုတ်တွေကို ထုတ်ပိုးလိုက်ရတာ ညသန်းခေါင်ကျော် အချိန်အထိပဲတဲ့။ မဟုတ်ဘူးတဲ့၊ အချိန်ပြည့် 'ဘား' ဆိုင်မှာ အရက်ကိုအတူတူ သောက်နေကြတယ်တဲ့။ ရန်လုံးဝမဖြစ်ကြပဲ မိတ်ဖွဲ့ပေါင်းသင်းနေလိုက်ကြတာ လူအများက 'သူတို့သေနတ်ကိုင်အဖွဲ့အချင်းချင်းပေါင်းပြီး အနာဂတ်မြန်မာနိုင်ငံတော်မှာ တိုင်းပြည်အဆီအနှစ်ကို မျှဆို့ကျန်တဲ့ အရိုးအရင်းကိုတော့ ကြံ့ဖွတ်နဲ့ ငါတို့လိုထောက်ခံတဲ့သူတွေကို ကျွေးမဲ့သဘောရှိတယ်'လို့ ထင်ကြေးပေးနေကြတယ်။ ညီလာခံကမပြီးသေးဘူး ခုကတည်းက အဝေမတည့်ဖြစ်နေကြတယ်။

နေ့စဉ်ကျွေးမွေးတာကို မေးကြည့်တဲ့အခါမှာလည်း သူငယ်ချင်းကပြောပြလို့ ကျနော် ပြည်သူတွေ ကိုယ်စားဒေါသထွက်မိချထားပေးတယ်။ နေ့လည် (၂) နာရီမှာဆိုရင် ညီလာခံကိုခေတ္တနားပေးပြီး အအေးနဲ့ စားစရာထပ်ကျွေးပြန်တယ်။ ညစာဆိုရင် လည်းဟင်းခွက်က (၁၀) ခွက်လောက် ပြင်ဆင်ကျွေးမွေးတယ်။ ဒီမှာတွက်ခြေကိုက်နေတာက စားဖိုဆောင်ကဝန်ထမ်းတွေပဲ နေ့တိုင်းစားစရာနဲ့ထမင်းဟင်းတွေဟာ ပိုလျှံလို့ ဝက်စာအဖြစ်သယ်ထုတ်သွားတာ ဒိုင်နာကားအပြည့်လောက်ရှိတယ်လေ။ ခုဆိုညောင်နှစ်ပင်ဝန်ထမ်းတွေမွေးတဲ့ ဝက်တွေဆိုရင် အဆီတအစ်အစ်နဲ့ ရန်ကုန်ဝက်သားဈေးကွက်မှာ အရောင်းသွက်နေတယ်။

ညောင်နှစ်ပင်ညီလာခံအတွက် တစ်နေ့ဈေးသုံးချက်ပြုတ်စရိတ်ဟာ ကျပ်သိန်း (၁၀၀) ကြောင့်တုန်ရီနေတဲ့ခြေလှမ်းနဲ့ ကိုယ်စားလှယ်တော်တွေ၊ ဆံပင်ကိုကောက်လိုက်၊ ဖြောင့်လိုက်နဲ့ နေ့စဉ်အသွင်ပြောင်းနေတဲ့ ကိုယ်စားလှယ်တော်အန်တီမမတွေ အားလုံးလိုလိုဟာ ညပိုင်းက ပင်ပမ်းထားတဲ့အရှိန်ကြောင့် မျက်နှာမသာမယာတွေနဲ့တဲ့။ ညီလာခံမှာ ကော်မရှင်ဥက္ကဋ္ဌက ဘယ်လိုအခြေခံမူတွေချမှတ် ချမှတ်သူတို့ကအိပ်ငိုက်နေကြတော့ ခေါင်းကညိတ်ပြီးသားဖြစ်သွားတာကို ရုပ်မြင်သံကြားမှာ တွေ့နိုင်ပါတယ်တဲ့။ ကျနော့်သူငယ်ချင်းက အထဲမှာအနီးကပ်မြင်ရတော့ ယိုယိတာပေါ့။ ဒါကြောင့်ခုဆို ညီလာခံစုံညီအစည်းအဝေးမှာ လက်ညှိုးမထောင်ရတော့ပဲ ခေါင်းညိတ်တဲ့ စနစ်ကိုကော်မရှင်က ပြဌာန်းပေးထား



# ညောင်နှစ်ပင်အကြောင်း တစေ့တစောင်း

မင်းလွင် (ရှမ်းပြည်)

တယ်တဲ့။

ဒါကြောင့် အန်ကယ်တို့မီဒီယာတွေက ပြည်ပရောက်ဒီမိုကရေစီအင်အားစုတွေကို ပြောပြပေးပါ။ ညောင်နှစ်ပင်ညီလာခံဟာ လက်ညှိုးထောင်၊ ခေါင်းညိတ်ဆိုတာမဟုတ်ပါဘူး။ ခေါင်းတမျိုးတည်း ညိတ်ရတာပါလို့။ ညောင်နှစ်ပင်မှာ တကယ်ဖြစ်နေတာက ပျော်ရွှင်စရာ သုခဘုံဗိမ္မာန်လေးပါ။ ဘယ်လိုပစ္စည်းမဆို ဈေးနှုန်းချိုသာစွာနဲ့ လိုချင်တာရတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ သွားကျိုးနေတဲ့ ကိုယ်စားလှယ်တွေကိုတောင် အခမဲ့သွားအတုစိုက်ပေးတယ်။ သွားတချောင်းဈေးနှုန်းက အပြင်ပေါက်ဈေးနဲ့ဆို (၃၀၀၀၀) ကျပ်ဆိုတော့ အရမ်းသက်သာတယ် မဟုတ်လား။ ဆေးဝါးဆိုတာအပြည့်အစုံရှိတယ်။ ကျနော်ထင်ပါတယ်၊ ကိုယ်စားလှယ်တော်တွေကတော့ ညီလာခံကြီးနောက်ထပ် (၁၀) နှစ် ကြာပါစေလို့ ဆုတောင်းနေဦးမှာပါ။

**ညီလာခံတခုလုံးကထွက်လာတဲ့ အဆို ပြုချက်တွေ၊ ချမှတ်ချက်တွေ၊ အကြံပြုချက်တွေ အစရှိတဲ့ စာစောင်တွေဟာဆိုရင် အမှိုက်ပုံးထဲမှာတင် စွန့်ပစ်ထည့်ထားတာကို အမှိုက်သိမ်းသန့်ရှင်းရေး ထောက်လှမ်းရေးအဖွဲ့က ကန်ထရိုက်ယူထားတယ်။**

အဲဒီအချိန်အထိသူတို့လိုပဲ မအိပ်ပဲနေတဲ့သူတွေရှိတယ်တဲ့။ အဲ့ဒါကတော့ ကာရာအိုကေဆိုင်မှာ အသံပြဲကြီးနဲ့ သီချင်းဆိုနေကြတဲ့ ကိုယ်စားလှယ်တော် ဘဘတွေ၊ ဗြူတီပါလာအလှပြင်ဆိုင်မှာ ပေါင်းတင်၊ ဆံပင်ကောက်၊ ဆံပင်ဖြောင့်နဲ့ အလှခြယ်သနေကြတဲ့ ကိုယ်စားလှယ်တော် အန်တီမမတွေ၊ နောက်ထူးဆန်းတာက တချိန်ကစစ်မြေပြင်မှာ တိုက်ခိုက်သတ်ဖြတ်ခဲ့ကြတဲ့ ကိုယ်စားလှယ်တော်စစ်ဗိုလ်အရာရှိတွေနဲ့ ငြိမ်းချမ်းရေးအဖွဲ့က ကိုယ်စားလှယ်တော်တွေပါပဲ။ သူတို့ကတော့ ကာရာအိုကေရုံတို့၊ ဘီလိယက်ခုံတို့ကို စိတ်ဝင်စားတာတယ်။ နေ့စဉ်နေ့တိုင်း ကျွေးမွေးတာကဒီလို အန်ကယ်ရဲ့.....

နံနက်ဆိုရင် မုန့်ဟင်းခါး၊ နန်းကြီးသုပ်၊ လက်ဖက်ရည်၊ ကောက်ညှင်းပေါင်းနဲ့အကြော်၊ ထောပတ်ထမင်း၊ သတ်သတ်လွတ် ပေါင်မုန့်၊ မီးဖုတ်စုံနေတာပဲတဲ့။ ကြိုက်ရာယူစားတဲ့စနစ်ဆိုတော့ ဖွယ်ဖွယ်ရာရာပြင်ဆင်ပေးတယ်လေ။ နေ့လည်စာဆိုရင် အသားဟင်းက (၄) မျိုးပါတယ်။ သတ်သတ်လွတ်အတွက်လည်း အထူးစီမံထားပေးတယ်။ ထမင်းစားဝိုင်းဟာ ဟင်းခွက်ပေါင်း (၁၀) ခွက်အထက်ရှိပြီး၊ အချိုစာအဖြစ်လည်းသစ်သီးစုံနဲ့ မုန့်မျိုးစုံဝန်းကျင်ရှိတယ်။ ကိုယ်စားလှယ်တော်တွေက (၁၀၇၇) ဦး၊ ဝန်ထမ်းအင်အားက (၄၀၀)၊ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့က (၅၀) နဲ့ သန့်ရှင်းရေးဝန်ထမ်း ဟန်ဆောင်ထားတဲ့ ထောက်လှမ်းရေးက (၅၀) ဆိုတော့ လူအင်အားက (၁,၅၀၀) ကျော်ရှိတယ်လေ။

ညီလာခံတခုလုံးကထွက်လာတဲ့ အဆိုပြုချက်တွေ၊ ချမှတ်ချက်တွေ၊ အကြံပြုချက်တွေ အစရှိတဲ့ စာစောင်တွေဟာဆိုရင် အမှိုက်ပုံးထဲမှာတင် စွန့်ပစ်ထည့်ထားတာကို အမှိုက်သိမ်းသန့်ရှင်းရေး ထောက်လှမ်းရေးအဖွဲ့က ကန်ထရိုက်ယူထားတယ်။ တပတ်မှာ အဲ့ဒီစာတမ်း၊ စာစောင်တွေကို စက္ကူပိဿာချိန်နဲ့ ပြန်ရောင်းစားတာ လက်စွပ်ငါးမူးသားဝယ်ဝတ်လို့ရတယ်တဲ့။ ညောင်နှစ်ပင်ဝန်ထမ်းတွေထဲမှာ တွက်ချေကိုက်နေတာက စားဖိုဆောင်ဝန်ထမ်းနဲ့ သန့်ရှင်းရေးအမှိုက်သိမ်းထောက်လှမ်းရေးတွေပါ။ ကျန်တဲ့ဝန်ထမ်းတွေကကျွေးတာစားရပြီး ခိုင်းတာကိုလုပ်နေရတာ လုံးဝမမျှတာဘူးတဲ့။ သူငယ်ချင်းကတော့ အမှိုက်ပုံးထဲက ဂျော်နီလမ်းလျှောက် အရက်ပုလင်းကို ဆီပုလင်းလုပ်ဖို့ဆိုပြီး ယူပြန်နေတာ ခုဆို ပုလင်းကြီး (၆) လုံး၊ ပုလင်းငယ် (၁၀၄) လောက်ရနေပြီ။

နံနက်ညီလာခံစပြီဆိုရင် အိပ်ရေးမဝတဲ့မျက်နှာနဲ့ ကိုယ်စားလှယ်တော်တွေ၊ အသံဝင်နေတဲ့ကိုယ်စားလှယ်တော်တွေ၊ အရက်ဒဏ်

သတိရလျှက်
မင်းလွင် (ရှမ်းပြည်)
ရက်စွဲ။ ။နိုဝင်ဘာ ၂၇၊ ၂၀၀၆။

မှတ်ချက်။ ။ မှော်ဘီကအပြန် အမှတ် (၅၁) ဘတ်စ်ကားကိုစောင့်နေတုန်း ခန္ဓာကိုယ်ပိန်ကပ်နေပြီး အားအင်ချည့်နဲ့နေတဲ့ သူတောင်းစားကလေးတွေကိုမြင်တော့ ညောင်နှစ်ပင်မှာ နိုင်ငံတော်စရိတ်နဲ့ကျွေးမွေးပြီး ပိုလျှံနေတဲ့အစားအစာတွေကို ဝက်စာအဖြစ်ယူဆောင်သွားတဲ့ ဒိုင်နာကားကြီးကို မျက်စိထဲပြန်လည်မြင်ယောင်မိတယ်။ ဒီလိုနဲ့ ဒေါသထွက်ပြန်ခဲ့တဲ့ကျနော်ဟာ အယ်ဒီတာ့အတွက်လိမ္မော်သီးတောင် မဝယ်ခဲ့ရဘူး။

■


BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

**စာမျက်နှာဖွဲ့စည်းမှု**
မိုးဦးဝတ်ရည်၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com


ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအဲတုမှ ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ဟံသာဝတီဦးဝင်းတင်အား ဆုချီးမြှင့်



ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က မြန်မာနိုင်ငံမှ ဝါရင့်သတင်းစာဆရာကြီး ဦးဝင်းတင်အပါအဝင်၊ ကျူးဘားသတင်း စာဆရာတဦး၊ ရုရှားသတင်းစာတစောင်၊ ကွန်ဂိုမှ သတင်းထောက်များအဖွဲ့တို့ကို ဆုချီးမြှင့်ကြောင်း ဒီဇင်ဘာလ (၁၂) ရက်နေ့က ကြေညာသည်။

နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နှင့် ပုဂ္ဂလိကအဖွဲ့အစည်းတခုဖြစ်သော Fondation de France တို့က ပူးတွဲချီးမြှင့်လေ့ရှိသော အဆိုပါဆုသည် သတင်းစာဆရာများ၊ သတင်းအဖွဲ့အစည်းများ၊ သတင်းလွတ်လပ်ခွင့် အတွက်တိုက်ပွဲဝင်သူများ၊ အင်တာနက်ပေါ်မှတိုက်ပွဲဝင်သူများကို နှစ်စဉ်ပေးအပ်လေ့ရှိသည်။ ဆုတဆု၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂,၉၀၀) ဖြစ်သည်။

ယခုနှစ်အတွက် ဆုချီးမြှင့်ခံရသူ (၄) ဦးအနက် မြန်မာပြည်မှ အသက် (၇၆) နှစ်အရွယ် ဟံသာဝတီ ဦးဝင်းတင်လည်းပါဝင်သည်။ (၁၉၇၉) ခုနှစ်ကတည်းက မတရားထောင်ဒဏ်ချမှတ်ခံနေရသော ဟံသာဝတီသတင်းစာအယ်ဒီတာချုပ် ဦးဝင်းတင်သည် အရှေ့တောင်အာရှတွင် သက်တမ်းအရှည်ကြာဆုံး နိုင်ငံရေးအကျဉ်းသားတဦးလည်း ဖြစ်သည်။

အောက်တိုဘာ (၇) ရက်နေ့က အသတ်ခံလိုက်ရသော ရုရှသတင်းထောက် Anna Politkovskaya အလုပ်လုပ်ခဲ့သော Novaya Gazeta လည်း ယခုနှစ် ဆုရသူများစာရင်းတွင်ပါဝင်သည်။ တပတ်နှစ်ကြိမ် ထုတ်ဝေသော အဆိုပါသတင်းစာသည် ရုရှအုပ်ချုပ်ရေးစနစ်အတွင်း အကျင့်ပျက်ချစားမှုများကို အစဉ်တစိုက်စုံစမ်းဖော်ထုတ်ခဲ့ကြောင်း နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ဆိုသည်။

အလားတူ ကွန်ဂိုနိုင်ငံမှ Journalist in Danger သတင်းထောက်များအဖွဲ့အစည်းကိုလည်း အရှေ့တောင်အာရှတွင် သတင်းစာလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဆုချီးမြှင့်ခဲ့သည်။

လွတ်လပ်သော Cubanacan Press မှ ညွှန်ကြားရေးမှူး Guillermo Farinas Hernandez ကိုလည်း ယခုနှစ်အတွက် အင်တာနက်မီဒီယာမှတဆင့် ဆန့်ကျင်လှုပ်ရှားသူ ဆုချီးမြှင့်ခဲ့သည်။ Farinas Hernandez သည် ဖေဖော်ဝါရီလအတွင်းက ကျူးဘားနိုင်ငံတွင် အင်တာနက် မီဒီယာလွတ်လပ်ခွင့်အတွက် အစာငတ်ခံဆန္ဒပြခဲ့သည်။ ဖိနှိပ်သော ကျူးဘားအာဏာပိုင်များက အစာငတ်ခံဆန္ဒပြမှုကို အတင်းအကြပ်ရပ်ပစ်စေခဲ့သော်လည်း Hernandez သည် ဩဂုတ်လမှစ၍ နှလုံးနှင့် ကျောက်ကပ်ရောဂါ ဆိုးဆိုးရွားရွား ခံစားနေရသည်။

❖

# အမေမာ၏ (၉၁)နှစ်ပြည့်မွေးနေ့အခမ်းအနား တောင်လေးလုံး ကျောင်းတိုက်တွင် ကျင်းပခွင့်မရ



လူထုဒေါ်အမာ၏ မွေးနေ့မတိုင်မီရက်များအတွင်း မွေးနေ့ကျင်းပရာ မန္တလေးမြို့ တောင်လေးလုံးကျောင်းတိုက် ဆရာတော် (ဦးပညာနန္ဒ) ကို အာဏာပိုင်များက ဖိအားပေးခဲ့သဖြင့် လူထုချစ်ခင်ကြည်ညိုသော စာရေးဆရာမကြီး၏ (၉၁) နှစ်ပြည့်မွေးနေ့ကို တောင်းလေးလုံးကျောင်းတွင် ယခုနှစ် မကျင်းပနိုင်ကြောင်းသိရသည်။

နိုဝင်ဘာ (၂၉) ရက်နေ့ရောက်တိုင်း မြန်မာပြည်အရပ်ရပ်မှ စာရေးဆရာများ လာရောက်စုဆုံကြသော တောင်သမန်အင်းစောင်း၊ တောင်လေးလုံး ကျောင်းတိုက်အနီးတွင် မွေးနေ့ပွဲမတိုင်မီရက်များအတွင်း စစ်တပ်များ လာရောက်တပ်စွဲခဲ့ပြီး၊ ဆရာတော် (ဦးပညာနန္ဒ) ကိုလည်း အာဏာပိုင်များက စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးစုံစမ်းမေးမြန်းမှုများပြုလုပ်ခဲ့သည်။

အမေမာ၏သားဖြစ်သူ စာရေးဆရာ ညီပုလေးက "ဆရာတော်မကြွနိုင်ဘူးခင်ဗျ။ ဧည့်သည်တချို့က အမရပူရမှာ ရောက်နေတာလည်းရှိတယ်။ တချို့က ဒီဘက်မှာလုပ်မှန်းမသိလို့ ဆရာတော့်ကျောင်းသွားတဲ့ ပုဂ္ဂိုလ်ကလည်းသွားကြတော့ ဆရာတော်က ကျောင်းမှာနေရင်းနဲ့ လမ်းညွှန်ရပါတယ်ခင်ဗျ" ဟု ယခုနှစ် မွေးနေ့ပွဲသို့ (ဦးပညာနန္ဒ) ရောက်မလာနိုင်ရခြင်းအကြောင်းကို ရှင်းပြသည်။

အမေမာ၏အသက် (၇၀) ပြည့်မွေးနေ့ကစ၍ နှစ်စဉ်မွေးနေ့အခမ်းအနားကျင်းပခဲ့ရာ တောင်လေးလုံးကျောင်းတွင် အဟန့်အတား၊ အနှောင့်ယှက်များရှိနေသဖြင့် မန္တလေးမြို့ရှိ အမေမာ၏သမီး စာရေးဆရာမ ဒေါက်တာမြမြဇွှာနေအိမ်တွင် မွေးနေ့ရှင်နှင့် လာရောက်ဂါရဝပြုသူများတွေ့ ဆုံနိုင်ခဲ့သည်။

အာဏာပိုင်များသည် အကျဉ်းရုံးတွေ့ဆုံပွဲကိုပင် အလွတ်မခံဘဲ၊ ဝင်ရောက်စောင့်ကြည့်နေပြီး ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်းများပြုလုပ်ခြင်းဖြင့် အားလုံးကိုစိတ်အနှောင့်အယှက်ပေးခဲ့ကြောင်း မွေးနေ့ပွဲတက်ရောက်သူများကပြောသည်။

ယမန်နှစ်ကပြုလုပ်သော အမေမာ၏အသက် (၉၀) ပြည့်နေ့အခမ်းအနားသို့ သတင်းစာဆရာများ၊ စာရေးဆရာများ အပြင် (၈၈) လေးလုံးမျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုမင်းကိုနိုင်နှင့် ကိုကိုကြီးတို့ တက်ရောက်ခဲ့သော်လည်း ယခုနှစ်တွင်အဖမ်းခံနေရသော ကျောင်းသားခေါင်းဆောင်များ၏ ရဲဘော်ရဲဘက်တဦးဖြစ်သူ ကိုမြအေးနှင့် (၈၈) မျိုးဆက်တချို့ လာရောက်ဂါရဝပြုခဲ့သည်။

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုမြအေးက"တကယ်ပြောမယ်ဆိုလို့ရှိရင် ဒါအင်မတန်ကြီးမြတ်တဲ့ အမေ့ရဲ့သမိုင်းကိုဂုဏ်ပြုတဲ့မွေးနေ့ပွဲပါ။ ဒီမွေးနေ့ပွဲမှာ ဒီလိုမျိုးဖြစ်တယ်ဆိုတာတော့ တော်တော်လေးလည်း စိတ်မကောင်းဖြစ်မိတယ်ပေါ့ဗျာ။ ဒါနိုင်ငံရေးလှုပ်ရှားမှုမှမဟုတ်တာဗျာ" ဟုပြောသည်။

မွေးနေ့ပွဲတွင် ကွယ်လွန်သူထိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းနှင့် အမေမာ၏မိတ်ဆွေအရင်းအခြာများဖြစ်သောတော်ဘုရားလေး ဦးအောင်ဇေ၊ ရုပ်ရှင်မင်းသား ကြီးဦးထွန်းဝေနှင့် အကျဉ်းကျခံနေရသော သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်တို့ကို အားလုံးကသတိတရရှိနေကြသည်။

အာဏာပိုင်များသည် အမေမာ၏မွေးနေ့အခမ်းအနားကို ကျင်းပခွင့်မရအောင် အနှောင့်အယှက်ပေးခဲ့ခြင်းအပြင်၊ မွေးနေ့မတိုင်မီတလခန့်ကလည်း တောင်လေးလုံးကျောင်းတိုက်တွင် စိုက်ထူထားသော ဒေါက်တာသန်းထွန်းနှင့် မင်းသားကြီးထွန်းဝေတို့၏ အမှတ်တရကျောက်တိုင်များကို ဗုဒ္ဓဘာသာဓလေ့နှင့်မကိုက်ညီဟု အကြောင်းပြကာ ဖယ်ရှားခဲ့သည်။

စာနယ်ဇင်းသမားများတက်ရောက်လေ့ရှိသော အမေမာ၏မွေးနေ့ ကျင်းပခွင့်ပိတ်ပင်ခံရခြင်းကို ပြင်သစ်အခြေစိုက် နယ်စည်းမခြားသတင်းထောက်များအဖွဲ့နှင့် ပြည်ပအခြေစိုက် မြန်မာ့သတင်းသမဂ္ဂတို့ကို ရှုတ်ချလိုက်သည်။

ထိုင်းမြန်မာနယ်စပ်ရောက် စာပေဝါသနာရှင်များက ဦးစီးကျင်းပသော အမေမာ၏မွေးနေ့အခမ်းအနားတွင် အမေမာအတွက် ကဗျာရွတ်ခြင်း၊ မွေးနေ့ဆုတောင်းပေးခြင်းတို့ဖြင့် အဝေးမှဂါရဝပြုခဲ့ကြသည်။

အဝေးရောက်သားသမီးများအတွက် အမေ၏ မွေးနေ့ဩဝါဒတွင် အချင်းချင်းချစ်ချစ်ခင်ခင်ရှိကြရန်၊ တိုင်းပြည်အကျိုးအတွက် ညီညီညွှတ်ညွှတ်ဆောင်ရွက်ကြရန်မှာကြားသည်။

လူထုဒေါ်အမာသည် အင်္ဂလိပ်ကိုလိုနီခေတ်၊ တက္ကသိုလ်ကျောင်းသူဘဝမှ ယနေ့အထိ ခေတ်အဆက်ဆက် တိုင်းပြည်နှင့်လူမျိုး လွတ်မြောက်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှ မားမားမတ်မတ်ရပ်ပြီး တိုက်ပွဲဝင်ခဲ့သော နိုင်ငံရေး၊ စာပေ၊ ဩဇာ–ကျေးဇူးကြီးမားသူဖြစ်သည်။ ❖



# လုံခြုံရေးကောင်စီ၏ မြန်မာ့အရေးဆုံးဖြတ်ချက် အမေရိကန်ကအဖွဲ့ဝင်များထံအဆိုပြုနေ

ဒီဇင်ဘာ (၁၄)၊ အေအက်ဖ်ပီ

နအဖစစ်အကျဉ်းထောင်အတွင်းရှိ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးနှင့် စစ်မြေပြင်တွင် အမျိုးသမီးများအား မုဒိမ်းကျင့်ခြင်းကို လက်နက်တခုအနေဖြင့် အသုံးပြုမှုကို ရပ်တန့်ပေးရန် တောင်းဆိုထားသော မူကြမ်းကိုအမေရိကန်က လုံခြုံရေးကောင်စီဝင်များထံ တင်ပြထားသည်။

"မြန်မာပြည်က အခြေအနေအရပ်ရပ်ဟာ ဆိုးရွားကျဆင်းလာနေပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် စိုးရိမ်စရာကောင်းလာတာကို ပြသနေပါတယ်" အဆိုပါမူကြမ်းတွင် ထည့်သွင်းရေးသားထားသည်။

နအဖတပ်၏ တိုင်းရင်းသားဒေသများတွင် အပြစ်မဲ့ပြည်သူများပစ်မှတ်ထားတိုက်ခိုက်နေသော ထိုးစစ်ဆင်မှုများနှင့် စစ်မြေပြင်တွင် အမျိုးသမီးများကို မုဒိမ်းကျင့်သည့်ကိစ္စကို လက်နက်တခုသဖွယ် အသုံးပြုနေမှုများကိုရပ်တန့်ပေးရန် မူကြမ်းက တောင်းဆိုထားသည်။

ဆက်လက်၍ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လှုပ်ရှားခွင့်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်နိုင်ငံရေး အကျဉ်းသားများခြွင်းချက်မရှိလွှတ်ပေးရေး၊ နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံသားများအပေါ် ချုပ်ခြယ်ကန့်သတ်မှုများအားလုံးကို ရုပ်သိမ်းပေးရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားအတိုက်အခံပါတီရုံးများကို ပြန်ဖွင့်ခွင့်ပေးရေးတို့ကိုလည်း တိုက်တွန်းထားသည်။ ❖